# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ဖွားစီးတိုးအောင် အားထုတ်

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွားတိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၀ ခုနှစ် တန်ခူးလပြည့်ကျော် ၁ ရက်၊ စနေနေ့။ Saturday, 20 April 2019 ၉၆၂၅


ကြေးမုံ နိုင်ငံတော်အစိုးရ ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

## ပြည်သူ့အတွက် တတိယ (၁)နှစ်တာအချပ်ပို ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ တတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၄)မျက်နှာဖြင့် ဖော်ပြထားပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

၁၉-၄-၂၀၁၉

| | | |
|---|---|---|
| ညောင်ဦး | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ချောက် | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မုံရွာ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ဂန့်ဂေါ | ၄၃ | ဒီဂရီစင်တီဂရိတ် |
| ပေါက် | ၄၃ | ဒီဂရီစင်တီဂရိတ် |

## ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံရှိဟိုတယ်များ ကြယ်ပွင့်အဆင့်အတန်း သတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကျင်းပ**

စာမျက်နှာ » ၈

..................

**အင်ဒိုနီးရှား ရွေးကောက်ပွဲတွင် အနိုင်ရရှိသည်ဟု ဂျိုကိုဝီဒိုဒိုနှင့် ဆူဘီယန်တိုတို့က အပြိုင်အဆိုင် ပြောကြားလျက်ရှိ**

စာမျက်နှာ » ၁၂



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆေးရှဲလ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E.Mr.Vincent Meriton အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဆေးရှဲလ်သမ္မတနိုင်ငံ ဒုတိယသမ္မတအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ အလွတ်သဘောလာရောက်လည်ပတ်လျက်ရှိသည့် ဆေးရှဲလ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E.Mr.Vincent Meriton အား ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အဆောင်(အေ)၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




# ကြေးမုံ

## ဈေးကွက်ထိုးဖောက်နိုင်ရေး သင်ခန်းစာယူ

မြန်မာနိုင်ငံမှဟုဆိုသော ဆန်များအား အာဖရိကနိုင်ငံတစ်နိုင်ငံဖြစ်သည့် အိုင်ဗရီကိုစ့်တွင် စွန့်ပစ်ဖျက်ဆီးခဲ့သည်ဟူသော သတင်းတစ်ပုဒ် ဧပြီလ ၁၇ ရက်နေ့က အာဖရိကန်သတင်းတွင် ဖော်ပြခဲ့ပြီးနောက် သတင်းစာမျက်နှာအများအပြားတွင် ပျံ့နှံ့ခဲ့သည်။ ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူသူက မနှစ်သက်သဖြင့် လက်မခံခြင်း၊ ပြန်လည်အပ်နှံခြင်း၊ စွန့်ပစ်ခြင်း၊ ဖျက်ဆီးခြင်းတို့မှာ ဖြစ်ရိုးဖြစ်စဉ်သဘောဖြစ်သော်လည်း ဈေးကွက်ပြိုင်ဆိုင်မှုပြင်းထန်သောအချိန်တွင် အထူးသတိပြု သင်ခန်းစာယူရမည့်အချက်ဖြစ်ပေသည်။

အိုင်ဗရီကိုစ့်အစိုးရက ၎င်းနိုင်ငံအတွင်း တင်သွင်းရောက်ရှိလာသည့် မြန်မာ့ဆန်တန်ချိန် ၁၈၀၀၀ ခန့်အား အန္တရာယ်ရှိသည့် စားသောက်ကုန်အဖြစ်သတ်မှတ်ခဲ့ပြီး ဖျက်ဆီးပစ်ခဲ့သည်ဟု နိုင်ငံတကာသတင်းစာမျက်နှာများတွင် ဖော်ပြချက်သည် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန် ဆန်ဈေးကွက်ကို ထိခိုက်နစ်နာမှုများစွာ ဖြစ်ပေသည်။ ရောင်းသူနှင့်ဝယ်သူ တိုက်ရိုက်အရောင်းအဝယ်သဘောအရ ကြိုက်ရောင်း၊ ကြိုက်ဝယ်ပြုလုပ်နိုင်သော်လည်း ယခုဆန်အရောင်းအဝယ်မှာ ကြားခံပွဲစားမှတစ်ဆင့် ရောင်းဝယ်ခြင်းသဘောဖြစ်၍ ပင်ရင်းဝယ်လက်မနှစ်သက်ပါက ပင်ရင်းကုန်ပစ္စည်းသာနာမည်ပျက်ဖွယ်ရှိပေသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ကနဦးသိရှိသောအချက်များအရ မြန်မာနိုင်ငံမှ ပြည်ပပို့ကုန် ၂၅ မှတ် ဆန်ကို ယမန်နှစ် အောက်တိုဘာလက တစ်ဆင့်ခံကုန်သည်မှ ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး ကြားခံပွဲစားနိုင်ငံမှတစ်ဆင့် အာဖရိကနိုင်ငံများသို့ သင်္ဘောတင်၍ ဆက်လက်ရောင်းချရာတွင် ယခုဧပြီလရောက်မှ ပြဿနာပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ ကုန်ပစ္စည်းဝယ်ယူရာတွင် အရည်အသွေးစစ်ဆေးမှု ခံယူပြီးမှ လက်ခံရသည်။ သင်္ဘောတင်စဉ်တွင် မိုးစိုခဲ့သည်ဟု ကြားသိရပြီး သင်္ဘောပေါ်တွင် အချိန်ကာလခြောက်လကျော် ကြာမြင့်စွာသိုလှောင်ထားခြင်း၊ အစိုဓာတ်ဝင်သဖြင့် အရည်အသွေးကျဆင်းပျက်စီးခြင်း၊ အရည်အသွေးမမီသောကုန်ပစ္စည်းကို မူရင်းနိုင်ငံသို့ ပြန်လည်မပို့ခြင်း စသည်တို့ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပပို့ကုန်တိုးတက်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ နာမည်ပျက်စေနိုင်သော ဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတကာမှ အမှန်သိရှိနိုင်အောင် အမြန်ဆုံးအသိပေးရမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ပြည်ပပို့ကုန် ဆန်တင်ပို့ရာတွင် နှစ်စဉ် နိုင်ငံပေါင်း ၅၀ ခန့်သို့ ဆန်မက်ထရစ်တန်ချိန် တစ်သန်းကျော်ကို ပို့ကုန်၊ သွင်းကုန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျတင်ပို့လျက်ရှိပြီး ယခုတစ်ဆင့်ခံကုန်သည်မှတစ်ဆင့် အာဖရိကနိုင်ငံများသို့ရောင်းချသည့် ဆန်တန်ချိန် ၁၈၀၀၀၏ ဖြစ်စဉ်အမှန်ကို သက်ဆိုင်ရာတို့က အချိန်မီ ကျယ်ကျယ်ပြန့်ပြန့်တုံ့ပြန်အသိပေးကြရမည်ဖြစ်သည်။

နိုင်ငံတကာသတင်းစာမျက်နှာတွင် မြန်မာနိုင်ငံမှတင်ပို့သည့်ဆန်များဖျက်ဆီးခံရခြင်းသတင်းသည် မြန်မာ့ဆန် ပြည်ပတင်ပို့မှုဈေးကွက်ကိုများစွာဂယက်ရိုက်စေသည်သာမက ပြည်ပဈေးကွက်ကို အားထားရသည့် အခြားသီးနှံကုန်ပစ္စည်းဈေးကွက်ကိုပါ ထိခိုက်နစ်နာမှုဖြစ်စေနိုင်ပါသည်။ ယခုဖြစ်စဉ်သည် ပြည်ပပို့ကုန်ဈေးကွက်နှင့်ပတ်သက်၍ သင်ခန်းစာယူဖွယ်ဖြစ်သည်။ အဓိကမှာ ကြားခံပွဲစားအားမကိုးဘဲ ဝယ်လက်နိုင်ငံနှင့် တိုက်ရိုက်ရရှိအောင် ခြေဆန့်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ပြည်ပပို့ကုန်နှင့်ပတ်သက်၍ ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်လျက်ရှိပြီး ကုန်ပစ္စည်းအရည်အသွေး၊ စံချိန်စံညွှန်း စစ်ဆေးရေးကို နိုင်ငံတကာအဆင့်မီဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်နေသည်ဟု သိရသည်။ ထို့အပြင် သင်္ဘောမတင်မီ၊ သင်္ဘောတင်စဉ် အရည်အသွေးစစ်ဆေးရေးအပိုင်းကိုလည်း ယခုထက်ပိုမိုကောင်းမွန်အောင် နည်းလမ်းရှာဖွေဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတကာဈေးကွက်တွင် ဈေးကွက်ယှဉ်ပြိုင်မှု ပြင်းထန်နေချိန်တွင် မိမိတို့၏ထုတ်ကုန်များ ဈေးကွက်တွင် မျက်နှာပန်းလှရေးသည် အရေးအကြီးဆုံးအချက်ဖြစ်၍ မိမိတို့ထုတ်ကုန်ပစ္စည်း၊ ပို့ကုန်ပစ္စည်းများနှင့်ပတ်သက်၍ ချွတ်ယွင်းချက်၊ အားနည်းချက်မဖြစ်စေရေး၊ ဈေးကွက်ဝယ်လက်ကို တိုက်ရိုက်တိုးချဲ့နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် မြန်မာကုန်သည်များအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းကိစ္စများညှိနှိုင်းဆွေးနွေး



**နေပြည်တော် ဧပြီ ၁၉**

ကမ္ဘာ့ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝ ဘေးအန္တရာယ်များနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးအဖွဲ့၏ အကြံပြုချက်များအပေါ် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ညှိနှိုင်းဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဦးဆောင်၍ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအရ အကြံပေးအဖွဲ့၏ အကြံပြုချက်များအပေါ် မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများဖြစ်သော ရေရှားပါးသည့်ဒေသများတွင် ရေပေးဝေရေး၊ ရေရရှိရေး ဆောင်ရွက်ပေးရန်လိုအပ်သည့် နေရာများဖော်ထုတ်ရေး၊ အသိပညာပေးလုပ်ငန်းများ၊ ဆောင်ရွက်ရေးနှင့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးဖော်ထုတ်ပြီး အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားနိုင်ရေးကို ဆက်လက်တင်ပြဆောင်ရွက်နိုင်ရေး၊ မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးရုံးများအနေဖြင့် မြေပြင်တွင် လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကွင်းဆင်းစိစစ်၍ ကာလအပိုင်းအခြားအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးတို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်မြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**မြောင် ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာဖတ်ဝိုင်း ပြုလုပ်ခြင်းကို ဧပြီ ၁၉ ရက် နံနက် ၁၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ထက်ထက်လင်းက စာဖတ်ဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဇော်ကိုကို(မြန်မာစာ)က စာရေးဆရာဆူးသစ်၏ "ခွန်အားရှိသော စာ၊ ခွန်အားရှိသော လူငယ်" စာအုပ်မှ "ခွန်အားရှိသောစာ" ဆောင်းပါးကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ "ခွန်အားရှိသောစာ" ဆောင်းပါးမှရရှိသော အတွေးအမြင်များအား စာရေးဆရာ မောင်စိမ်းနွယ်က "ဘဝဆိုတာ တိုက်ပွဲပါ၊ ဒါကြောင့် တက်ရောက်လာသူများအနေနဲ့ မိမိတို့ရဲ့ စိတ်ထဲမှာဖြစ်ပေါ်နေတဲ့ ရည်မှန်းချက်ကို ရရှိအောင်ကြိုးစားစေချင်ပါတယ်။ အားငယ်သိမ်ငယ်စိတ်တွေ မမွေးဘဲ ပန်းတိုင်ရောက်အောင် ကြိုးစားဆောင်ရွက်သွားစေလိုပါတယ်"ဟု ပြန်လည်ပြောကြား ဆွေးနွေးခဲ့သည်။ ထို့နောက် စာရေးဆရာ ထွန်းတောက်ကြယ်က "ဆရာဆူးသစ်ရဲ့ ခွန်အားရှိသောစာအကြောင်း ကြားသိခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများအတွက် ဆိုရင် စာညံ့နေတဲ့ ကလေးတစ်ယောက်ဟာ မပုကြွယ်နှင့် ခရုငယ် စာအုပ်မျိုးကို ဖတ်ခြင်းအားဖြင့် ကလေးများရဲ့စိတ်ဓာတ်ခွန်အား ဖြစ်စေပါတယ်။ လူတိုင်းမှာ ကြိုးစားချင်စိတ်ရှိမယ်ဆိုရင် အရာရာအောင်မြင်နိုင်ပါတယ်။ စာရေးဆရာမ ငွေတာရီရဲ့ သူ့မြေမှာ ဖြူပြာပွင့်ရင် ငါ့မြေမှာ နီဝါတင့်စေရမယ် ဆိုတဲ့အတိုင်း အခုတက်ရောက်လာသူများအနေဖြင့် ပြုမူဆောင်ရွက်ပြီး အသိပညာရရှိတိုးပွားစေမည့် စာအုပ်စာပေကောင်းများကို ဖတ်စေလိုပါတယ်"ဟု ပြန်လည်ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ကိုကို(မြောင်)**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွှေဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဧပြီ ၁၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၁၀၄၀၅၀၀ | - | ၁၀၄၀၅၀၀ |
| မန္တလေး(ရွှေဈေး) | ၁၀၄၀၅၀၀ | - | ၁၀၄၀၅၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၂၂.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၇၁၂.၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၂၇.၀၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၇.၈၁၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၆၈.၃၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၉၃၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၃၆၀.၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၃.၉၀ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၈၈.၉ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၂၃.၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၉၄၂၇

## စာရိတ္တမဏ္ဍိုင် ခိုင်မာအောင်

ကျွန်တော်တို့ ပြည်သူတွေအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကြိုးနီစနစ်တွေ၊ ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်း လှိုက်စားနေတဲ့ အဂတိလိုက်စားမှုတွေကို စနစ်တကျ တိုက်ဖျက်သွားပြီး ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားတွေရဲ့စာရိတ္တမဏ္ဍိုင်ကို ခိုင်မာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ကျွန်တော်တို့တွေ့ကြုံခဲ့ရတဲ့ အတိတ်ကအဖြစ်အပျက်တွေ၊ ကျော်လွှားဖြတ်သန်းခဲ့ရတဲ့ အကျပ်အတည်းတွေ၊ ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲတွေကို သင်ခန်းစာယူပြီး ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက် မိဘပြည်သူများ လိုလားတောင့်တနေကြတဲ့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကို မျက်ခြည်ပြတ်မခံဘဲ အဂတိတရားကင်းရှင်းစွာဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## တန်းတူရည်တူ အခွင့်အရေးပေးတဲ့ ဥပဒေတွေ

ပြည်သူလူထုရဲ့ ဘဝအပေါ်မှာ၊ နိစ္စဓူဝတွေအပေါ်မှာ ဘယ်လိုသက်ရောက်မှုရှိသလဲ။ တကယ်ပဲ တည်ငြိမ်မှု၊ လုံခြုံမှု၊ အားလုံးအတွက် တန်းတူရည်တူ အခွင့်အရေးပေးတဲ့ဥပဒေတွေ ဟုတ်သလား၊ မဟုတ်သလားဆိုတာ နောက်ဆုံး ပြည်သူကဆုံးဖြတ်ရမှာ။ ပြည်သူရဲ့ဆုံးဖြတ်ချက်ကို ဘယ်သူတွေက အကောင်အထည်ဖော်ရမလဲဆိုတော့ ပထမဦးဆုံး လွှတ်တော်က အကောင်အထည်ဖော်ရမှာပေါ့။ ဥပဒေတွေက တကယ်ပဲ ပြည်သူလူထုအတွက် အကျိုးပြုတဲ့ဥပဒေတွေဖြစ်ရဲ့လားဆိုတာ လွှတ်တော်ကနေ ဆုံးဖြတ်ပြီးတော့ အကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၇-၃-၂၀၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည့် တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးညီလာခံ၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## မြဝတီမြို့ဝင်ဆိုင်းဘုတ်နှင့် အာဇာနည်ပန်းခြံမုခ်ဦး ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မြဝတီ ဧပြီ ၁၉**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ဝင်ဆိုင်းဘုတ်ဖွင့်ပွဲနှင့် အာဇာနည်ပန်းခြံမုခ်ဦးဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မြဝတီမြို့၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်ဖွင့်လှစ်ပေးသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ရှေးဦးစွာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကရင်ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးအိုက်ကျန်ခမ်းနှင့် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ နံနက် ၇ နာရီတွင် မြဝတီမြို့နယ် အာရှလမ်းမကြီးအနီးရှိ နဘာယသုခစေတီအနီး၌ ကျင်းပသော "မြဝတီမြို့မှ လှိုက်လှဲစွာကြိုဆိုပါ၏" မြို့ဝင်ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မင်္ဂလာပါ သီချင်း၊ ကရင်ရိုးရာဒုံးယိမ်းအက စသည့် တိုင်းရင်းသားရိုးရာအကများဖြင့် စတင်ဖျော်ဖြေဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောရောဘတ်ထူးက မြို့ဝင်ဆိုင်းဘုတ်တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကာ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် ဦးစိန်သောင်းက မြို့ဝင်ဆိုင်းဘုတ်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ မြဝတီမြို့ဝင်ဆိုင်းဘုတ်ကို ကာလတိုအတွင်း အောင်မြင်စွာ တည်ဆောက်ပေးနိုင်ခဲ့မှုအပေါ် ရပ်မိရပ်ဖ ဦးစိုးမင်းလွင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြဝတီမြို့ဝင်ဆိုင်းဘုတ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အပြီးတည်ဆောက်နိုင်ခဲ့**

အဆိုပါ မြဝတီမြို့ဝင်ဆိုင်းဘုတ်ကို နိုင်ငံတော်ဘဏ္ဍာငွေနှင့် ပြည်သူခုနစ်ဦးက လှူဒါန်းငွေ စုစုပေါင်းငွေကျပ်သိန်း ၂၂၀ ကျော် အကုန်အကျခံကာ တစ်လကျော်အတွင်း အပြီးတည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့ဝင်များသည် မြဝတီမြို့ အမှတ်(၁)ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ အာဇာနည်ပန်းခြံ၌ ကျင်းပသော အာဇာနည်ပန်းခြံမုခ်ဦး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် သုံးရောင်ခြယ်အကအဖွဲ့၊ ငြိမ်းချမ်းစည်းလုံးအကအဖွဲ့များက ဖျော်ဖြေကြသည်။




အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အာဇာနည်ပန်းခြံမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ယင်းနောက် အာဇာနည်ပန်းခြံမုခ်ဦး တည်ဆောက်ရေးဆိုင်ရာ အချက်အလက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံအင်ဂျင်နီယာ အင်ဂျင်နီယာမှူး ဦးသိန်းနိုင်က ရှင်းလင်းတင်ပြပြီး မြို့မိမြို့ဖ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်း**

ထို့နောက် အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ပေးသော ဘင်ခရာ၊ ပန်းဖွားနှင့် အကအဖွဲ့များကို ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးသည်။

ထို့နောက် အာဇာနည်ပန်းခြံမုခ်ဦးကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်နယ်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပန်းခြံမုခ်ဦးအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အာဇာနည်ပန်းခြံအတွင်း လှည့်လည်ကြည့်ရှုကာ သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့ဖွင့်လှစ်ပေးသော အာဇာနည်ပန်းခြံမုခ်ဦးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းမှ ခွင့်ပြုရန်ပုံငွေ စုစုပေါင်းငွေကျပ် ၂၅ သန်းဖြင့် အကုန်အကျခံကာ ရက်ပေါင်း ၆၀ အတွင်း အပြီးတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်၊ ဓာတ်ပုံ-မင်းထက်**

## ချောင်းဆုံမြို့နယ်ရုံး ကလေးစာဖတ်ခန်း၌ စကားပုံဆက်ပြိုင်ပွဲ ပြုလုပ်

**ချောင်းဆုံ ဧပြီ ၁၉**

ချောင်းဆုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ ကလေးစာဖတ်ခန်း၌ နွေရာသီကျောင်းပိတ်ရက် ပျော်ရွှင်စရာကလေးတို့ ကမ္ဘာအစီအစဉ်ဖြင့် ကလေးများအား မြန်မာစကားပုံဆက်ပြိုင်ပွဲကို ယနေ့နံနက် ၁၁ နာရီက ပြုလုပ်သည်။

**လက်ဆောင်ပစ္စည်းများ ပေးအပ်**

အဆိုပါ ပြိုင်ပွဲများကို ပြုလုပ်ပေးခြင်းဖြင့် ကလေးများအားလုံးက အားလပ်သည့်အချိန်ကို အကျိုးရှိစွာအသုံးပြုတတ်စေရန်၊ ကလေးများ အချင်းချင်း အတူတကွ ပူးပေါင်းဖန်တီးမှုစွမ်းအား ဉာဏ်ရည်ထက်မြက်စေရန်နှင့် စာကြည့်တိုက်ပျော် ကလေးများ ဖြစ်စေရန်အတွက် ရည်ရွယ်၍ မိမိစာကြည့်တိုက်သို့ ရောက်လာသည့်ကလေးများအား စုစည်းပြီး ပြိုင်ပွဲပြုလုပ်ပေးရခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိသူဇာက ပြောသည်။ စကားပုံဆက်ပြိုင်ပွဲကို ကလေးငယ် ၁၁ ဦးဖြင့် ပြုလုပ်ပေးခဲ့ပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

✪ ကျောဖုံးမှ

လွှတ်တော်အသီးသီးတွင် ဆောင်ရွက်နေဆဲဖြစ်သည့် ဥပဒေကြမ်းနှင့် အခြားသော လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများက သက်ဆိုင်ရာ လုပ်ငန်းတာဝန်အလိုက် ဆွေးနွေးညှိနှိုင်းပြီး ပေါင်းစပ်ဆောင်ရွက်ပါက ယခင်လွှတ်တော်အစည်းအဝေးများကဲ့သို့ အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအသီးသီးကို တာဝန်ယူထားကြသည့် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက လုပ်ငန်းကော်မတီအလိုက် စီမံဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက လုပ်ငန်းကော်မတီများ၏ ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး ကျင်းပ



**နေပြည်တော် ဧပြီ ၁၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့်အစည်းအဝေးကို ယနေ့တွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် ပြည်တွင်း၊ ပြည်ပအလုပ်သမားဆိုင်ရာကော်မတီဝင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# မြိတ်မြို့၌ လူကုန်ကူးမှုတားဆီးရေး ပိုစတာစိုက်ထူခြင်းနှင့် ဆိုင်းဘုတ်ဖွင့်ပွဲ ကျင်းပ

**မြိတ် ဧပြီ ၁၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့ ကန်ကြီးနယ်မြေ သာကေတရပ်ကွက် ကမ်းနားလမ်းရှိ Myeik Shopping Center ရှေ့၌ ယနေ့ နံနက် ၈ နာရီက မြိတ်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး (ဗဟို) အဖွဲ့၏ လူကုန်ကူးကျွန်ပြုခြင်း အမြစ်အပြတ်ရှင်း စာသားပါ မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကျင်းပခဲ့ကြောင်း သိရသည်။

**အားလုံးပူးပေါင်းပါဝင်**

အခမ်းအနားတွင် မြိတ်ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားရာတွင် မြိတ်ခရိုင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ယခုလို မြေစိုက်ပိုစတာစိုက်ထူ



ခြင်းနှင့် ဆိုင်းဘုတ်ဖွင့်ပွဲအား အများပြည်သူမြင်နိုင်သည့် နေရာတွင် စိုက်ထူရခြင်းမှာ လူကုန်ကူးမှုနှင့်ပတ်သက်၍ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး လူကုန်ကူးမှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်စေရေးတို့အတွက် ဖြစ်ကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့အနေဖြင့် နစ်နာသူများဘက်မှ ရပ်တည်၍ လုပ်ငန်းစဉ်များ ဆောင်ရွက်ခြင်း၊ တားဆီးကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့တွင် အားလုံးပူးပေါင်းပါဝင်စေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး ကျော်မျိုးမြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြိတ်အကျဉ်းထောင်တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဆန်းလင်းတို့က မြေစိုက်ပိုစတာဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**အသိပညာပေး**

အဆိုပါမြေစိုက်ပိုစတာ ဆိုင်းဘုတ်စိုက်ထူခြင်းနှင့် ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာသူများနှင့် လမ်းသွားလမ်းလာပြည်သူများအား မြိတ်ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့က လူကုန်ကူးမှု အသိပညာပေးလက်ကမ်းစာစောင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ယူနီဆက်တို့မှ ပူးပေါင်းထုတ်ဝေသည့် ကလေးငယ်များနှင့် လူငယ်များအတွက် လုံခြုံစိတ်ချရသော ပြောင်းရွှေ့သွားလာမှုဆိုင်ရာ အချက်အလက်များ၊ အသိပညာပေးလက်ကမ်းစာအုပ်များ ဝေငှပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ မိုင်းပျဉ်းမြို့နယ်၌ ကျင်းပ

**မိုင်းပျဉ်း ဧပြီ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်သော ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မိုင်းပျဉ်းမြို့နယ် ယမ်းမိုင်ကျေးရွာရှိ အဆိုပါလမ်း၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံထွန်းအောင်၊ မြို့နယ် ကျေးလက်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြု**

အဆိုပါလမ်းသစ်ကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ထောက်ပံ့ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂ ဒသမ ၁၃ သန်းတို့ဖြင့် ဆောင်ရွက်ခဲ့ပြီး အရှည် ပေ ၅၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းဖြစ်ကာ ရာသီမရွေး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ILO ရာပြည့်အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများ ကျင်းပမည်


**နေပြည်တော် ဧပြီ ၁၉**

၂၀၁၉ ခုနှစ်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ရာပြည့်နှစ်အထိမ်းအမှတ်အခမ်းအနားကို အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအလိုက်ကျင်းပရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ILO ရန်ကုန်နှင့် ပူးပေါင်း၍ ILO ရာပြည့် ဆောင်းပါးပြိုင်ပွဲနှင့် ထူးချွန်ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ ဆောင်းပါးပြိုင်ပွဲခေါင်းစဉ်မှာ မြန်မာဘာသာဖြင့် “ILO ရာပြည့်မှစ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်တိုးမြှင့်ရေးနှင့် လူမှုတရားမျှတရေး မြှင့်တင်ဆောင်ရွက်ကြ” ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် စာမူကို ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ၊ စာမျက်နှာတစ်ဖက်တည်းတွင် စာလုံးရေသုံးထောင်မှ ငါးထောင်အတွင်း ရေးသားရန် (Pyidaungsu Font Size 13)၊ ပြိုင်ပွဲဝင်တစ်ဦးအတွက် စာမူဆောင်းပါးတစ်ပုဒ်သာ တင်သွင်းရန်၊ စာမူမူရင်းနှင့် မိတ္တူကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ပူးတွဲတင်ပြရန်၊ ဆောင်းပါးရေးသူ၏ ကိုယ်ရေးရာဇဝင်တွင် အမည်ကိုမြန်မာနှင့် အင်္ဂလိပ်ဘာသာ နှစ်မျိုးစလုံးဖြင့်ဖော်ပြပြီး အဖအမည်၊ အသက် (မွေးသက္ကရာဇ်)၊ ကျား၊ မ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရမည့် တယ်လီဖုန်းအမှတ်၊ တိုင်းဒေသကြီး/ပြည်နယ်တို့ကို ပြည့်စုံစွာ ဖြည့်စွက်ရေးသားဖော်ပြပြီး ပတ်စပို့ဓာတ်ပုံသုံးပုံ ပူးတွဲတင်ပြရန်လိုအပ်သည်။

ပြိုင်ပွဲဝင်စာမူများကို အတွင်းရေးမှူး၊ ဆောင်းပါးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရုံးအမှတ် (၅၁) နေပြည်တော်သို့ မေ ၆ ရက် ညနေ ၄ နာရီနောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆုငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ နှစ်သိမ့်ဆု/အထူးဆု ငါးဆုအတွက် တစ်ဆုလျှင် ငွေကျပ် တစ်သိန်း သတ်မှတ်ထားပြီး ဆုရသူများအား မေလနောက်ဆုံးပတ်တွင် ရန်ကုန်၌ ကျင်းပမည့် Centenary Launch Event အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပြီး ရွေးချယ်ခြင်းမခံရသည့်စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါကြောင်းနှင့် ဆောင်းပါးပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဒေါ်တင်မာထွေး၊ အတွင်းရေးမှူး၊ ဆောင်းပါးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ ဖုန်း-၀၆၇-၄၃၀၀၉၀ ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျပန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဧပြီ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Ichiro MARUYAMA အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် ပြဿနာများအား အစိုးရနှင့်တပ်မတော်၏ ဖြေရှင်းဆောင်ရွက်မှုများအပေါ် နိုင်ငံတကာမျက်နှာစာတွင် ဂျပန်နိုင်ငံမှ ရပ်တည်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့်ကိစ္စနှင့်ပတ်သက်ပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့် မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် တပ်မတော်မှဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် ဧပြီ ၁၉**

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ်ကို ဧပြီ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောဒေသတွင် ဖြစ်ပွားခဲ့သည့် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက် အကြမ်းဖက်တိုက်ခိုက်မှုများနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ စစ်ဥပဒေချုပ်ရုံး၏ အကြံပြုချက်အရ ထပ်မံစိစစ်ရန် လိုအပ်သဖြင့် တပ်မတော်နည်းဥပဒေများအရ စုံစမ်းစစ်ဆေးရေးခုံရုံးကို ဖွဲ့စည်း၍ ၂၀၁၉ ခုနှစ်၊ မတ် ၁၈ ရက်မှစတင်ပြီး စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း။

ဖြစ်စဉ်များနှင့်သက်ဆိုင်သည့် သက်သေခံအထောက်အထား၊ အချက်အလက်များကို စုံစမ်းစစ်ဆေးရေးခုံရုံးသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ အီးမေးလ်မှ တစ်ဆင့်ဖြစ်စေ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း ပေးပို့တင်ပြနိုင်ကြောင်းကို စုံစမ်းစစ်ဆေးရေးခုံရုံးက ၂၀၁၉ ခုနှစ်၊ ဧပြီ ၂ ရက်တွင် ဖိတ်ခေါ်ထားကြောင်း။

စုံစမ်းစစ်ဆေးရေးခုံရုံးက စုံစမ်းစစ်ဆေးမှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၏ တာဝန်ပေးချက်အရ လိုအပ်သည့် သက်သေခံအချက်အလက်များ စုဆောင်းခြင်းဆိုင်ရာများ၊ ဥပဒေကြောင်းဆိုင်ရာများနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာများကို အကြံပေးနိုင်ရန် ဒုတိယစစ်ဥပဒေချုပ် ဗိုလ်ချုပ်သောင်းနိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်ပြီး အဖွဲ့ဝင်လေးဦး ပါဝင်သည့် ဥပဒေအကြံပေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း၊ အဖွဲ့ဝင်လေးဦးမှာ လက်ထောက်စစ်ဥပဒေချုပ် ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း၊ ဒုတိယလက်ထောက်စစ်ဥပဒေချုပ် ဗိုလ်မှူးမြင့်ဆန်း၊ ဒုတိယလက်ထောက်စစ်ဥပဒေချုပ်(ဗိုလ်ကြီး) ဗိုလ်ကြီးကျော်ကျော်လင်း၊ စစ်ဥပဒေအရာရှိ ဗိုလ်ကြီးဒေါ်သဇင်ဆွေတို့ဖြစ်ကြောင်း။

ဥပဒေအကြံပေးအဖွဲ့၏ တာဝန်များမှာ မည်သည့်သက်သေများကို စစ်မေးသင့်ကြောင်း အကြံပေးရန်၊ မည်သည့် သက်သေခံအထောက်အထားများ ရယူသင့်ကြောင်း အကြံပေးရန်၊ မည်သည့် အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးသင့်ကြောင်း အကြံပေးရန်၊ သက်သေများကို စစ်မေးရာတွင် ကွင်းဆက်မပြတ်စေရေး လိုအပ်သည့် အကြံပေးရန်၊ အခြားဥပဒေအကြောင်းဆိုင်ရာ လိုအပ်သည့်အကြံများ ပေးရန်တို့ဖြစ်ကြောင်း၊ ယင်းဥပဒေအကြံပေးအဖွဲ့အား ၂၀၁၉ ခုနှစ်၊ ဧပြီ ၁၈ ရက်တွင် စစ်ဥပဒေချုပ်က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**



# ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဧပြီ ၁၉**

မြန်မာနိုင်ငံသို့ အလွတ်သဘောခရီး ရောက်ရှိနေသော ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတ H.E. Mr. Vincent Meriton နှင့်ဇနီး Mrs. Daniella Hoareau ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ည ၇ နာရီခွဲတွင် နေပြည်တော်မှ ဗန်ကောက်လေကြောင်းလိုင်းဖြင့် ထွက်ခွာသည်။

ဆေးရှဲလ်နိုင်ငံ ဒုတိယသမ္မတနှင့်ဇနီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **သတင်းစဉ်**



# စလင်းမြို့နယ်ရှိ အစာအဆိပ်သင့်မှုကြောင့် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပွားသူများအား သွားရောက်လှူဒါန်း

**စလင်း ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျပွာယ်ကျေးရွာအုပ်စု ရွှေတွင်းတူးကျေးရွာတွင် ဧပြီ ၁၈ ရက်က အစာအဆိပ်သင့်၍ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပွားသည့်အတွက် ဧပြီ ၁၉ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟိန်းဆက်နှင့် မြို့နယ်စည်ပင်ကော်မတီဝင် ဦးအေးကိုတို့က ရေသန့်ဘူးနှင့်ဓာတ်ဆားထုပ်များ သွားရောက်ပေးအပ်လှူဒါန်းခဲ့သည်။

မြို့နယ်ဆရာဝန် ဒေါက်တာမောင်မောင်ပြေ ဦးဆောင်သည့်အဖွဲ့ကလည်း ဧပြီ ၁၈ ရက် ည ၁ နာရီအထိ ကုသပေးမှုကြောင့် လူနာအားလုံး သက်သာလာကြပြီး ဧပြီ ၁၉ ရက်အထိ ကျန်းမာရေးဌာနကလည်း အနီးကပ်ကုသပေးလျက်ရှိသည်။ စလင်း၊ ဆင်ဖြူကျွန်းမြို့နယ် NLD အဖွဲ့မှ ရေသန့်ဘူးနှင့် ဓာတ်ဆားထုပ်များ၊ နီးစပ်ရာမှ အလှူရှင်များနှင့် ဦးမောင်မောင် (ဆင်ဖြူကျွန်းသောက်ရေသန့်)ကလည်း ရေသန့်ဘူးများ သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **မောင်လွင်(ပြန်/ဆက်)**

# လူမှုတန်ဖိုးများ အလေးထားမြှင့်တင်ခြင်း

## သိန်းထွန်း (IR)

လူမှုတန်ဖိုးများ (Social Values) ဆိုသည်မှာ ယဉ်ကျေးမှုတစ်ရပ်တွင် ရှိနေသောသူများ၏ အရေးပါ၍ ကြာရှည်စွာတည်ရှိနေသည့် ယုံကြည်မှုများနှင့် စံနှုန်းများဖြစ်သည်။ လူမှုတန်ဖိုးများသည် လူတစ်ဦး၏အပြုအမူနှင့် သဘောထားများအပေါ် မည်သည့်အခြေအနေတွင်မဆို သတ်မှတ်ချက်များအဖြစ် ကျယ်ပြန့်စွာ လွှမ်းမိုးလျက်ရှိကြသည်။

လူတစ်ဦးချင်းစီ၏ ကိုယ်ပိုင်လူမှုတန်ဖိုးများသည် မိမိတို့၏ ဘဝအစိတ်အပိုင်းများပင် ဖြစ်သည်။ ယင်းတန်ဖိုးများသည် မိမိတို့၏ ရပ်တည်ချက်ကို ဖော်ပြနေကြသည်။ ယင်းအပြင် တစ်ဦးချင်း၏ အနှစ်သာရနှင့် မိမိတို့၏ သိသာထင်ရှားချက်ကို ကိုယ်စားပြုနေသည်။ မိမိတို့၏တန်ဖိုးများသည် မိမိတို့၏ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်၊ အယူအဆနှင့် ကိုယ်ကျင့်တရားကို ဦးဆောင်နေသည်။ ထို့ကြောင့် တစ်ဦးတစ်ယောက်၏ တန်ဖိုးများကိုသိရှိခြင်းဖြင့် ယင်း၏အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်၊ ကိုယ်ကျင့်တရားတို့ကို သိရှိနိုင်သကဲ့သို့ တစ်ဦးတစ်ယောက်၏ အပြုအမူ၊ အပြောအဆိုကိုကြည့်ခြင်းအားဖြင့်လည်း ယင်းခံယူထားသည့် တန်ဖိုးအနိမ့်၊ အမြင့်ကို ခန့်မှန်းနိုင်ပေသည်။ အလားတူပင် မိမိ၏တန်ဖိုးကို သိရှိခြင်းအားဖြင့်လည်း မိမိ၏ အပြုအမူ၊ အပြောအဆိုနှင့်အတွေးအခေါ်များကို ပြုပြင်ပြောင်းလဲနိုင်ပါသည်။

### အခြေခံလိုအပ်ချက်

ထို့အတူ မျှတသောအမြင်၊ မျှတသောအယူအဆ၊ မျှတသော ဆုံးဖြတ်ချက်ဖြစ်ရန် စေတနာအရင်းခံ၊ ပညာ (စဉ်းစားတွေးခေါ်နိုင်စွမ်း)၊ အတ္တဆန္ဒအစွဲကင်းမှုနှင့် တစ်ဦးချင်းစီ၏ စံနှုန်းတန်ဖိုးတို့ လိုအပ်ပေလိမ့်မည်။ ယင်းအခြေခံ လိုအပ်ချက်များသည် တစ်ဦးတစ်ယောက်ချင်းအတွက် လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုအတွက် လည်းကောင်း၊ နိုင်ငံတည်ဆောက်ရေးအတွက် လည်းကောင်း အခြေခံလိုအပ်ချက် ကျင့်ဝတ်နှင့် ကိုယ်ကျင့်သီလဟုလည်း ဆိုနိုင်ပေမည်။ လူ့အသိုင်းအဝိုင်း (သို့မဟုတ်) တစ်ဦးချင်းစီ၏ နေ့စဉ်စဉ်းစားတွေးခေါ်၊ ပြောဆို၊ လုပ်ကိုင်နေမှုများအပေါ် သက်ရောက်နေသည့် စံနှုန်းတန်ဖိုးထားမှုများသည် ကောင်းမွန်သော လူမှုပတ်ဝန်းကျင်တည်ဆောက်ရေး၊ လူမှုကျင့်ဝတ်ထိန်းသိမ်းရေးတို့အတွက် ပင်မဒေါက်တိုင်တစ်ခုအဖြစ်လည်း တွေ့ရှိရပါသည်။

တန်ဖိုးဆိုရာတွင် ဥပမာအားဖြင့် မေတ္တာတရားတွင် သည်းခံမှု၊ ကြင်နာမှု၊ ခွင့်လွှတ်မှု၊ ယုံကြည်မှု၊ တစ်ကိုယ်ကောင်းမဆန်မှု၊ သနားကရုဏာနှင့် အကာအကွယ်ပေးမှုများ ပါဝင်နိုင်ပါသည်။ ထို့အတူ ဂုဏ်သိက္ခာတွင် ရိုးသားမှု၊ ယုံကြည်မှု၊ တာဝန်ခံမှု၊ အားကိုးယုံကြည်နိုင်မှု၊ မှီခိုအားထားနိုင်မှု၊ ရှေ့နောက်ညီညွတ်မှု၊ ယဉ်ကျေးမှု၊ တရားမျှတမှု၊ ဖြူစင်မှုနှင့် ကတိတည်မှုများ ပါဝင်နိုင်ပါသည်။

### တန်ဖိုးထားမှု

တန်ဖိုးထားမှုတွင် တစ်ဦးနှင့်တစ်ဦးအကြား အဆင့်အတန်း၊ ငွေကြေး၊ ရာထူး စသည့် ဂုဏ်ရှိန်တန်ဖိုးများထက် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာများဖြင့် အပြန်အလှန် လေးစားတန်ဖိုးထားကြခြင်း ဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှု၊ ကိုးကွယ်ရာဘာသာ၊ အစဉ်အလာများသည် လူလူချင်းသာမက တိရစ္ဆာန်များအပေါ်တွင်ပင် လေးစားတန်ဖိုးထားနိုင်သည့် သဘာဝများကို မြင်တွေ့ရပါသည်။ မိမိတို့၏တန်ဖိုးများသည် မိမိတို့ အသက်ရှင်နေထိုင်၍ ဘဝရပ်တည်ရေးကြိုးပမ်းကြရာတွင် အရေးပါသည့် မိမိတို့၏ ယုံကြည်ရာအရာများ ဖြစ်ကြသည်။ ထိုအခါ မိမိတို့၏ ယုံကြည်စွဲကိုင်ရာ တန်ဖိုးများသည် တစ်ဦးနှင့်တစ်ဦး မတူညီနိုင်သကဲ့သို့ အကောင်း၊ အဆိုး၊ အများနှစ်လိုဖွယ်ရှိ၊ မရှိများလည်း ကွဲပြားနိုင်ပါသည်။ ထိုသို့ဆိုပါက မိမိတို့ ကိုယ်တိုင် စွဲကိုင်ယုံကြည်ထားသောတန်ဖိုးနှင့် တစ်ဖက်သားအပေါ် ထားရှိသောတန်ဖိုးများ တူညီမှုရှိ၊ မရှိ သိရှိရန် လိုအပ်ရုံမျှမက အပြန်အလှန်နားလည်ပေးနိုင်ရန်လည်း လိုအပ်မည်ဖြစ်သည်။ ကိုယ်ချင်းစာတရားဟု ဆိုနိုင်ပါလိမ့်မည်။

တစ်ဖက်သား၏ စိတ်ခံစားမှု၊ တန်ဖိုးထားမှု၊ တစ်ဖက်သား၏ အားသာချက်၊ အားနည်းချက်များအပေါ် မည်ကဲ့သို့ သဘောထားသည်ဆိုသည်မှာ ကာယကံရှင်၏ တန်ဖိုးသတ်မှတ်ချက်အပေါ် မူတည်နေတတ်ပါသည်။ လူသားတန်ဖိုးများတွင် မှန်ကန်သောအပြုအမူ၊ ငြိမ်းချမ်းရေး၊ အမှန်တရား၊ မေတ္တာတရားနှင့် အကြမ်းမဖက်မှုတို့ ပါဝင်ပါသည်။ ဘုံတန်ဖိုးများတွင် သမာဓိ (ကိုယ်ကျင့်တရား၊ ရိုးသားမှု)၊ လေးစားမှု (ယုံကြည်မှု၊ ဂုဏ်သိက္ခာ)၊ ထူးချွန်မှု (အရည်အသွေး၊ စွမ်းဆောင်မှု)၊ တာဝန်ခံမှု (တာဝန်ယူမှု၊ ကတိတည်မှု)တို့ ပါဝင်ပါသည်။ ကိုယ်ပိုင်လူမှုတန်ဖိုးများ၊ လူသားတန်ဖိုးများ၊ ဘုံတန်ဖိုးများကို ချိန်ဆကျင့်သုံးခြင်းဖြင့် မိမိအတွက်သာမက မိမိဝန်းကျင်အတွက်လည်း ကောင်းမွန်သောဆက်ဆံရေး၊ မျှတသောအယူအဆများကို ဖြစ်ပေါ်စေနိုင်ပါမည်။

### ဆိုးကျိုးများ သက်ရောက်စေနိုင်

မိမိ၏တန်ဖိုးအပေါ် နားလည်မှုနှင့် တစ်ဖက်သား၏ တန်ဖိုးများအပေါ် အပြန်အလှန်နားလည်မှု အားလျော့လာသည်နှင့် တစ်ဖက်သတ်အစွဲများနှင့် ယူဆချက်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ တစ်ဖက်သတ်အမြင်များသည် လူတစ်ယောက်၏ အမြင်နှင့်အယူအဆ၊ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များကို တိမ်းချော်စေနိုင်ပါသည်။ ထို့အတူ တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်ဆုံးဖြတ်ချက်များဖြစ်ပေါ်ရန်လည်း ရာခိုင်နှုန်းများပါသည်။ ထိုသို့သော တစ်ဖက်သတ်အမြင်၊ တစ်ဖက်သတ်အယူအဆ၊ တစ်ဖက်သတ်ဆုံးဖြတ်ချက်များသည် မိမိ၏ ပညာနှင့်အတွေးအခေါ်ကို အကျိုးမပြုသကဲ့သို့ လူမှုအသိုင်းအဝိုင်းအပေါ်တွင်လည်း ဆိုးကျိုးများ သက်ရောက်စေနိုင်ပါသည်။ ကိုယ်ကိုယ်တိုင်၏ တန်ဖိုးများ၊ အမြင်အယူအဆများ တစ်ဖက်စွန်းရောက်နေခြင်း ရှိ၊ မရှိ သိရှိရန်အတွက် မိမိရပ်တည်ချက်၊ တစ်ဖက်သား၏ ရပ်တည်ချက်၊ ဘုံရပ်တည်ချက်တို့ကို ကိုယ်ချင်းစာတရား၊ စေတနာ၊ ပညာ၊ စဉ်းစားချင့်ချိန်နိုင်စွမ်းတို့ဖြင့် ဆင်ခြင်ကြရပါမည်။ အမုန်းတရားများ၊ အာဃာတများ၊ အစွဲများ မြင့်မားနေမှုအား အပြန်အလှန်တန်ဖိုးထားမှု၊ ပညာ၊ သတိ၊ ဆင်ခြင်တုံတရား၊ စေတနာတို့ဖြင့် ချွန်းအုပ်ကြရပါမည်။

> **မိမိ၏တန်ဖိုးအပေါ် နားလည်မှုနှင့် တစ်ဖက်သား၏ တန်ဖိုးများအပေါ် အပြန်အလှန်နားလည်မှု အားလျော့လာသည်နှင့် တစ်ဖက်သတ်အစွဲများနှင့် ယူဆချက်များကို ဖြစ်ပေါ်စေနိုင်ပါသည်။ တစ်ဖက်သတ်အမြင်များသည် လူတစ်ယောက်၏ အမြင်နှင့် အယူအဆ၊ သုံးသပ်ချက်၊ ဆုံးဖြတ်ချက်များကို တိမ်းချော်စေနိုင်**

### အခိုင်အမာရှိနေဆဲ

လူတစ်ဦးချင်း၏ တန်ဖိုးများဖြစ်တည်လာရန် နောက်ခံအကြောင်းတရားများစွာလည်း ရှိနေပါသည်။ ထုံးတမ်းစဉ်လာ၊ ဓလေ့၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ ပညာရေး၊ လူမှုဝန်းကျင်၏ သက်ရောက်မှုများသည် လူတစ်ဦး၏ တန်ဖိုးများကို ဖြစ်ပေါ်စေသကဲ့သို့ ပြောင်းလဲစေနိုင်ပါသည်။ မြန်မာ့စိတ်ရင်း၊ ယဉ်ကျေးမှု၊ အစဉ်အလာ၊ ဓလေ့၊ ဘာသာတရားတို့သည် မြင့်မားသည့် လူမှုတန်ဖိုးများကို ဖြစ်တည်ရန် အခြေခံကောင်းများ ရှိပြီးဖြစ်သည်။ သို့သော်လည်း မိမိတို့၏ စဉ်းစားတွေးခေါ်မှု၊ တန်ဖိုးစံနှုန်းများသည် အစွန်းနှစ်ဖက်တွင်ရှိနေခဲ့သည်ဟု ယေဘုယျမြင်ရပါသည်။ မိမိကိုယ်တိုင်၏စံနှုန်းတန်ဖိုးများထက် ပတ်ဝန်းကျင်၏ လွှမ်းမိုးမှုဂယက်များတွင် ဝဲလည်နေခြင်း အကျိုးသက်ရောက်မှုဟု ယူဆမိပါသည်။ စံနှုန်းတန်ဖိုး အစွန်းနှစ်ဖက်ရှိနေခြင်း အကျိုးဆက်အနေဖြင့် အပြန်အလှန်နားလည်မှု၊ ညှိနှိုင်းအဖြေရှာတတ်မှု၊ ကိုယ်ချင်းစာတရား၊ အပြန်အလှန်လေးစားမှုစသည့် လူမှုအသိုက်အဝန်းအတွက် လေးစားအတုယူရမည့် တန်ဖိုးများ လျော့နည်းခဲ့ရသည်။ လက်ရှိအခြေအနေအားဖြင့်လည်း ဘာသာရေးအားဖြင့်ဖြစ်စေ၊ လူမှုစရိုက်၊ ဓလေ့၊ ယဉ်ကျေးမှုအားဖြင့်ဖြစ်စေ မြင့်မားသည့် စံနှုန်းတန်ဖိုးများ ရှိနေဆဲဖြစ်သည်။ ကျင့်ဝတ်သီလ၊ ဂါရဝတရား၊ နီတိ၊ ဆုံးမစကားတို့သည် ရှေးအစဉ်အဆက်မှ ယခုအထိတိုင် အခိုင်အမာရှိနေဆဲ ဖြစ်ပါသည်။ သို့သော်လည်း ထိုမြင့်မားလှသည့် စံနှုန်းတန်ဖိုးများအပေါ် သိရှိမှု၊ စဉ်းစားတွေးခေါ်နိုင်စွမ်းလိုအပ်ချက်၊ ကျင့်ကြံလိုက်နာရန်လိုအပ်ချက်၊ လွဲမှားစွာလိုက်နာမှု၊ အမြတ်ထုတ် အသုံးချနေမှုများကြောင့် တစ်ဦးချင်းစီ၏ စံနှုန်းတန်ဖိုးများ လျော့နည်းကျဆင်းရခြင်းနှင့်အတူ လူမှုအသိုက်အဝန်းတစ်ခုလုံး၏ တန်ဖိုးများလည်း လျော့နည်းခဲ့သည်ဟု မြင်မိပါသည်။

ဥပမာတစ်ခုကို တင်ပြလိုပါသည်။ ကိုယ်ရည်ကိုယ်သွေးနှင့် လူမှုဆက်ဆံရေးမြှင့်တင်သည့် ဆွေးနွေးပွဲတစ်ခုသို့ တက်ရောက်ဖူးပါသည်။ ယင်းဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူသည် လူသိထင်ရှားသူ တစ်ဦးဖြစ်ပါသည်။ ယင်းဆွေးနွေးပွဲတွင် လူမှုပေါင်းသင်းဆက်ဆံရေးတွင် တစ်ဦးနှင့်တစ်ဦး လေးလေးစားစားနှင့် ရင်းရင်းနှီးနှီး မိတ်ဆက်ခြင်းသည် လွန်စွာအရေးပါကြောင်း၊ သို့ဖြစ်သည့်အတွက် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံရာတွင် ရင်းနှီးမှုကိုပြသရန် အပြန်အလှန် ပွေ့ဖက်၍နှုတ်ဆက်ရန် ရှင်းလင်းသရုပ်ပြပါသည်။ ထိုနေရာတွင် ရှင်းလင်းသရုပ်ပြမှုကို မိမိအနေဖြင့် နှစ်ပိုင်းခွဲ၍ ရှုမြင်မိသည်။ ပထမတစ်ပိုင်းမှာ လူမှုဆက်ဆံရေးတွင် နွေးထွေးသောရင်းနှီးမှုပြသရန်ဖြစ်ပြီး ကျန်တစ်ပိုင်းမှာ ပြသရမည့်အပြုအမူပိုင်း ဖြစ်ပါသည်။ ပထမအပိုင်းကို ခြွင်းချက်မရှိ လက်ခံပါသည်။ သို့သော် ဒုတိယအပိုင်းဖြစ်သည့် အပြန်အလှန် ပွေ့ဖက်နှုတ်ဆက်ရသည့်အပြုအမူသည် နိုင်ငံခြားယဉ်ကျေးမှုကို တိုက်ရိုက်ပုံတူကူးယူခြင်းဖြစ်ပြီး မိမိတို့၏ယဉ်ကျေးမှု၊ တန်ဖိုးများနှင့် မသင့်တော်လှပေ။ ထိုသို့ဆိုခြင်းမှာ တစ်ဖက်၏ တန်ဖိုးကို ပစ်ပယ်ခြင်းမဟုတ်၊ မိမိတို့၏ရှိပြီးဖြစ်သော ကိုယ်ပိုင်တန်ဖိုးများနှင့် ချိန်ဆလိုက်နာစေရန် ဖြစ်သည်။ ရင်းနှီးသော နှုတ်ဆက်မှုကိုပြသရန် မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွင် ရှိပြီးဖြစ်ပါသည်။ မြန်မာ့ယဉ်ကျေးမှုတန်ဖိုးများကို မထိခိုက်စေဘဲ နှုတ်ဆက်နိုင်ပါသည်။ ယင်းသည်ပင် မြန်မာ့ယဉ်ကျေးမှု၊ အစဉ်အလာ၊ စံနှုန်းတန်ဖိုးကို မထိခိုက်စေသည့် အပြုအမူနှင့် စရိုက်လက္ခဏာဟု ခံယူပါသည်။

မိမိတို့အများစုသည် မိမိ၏တန်ဖိုးများနှင့် စံနှုန်းများကို သတိမထားမိကြ။ မိမိတို့အတွက် မည်သည့်တန်ဖိုးနှင့် စံနှုန်းများသည် အရေးအကြီးဆုံးဖြစ်ကြောင်း အလေးထားမှုအားနည်းတတ်ကြပါသည်။ ယင်းတို့အစား မိမိတို့သည် မိမိတို့၏ လူ့အဖွဲ့အစည်း၊ ယဉ်ကျေးမှုနှင့် လူမှုဆက်ဆံရေးတန်ဖိုးများအပေါ်တွင် အလေးထားရမည့်အစား အခြားသူများ (သို့မဟုတ်) အခြားလူမှုအဖွဲ့အစည်းများ၏ တန်ဖိုးနှင့် စံနှုန်းများအပေါ် ရပ်တည်လာကြပါသည်။ သို့ဖြစ်သည့်အတွက် မိမိတို့၏ အဓိကတန်ဖိုးထားမှုများကို မိမိကိုယ်တိုင် သိရှိရေးသည် စိန်ခေါ်မှုတစ်ရပ်ကဲ့သို့ ဖြစ်လာသည်။ မိမိ၏တန်ဖိုးများကို သိရှိရန်လွယ်ကူပါသည်။ သို့သော် ရိုးသားမှု၊ သည်းခံမှုနှင့် ဆုံးဖြတ်နိုင်စွမ်း ရှိရန် လိုအပ်ပါသည်။

### အမှားနှင့်အမှန်ကို ခွဲခွဲခြားခြား နားလည်စေနိုင်

မိမိ၏ အဓိကတန်ဖိုးထားမှု (သို့မဟုတ်) စံသတ်မှတ်ချက်များဆိုသည်မှာ လူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုအတွက် အခြေခံယုံကြည်ချက်များ ဖြစ်ကြသည်။ ယင်းအခြေခံလမ်းညွှန်ချက်များသည် အပြုအမူများကို ဖြစ်ပေါ်စေပြီး အမှားနှင့်အမှန်ကို ခွဲခွဲခြားခြား နားလည်စေနိုင်ပါသည်။ လူတစ်ဦးနှင့်တစ်ဦး (သို့မဟုတ်) အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား တန်ဖိုးထားရှိမှု စံသတ်မှတ်ချက်များ မတူညီကြပါ။

ထို့ကြောင့် မိမိခံယူထားသည့် တန်ဖိုးနှင့်စံနှုန်းများကို ဆန်းစစ်ကြည့်သင့်သကဲ့သို့ မိမိ၏ လက်ရှိရပ်တည်ချက်နှင့် အယူအဆများသည် မိမိ၏ကိုယ်ပိုင်တန်ဖိုးများအပေါ်ရပ်တည်နေခြင်းလား၊ အခြားသူများ၏ တန်ဖိုးများအပေါ် ရပ်တည်နေခြင်းလားဆိုသည်ကိုလည်း ဆန်းစစ်ကြည့်သင့်ပါသည်။ မိမိကိုယ်တိုင်၏ တန်ဖိုးနှင့်စံနှုန်းများကို မသိရှိသည့်အခြေအနေတွင် မိမိကိုယ်ပိုင်ခံယူချက်၊ ယူဆချက်၊ ယုံကြည်ချက်များအပေါ် ရပ်တည်ခြင်းထက် အခြားသူများ၏ တန်ဖိုး၊ စံနှုန်းနှင့် အယူအဆများအပေါ် မှီခိုလာတတ်ကြပါသည်။ သူများယောင်လို့ယောင် အမောင်တောင်မှန်း၊ မြောက်မှန်းမသိ ဖြစ်တတ်ပါသည်။ ယနေ့ကဲ့သို့ စနစ်အပြောင်းအလဲကာလတွင် လူမှုတန်ဖိုးများ ကျဆင်းလာခြင်းအကျိုးဆက်အဖြစ် ကျိုးကြောင်းမညီသော အယူအဆ၊ သဘောထား၊ အကွဲအပြဲများကို မြင်နေရ၊ ကြားနေရပါသည်။ ပစ္စုပ္ပန်အတွက်ဖြစ်စေ၊ အနာဂတ်အတွက်ဖြစ်စေ ပြုပြင်ရန်လိုအပ်နေပါသည်။

သို့ဖြစ်ရာ နှစ်သစ်တွင် နှစ်လိုဖွယ်ကောင်းသော လူမှုဝန်းကျင်ကောင်းတစ်ရပ်ဖြစ်လာစေရေး မိမိ၏ ကိုယ်ပိုင်တန်ဖိုးများနှင့် အခြားသူများ၏ တန်ဖိုးများကို အပြန်အလှန် သိရှိနားလည်ပေးနိုင်သူများ ဖြစ်ကြပါစေကြောင်း နှစ်သစ်ဆုမွန်အဖြစ် ဆုတောင်းရေးသားအပ်ပါသည်။ ။

# မြို့ဦးသမ္မာသမ္ဗုဒ္ဓစေတီတော်မြတ်ကြီးတွင် ပထမအကြိမ် ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီးပွဲ ၁၀၀၀ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**မော်လမြိုင်ကျွန်း မေ ၁၉**

၁၃၈၁ ခုနှစ် တန်ခူးလပြည့်နေ့ (မေ ၁၉ ရက်) နံနက် အရုဏ်တက်ချိန်၌ မော်လမြိုင်ကျွန်းမြို့နယ် မြို့ဦးသမ္မာသမ္ဗုဒ္ဓစေတီတော်မြတ်ကြီးအား ပထမအကြိမ်အဖြစ် ဆွမ်းပွဲ ၁၀၀၀၊ သစ်သီးဆွမ်း ၁၀၀၀၊ ပန်း၊ ရေချမ်း၊ ဆီမီး ၁၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ အခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပူဇော်ပွဲအခမ်းအနားကို ရွှေသူဌေးမင်းသဘော်ပိုင်ရှင် ဦးညွန့်ဌေးမိသားစုက မတည်၍ မြို့နယ်ရှိ ဘုရားဒါယကာ၊ ဒါယိကာမ အလှူရှင်အပေါင်းနှင့် ခုနစ်ရက်သားသမီးအပေါင်းတို့က လှူဒါန်းဆက်ကပ်ကြပြီး သံဃာတော် ၁၀ ပါးမှ ဇာတကပါဠိ ဝေသန္တရာနိပါတ်တော်အား အချိန် ၁၈ နာရီ ရွတ်ဖတ်ပူဇော်ကြရာ အလှူရှင်များက ကြည်ညိုသဒ္ဓါပွား စုပေါင်းကုသိုလ်တော်များ လှူဒါန်းပူဇော်ကြကြောင်း သိရသည်။

**အောင်အောင်(ပြန်/ဆက်)**

# ရွှေဇင်းကျိုက်ဆံတော်ရှင်စေတီတော်မြတ်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအခမ်းအနား ကျင်းပ

**ပေါင် ဧပြီ ၁၉**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ရှိဘုရားရှင်(၈)ဝါမြောက်ကာလတွင် တိဿကုမာရရသေ့ကြီး တည်ထားကိုးကွယ်ခဲ့သော ဆံကေသမဟာဓာတုဝင် ရွှေဇင်းကျိုက်ဆံတော်ရှင်စေတီတော်မြတ်ကြီး တောင်ထိပ်ဝိဇ္ဇာညီနောင်ရင်ပြင်နှင့် ကားရပ်နားရာရင်ပြင်တိုးချဲ့ခြင်း၊ တောင်တက်ကားလမ်းတိုးချဲ့လှူဒါန်းခြင်း၊ တည်းခိုဆောင် တည်ဆောက်လှူဒါန်းခြင်း၊ လုံးတော်ပြည့်ရွှေရောင်စတီးသင်္ကန်းကပ်လှူခြင်း၊ ကမ္ပည်းမော်ကွန်းစာဖွင့်လှစ်ခြင်းနှင့် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာမော်ကွန်းကမ္ပည်းကျောက်စာအား နိုင်ငံတော်ဩဝါဒါစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ရွှေဒဂုံဆရာတော်၊ နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော်၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မဟာချူလာလောင်ကွန်းဗုဒ္ဓတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်ဆရာတော်၊ ဒုတိယကျိုက်ထီးဆောင်းဆရာတော်၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာ နုဂ္ဂဟအသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီးနောက် အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။



ထို့နောက် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဇောတိကဓဇဂုဏ်ထူးဆောင် ဓမ္မပါရဂူဒေါက်တာ ဘဒ္ဒန္တကုမာရထံမှ ကိုးပါးသီလခံယူဆောက်တည်ခြင်းနှင့် ဆရာတော်ကြီးများမှ ပရိတ်တရားတော်များ ရွတ်ပွားသဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မြန်မာနိုင်ငံလုံးဆိုင်ရာ နယ်စပ်နှင့် တောင်တန်းသာသနာပြု အဖွဲ့ချုပ်(ဗဟို)ဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဒါယကာ၊ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသသာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌတို့က သာသနာရေးဆိုင်ရာများအား လျှောက်ထားကြပြီး အခမ်းအနားမှူး ဦးစံသင်းလှိုင်က ထုတိဩဘာဂါထာတော်များဖြင့် ပူဇော်ပြီး တေးသံရှင် မေခလာနှင့် စိမ့်နေခြည်တို့က ဗုဒ္ဓဂုဏာပူဇာမင်္ဂလာရတုပိုဒ်စုံဖြင့် လည်းကောင်း၊ နိုင်ငံကျော်တေးသံရှင် မြန်မာပြည်သိန်းတန်က ရတနာပုံသီချင်းဖြင့်လည်းကောင်း သီဆိုပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက်၊ ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခန္ဒိမာဘိဝံသမဟာထေရ်မြတ်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာကြား၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

၎င်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ပင့်ဆောင်ကာ ဓာတ်လှေကားဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။ ထို့နောက် ဆရာတော်ကြီးများက စေတီတော်ကြီးအား ဘိသေကအနေကဇာတင်၍ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကြပြီး ဗုဒ္ဓဘိသိက် သွန်းတော်မူကြပြီးနောက် ကြွရောက်လာသော ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

## ပြည်ပ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စေလွှတ်သော ပညာတော်သင် ရဟန်းသံဃာများအနေဖြင့် ပြည်ပရေးရာအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်နိုင်

**ရန်ကုန် ဧပြီ ၁၉**

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ပြည်တွင်း၌သာမက ပြည်ပသို့တိုင် ပြန့်ပွားစေရန်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေဖြင့် ပြည်ပသာသနာပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပညာရေးအဖွဲ့ငယ်၏ လက်အောက်တွင် ပြည်ပရေးရာအဖွဲ့ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စတင်ဖွဲ့စည်းခဲ့သည်။

သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စေလွှတ်သော ပြည်ပထေရဝါဒဗုဒ္ဓသာသနာပြု သံဃာတော်များအနေဖြင့် ပြည်ပရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကူအညီလိုအပ်လာပါက ပြည်ပရေးရာအဖွဲ့၏ Website ဖြစ်သည့် www.mahana.org.mm (မြန်မာ- အင်္ဂလိပ်နှစ်ဘာသာဖြင့် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။) Gmail ဖြစ်သည့် tharwi 2016@gmail.com နှင့် ဒေါ်မိုးမိုစန်း လက်ထောက်ညွှန်ကြားရေးမှူး ပြည်ပရေးရာအဖွဲ့ ဖုန်းနံပါတ် ၀၉-၂၅၅၉၈၀၈၅၇၊ ၀၉-၇၃၁၃၂၃၀၂၊ ပြည်ပရေးရာအဖွဲ့ ၀၁- ၆၆၁၇၄၆ (ဖုန်း-ဖက်စ်)တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဧပြီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ ပထမဆုရရှိသည့် ဇော်လွင်ဦး(ဟသ်ာတ)၏ "ယင်းနက်" စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်း နေထိုင်ကြသည့် ယင်းနက်မျိုးနွယ်စုတို့၏ ယနေ့ထိတိုင် ထိန်းသိမ်းထားသော ရိုးရာဓလေ့၊ ယဉ်ကျေးမှုနှင့် လူနေမှုပုံစံ၊ ကိုးကွယ်ယုံကြည်မှု၊ စာပေနှင့် ဘာသာစကား စသည့် အကြောင်းအချက်များကို အထောက်အထားခိုင်လုံစွာ ရှုထောင့်စုံမှ ရေးဖွဲ့တင်ပြထားရာ စာဖတ်ပရိသတ်များအတွက် ဗဟုသုတများစွာရရှိနိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ၁၃၀၀ ကျပ်ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် အမှတ်(တ- ၅၅) သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## လမ်းကွန်ရက်အမှတ် (၈) ကျုံကဒွန်း - စက်ဆန်းလမ်း ကတ္တရာခင်း

**ရန်ကုန် ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်ရှိ ကျုံကဒွန်း-စက်ဆန်းလမ်းသည်မိုင်အားဖြင့် ၁၇ မိုင် ၆ ဖာလုံရှိသည့် ဖျာပုံခရိုင်အတွင်း မြို့နယ်ချင်းဆက်သွယ်၍ ခရိုင်သို့တက်သောလမ်းဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က စီမံခန့်ခွဲသောလမ်းဖြစ်သည်။



အဆိုပါလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနက ဧရာဝတီတိုင်းဒေသကြီး နာဂစ်အလွန် ကာလအတွင်း ဖောက်လုပ်ခဲ့သော လမ်းကွန်ရက် ၁၀ အနက်မှ အမှတ်(၈) လမ်းကွန်ရက် တစ်သွယ်ဖြစ်ပြီး ဖျာပုံမြို့နယ်အပိုင်းမှာ ၃ မိုင် ၇ ၁/၂ ဖာလုံနှင့် ဘိုကလေးမြို့နယ်အပိုင်းတို့တွင် ၁၃ မိုင် ၆ ၁/၂ ဖာလုံ ပါဝင်သည်။

လမ်း၏နောက်ခံသမိုင်းမှာ ၁၉၉၂ ခုနှစ်တွင် မြေသားတာပေါင်လမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၉၅-၁၉၉၆ ခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှစတင်တာဝန်ယူခဲ့သည့် ၁၉၉၈-၁၉၉၉ ခုနှစ်အထိ မအူပင်ခရိုင်မှ ကျောက်ခင်းခြင်းလုပ်ငန်းများအား စတင်ဆောင်ရွက်ခဲ့သည်။ ၎င်းနောက် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစ၍ ယနေ့အထိ ဖျာပုံခရိုင်က လုပ်ငန်းများ ဆက်လက်တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ လမ်းအဆင့်အတန်းမှာ ပြည်ထောင်စုလမ်းမကြီးဖြစ်သော်လည်း(က)စာရင်းဝင်လမ်း မဖြစ်သေးဘဲရှိသည်။

လမ်းအစမြို့ရွာမှာ ဖျာပုံမြို့နယ် ကျုံကဒွန်းကျေးရွာဖြစ်ပြီး လမ်းအဆုံးသည် ဘိုကလေးမြို့နယ် စက်ဆန်းရွာဖြစ်သည်။ လမ်းဖြတ်သန်းရာတစ်လျှောက်နှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာတို့မှာ ကနီရွာ၊ ခနောင်ရွာ၊ ဖိုးညိုရွာ၊ သဇင်ကုန်းရွာ၊ ယာဉ်ဘိုကြီးရွာ၊ ငါးပြေမရွာ၊ ကံဆိပ်ရွာ၊ ကသမျှင်ရွာ၊ ဒေါင့်ကြီးရွာ၊ ကသသောင်းရွာတို့ဖြစ်သည်။

လမ်းအမျိုးအစားမှာ (၃၀-၉-၂၀၁၈)ခုနှစ်အထိ ကတ္တရာလမ်း (၁)မိုင်၊ ကျောက်ချောလမ်း ၁ မိုင် ၁/၂ ဖာလုံ၊ အမာခံလမ်း ၁၅ မိုင် ၅ ၁/၂ ဖာလုံရှိပြီး လမ်းတာပေါင်ထိပ်အကျယ်ပေ ၃၀၊ တာပေါင်အမြင့် လေးပေ၊ လမ်းပုခုံးမြေသား တစ်ဖက်သုံးပေနှင့် လမ်းအထူအမြင့် ခြောက်လက်မရှိသော လမ်းဖြစ်သည်။

အဆိုပါလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး လမ်းဦးစီးဌာန၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၈-၂၀၁၉ မိနီဘဏ္ဍာနှစ်အထိ ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၂၉၄၈ ဒသမ ၉၅ သန်း၊ တိုင်းဒေသကြီး ပြင်/ထိန်း ရန်ပုံငွေကျပ် ၁၇ ဒသမ ၂၇ သန်း၊ ရန်ပုံငွေနှစ်ရပ် စုစုပေါင်းငွေကျပ် ၂၉၆၆ ဒသမ ၂၈၇ သန်းအသုံးပြု၍ ဖျာပုံခရိုင်လမ်းဦးစီးကလမ်းမြေသားတာပေါင်ချဲ့ခြင်း၊ လမ်းအခြေခံလွှာကြိတ်ခင်းခြင်း၊ ကတ္တရာလောင်းခြင်း၊ လမ်းပိုင်း၌ပါဝင်သော သစ်သားတံတားများအား သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ခရမ်းစိုးမြင့်**

## တန့်ယန်းမြို့နယ်တွင် မျက်စိဝေဒနာရှင်များအား အခမဲ့ စစ်ဆေးခွဲစိတ်ကုသပေးမည်

**တန့်ယန်း ဧပြီ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တကုသလ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)က ဦးဆောင်ဦးရွက်ပြုလျက် ဒေသခံတိုင်းရင်းသားပြည်သူ မျက်စိဝေဒနာရှင်များအား လူမျိုးမရွေး၊ ဘာသာမရွေး မျက်စိစမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းကို ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မျက်စိစမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းဌာန၏ ပံ့ပိုးကူညီပူးပေါင်းဆောင်ရွက်မှုဖြင့် မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်မျိုးဝင်းဦးဆောင်သည့်(မျက်စိကုသရေးအဖွဲ့)က လာရောက်စမ်းသပ်စစ်ဆေး၊ ခွဲစိတ်ကုသဆောင်ရွက်ပေးမည်ဖြစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိဌာနဆိုင်ရာများ၊ အမှတ်(၃)တပ်မတော်ဆေးရုံ(၂၅ ခုတင်ဆံ့)မှ ဆေးရုံအုပ်ကြီးနှင့် အရာရှိများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန် ဆရာမများ၊ အသင်းအဖွဲ့များ၊ ပရဟိတလူငယ်အကျိုးဆောင်အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြမည်ဖြစ်သည်။

မျက်စိကုသပေးခြင်းများကို အမှတ်(၁၀)ရပ်ကွက်ရှိ ကိုင်းကုန်းပရိယတ္တိစာသင်တိုက်ကြီးတွင် သုံးရက်တိုင်တိုင် စမ်းသပ်စစ်ဆေးကုသပေးမည်ဖြစ်ပြီး ခွဲစိတ်ကုသပေးရန် လိုအပ်သည့် မျက်စိဝေဒနာရှင် မိဘပြည်သူများအား အမှတ်(၃)တပ်မတော်ဆေးရုံ(၂၅ ခုတင်ဆံ့)တွင် ဆက်လက်၍ ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# မြန်မာနိုင်ငံရှိဟိုတယ်များ ကြယ်ပွင့်အဆင့်အတန်း သတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁၉**

မြန်မာနိုင်ငံရှိဟိုတယ်များ အဆင့်အတန်းမြင့်မားစေရေးနှင့် ဝန်ဆောင်မှုအရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရန် ရည်ရွယ်၍ ဟိုတယ်များ ကြယ်ပွင့်အဆင့်အတန်း သတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ဟိုတယ်နှင့် ခရီးသွားလာရေး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ စျေးကွက်မြှင့်တင်ရေးအသင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ ပြည်ပကျွမ်းကျင်ပညာရှင်များဖြစ်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ Dr. Drimitrios Koutoulas၊ မလေးရှားနိုင်ငံမှ Professor Dr. Ng Yen Yen တို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ တိုးတက်ဝင်ရောက်စေရေးဆောင်ရွက်နေမှု အခြေအနေ၊ မြန်မာနိုင်ငံတွင် ယခင်က ဟိုတယ်များကို ကြယ်ပွင့်အဆင့်သတ်မှတ်ခဲ့မှု အခြေအနေနှင့် ယခုအခါ ပိုမိုပြည့်စုံသော ကြယ်ပွင့်အဆင့်အတန်း သတ်မှတ်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၏ အကြံဉာဏ်များ၊ ပုဂ္ဂလိကအသင်းများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ရန် စီစဉ်ထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

**အကြံပြုရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်ပကျွမ်းကျင်ပညာရှင် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ Dr. Drimitrios Koutoulas နှင့် မလေးရှားနိုင်ငံမှ Professor Dr. Ng Yen Yen တို့က နိုင်ငံတကာတွင် ဟိုတယ်အဆင့်အတန်းသတ်မှတ်မှုစနစ်များ၊ ထိုသို့သတ်မှတ်ရာတွင် မြန်မာနိုင်ငံနှင့်လိုက်လျောညီထွေစွာ သတ်မှတ်သင့်သည့်အချက်များကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ်အသင်းဥက္ကဋ္ဌတို့က ဟိုတယ်များ ကြယ်ပွင့်အဆင့်သတ်မှတ်ရေးအတွက် ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုရှင်းလင်းတင်ပြသည်။

ဟိုတယ်များ ကြယ်ပွင့်အဆင့်သတ်မှတ်ရေးအဖွဲ့ကို မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဟိုတယ်များအသင်းနှင့် မြန်မာနိုင်ငံစျေးကွက်မြှင့်တင်ရေးအသင်းတို့က အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်ပြီး အဆိုပါအဖွဲ့သည် ပြည်ပကျွမ်းကျင်ပညာရှင်များနှင့်အတူ ရန်ကုန်၊ နေပြည်တော်၊ ပုဂံ၊ မန္တလေး၊ အင်းလေး၊ ငပလီ၊ ကော့သောင်း ဒေသများရှိ ဟိုတယ်များသို့ ကနဦးသွားရောက်လေ့လာ၍ မြန်မာနိုင်ငံနှင့်သင့်လျော်မည့် ကြယ်ပွင့်အဆင့်သတ်မှတ်ရေးစံနှုန်းများကိုရေးဆွဲပြီး ဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကို ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် ကျင်းပသွားမည်

**ရန်ကုန် မေ ၁၉**

မြန်မာကျောင်းသားလူငယ်များအတွက် ထိုင်းနိုင်ငံ၏ ပညာရေးအခွင့်အလမ်းကောင်းများရရှိစေမည့် ထိုင်းတက္ကသိုလ်ပေါင်းစုံ ပညာရေးပြပွဲကို ရန်ကုန်မြို့၌ မေ ၂၇ ရက်တွင် လည်းကောင်း၊ မန္တလေးမြို့၌ မေ ၂၈ ရက်တွင်လည်းကောင်း ဒုတိယအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံး၌ကျင်းပသော အဆိုပါပြပွဲကျင်းပနိုင်ရေး သတင်းစာရှင်းလင်းပွဲမှ သိရသည်။

**ပူးပေါင်းကျင်းပ**

ပြပွဲဖြစ်မြောက်ရေးအတွက် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးကအဓိကကူညီပံ့ပိုးပေးပြီး ထိုင်းတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားများအသင်း(AMAUT )နှင့် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း(မြန်မာ)TBAM တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ထိုပြပွဲကြီးတွင် ထိုင်းနိုင်ငံရှိ နာမည်ကြီး ချူလာလောင်ကွန်းတက္ကသိုလ်၊ AIT တက္ကသိုလ်၊ Stamford တက္ကသိုလ်နှင့် အခြားတက္ကသိုလ်များ ပါဝင်ကာ အင်ဂျင်နီယာဘာသာရပ်အမျိုးမျိုး၊ ဆေးပညာဘာသာရပ်အမျိုးမျိုး၊ နိုင်ငံရေးဘာသာရပ်၊ ဥပဒေဘာသာရပ်၊ ဂျာနယ်လစ်ဇင်ဘာသာရပ်နှင့် အခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာဘာသာရပ်များတွင် နာမည်ကျော်ကြားသော တက္ကသိုလ် ၂၀ ကျော်မှ လာရောက်ပြသမည်ဖြစ်ပြီး မြန်မာကျောင်းသားများ၊ မိဘအုပ်ထိန်းသူများအနေဖြင့် ထိုတက္ကသိုလ်မှ တာဝန်ရှိသူများနှင့် တိုက်ရိုက်ဆွေးနွေးခွင့်ရရှိမည်ဖြစ်သည်။



**အထူးအခွင့်အရေး**

တက်ရောက်လိုသော တက္ကသိုလ်ဝင်တန်းဖြေဆိုထားသူများ၊ တက္ကသိုလ်တက်ရောက်နေသူများ၊ မဟာဘွဲ့/ပါရဂူဘွဲ့များအတွက် ပညာသင်ထောက်ပံ့ကြေးများအပြင် ပညာသင်ဆုအနေဖြင့် တက္ကသိုလ်တိုင်းတွင် ထူးချွန်ကျောင်းသားများအတွက် Full Scholarship နှင့် ကုန်ကျစရိတ်တစ်ဝက်လျှော့ချပေးသော ပညာသင်ဆုများ၊ ကျောင်းတက်နေသည့် ပညာသင်နှစ်အလိုက် ပညာသင်ဆုများပါဝင်ကာ မြန်မာကျောင်းသားများအတွက် အထူးအခွင့်အရေးပေးသွားမည့်ပြပွဲဖြစ်ကြောင်း သိရသည်။

ပြပွဲကြီးကို မေ ၂၇ ရက်တွင် ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ လည်းကောင်း၊ မေ ၂၈ ရက်တွင် မန္တလေးမြို့ ဟိုတယ်ရွှေပြည်သာ၌ လည်းကောင်း နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးမင်းသိန်း(မရမ်းကုန်း)**
**ဓာတ်ပုံ-မျိုးကြီး**



**စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်နေသော ကျေးရွာများသို့ မေ ၁၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းထွန်း၊ ရှိမ်းမကားနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်ကီးယား ဦးဆောင်သောတပ်ဖွဲ့ဝင် ၁၃ ဦး၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင်များပူးပေါင်း၍ သောက်သုံးရေများ ပေးဝေလှူဒါန်းစဉ်။**
ချစ်စံ(ခင်ဦး)

**သစ်ပင်စိုက်မှ အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းပြေ၏**

# တောင်ကြီးမြို့၌ ပထမအကြိမ် ရှမ်းရိုးရာသင်္ကြန်ပွဲတော် ကျင်းပ

**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းနှင့် ပွဲတော်ဖြစ်မြောက်ရေးဥက္ကဋ္ဌက ကြီးမှူးကျင်းပသော ပထမအကြိမ် ရှမ်းရိုးရာသင်္ကြန်ပွဲတော်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရေအေးကွင်းရပ်ကွက် ကမ္ဘောဇလမ်း C3 Café ဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ရှမ်းတိုင်းရင်းသားများ ရိုးရာသင်္ကြန်ကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စဝ်ခွန်မိန်း၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းပိန်ဖ၊ ပွဲတော်ဖြစ်မြောက်ရေးဥက္ကဋ္ဌ နန်းမြဦးနှင့် ချယ်ရီ FM မှ တာဝန်ခံတစ်ဦးတို့က ပထမအကြိမ် ရှမ်းရိုးရာသင်္ကြန်ပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

တောင်ကြီးမြို့ပေါ်ရှိ အသက်(၈၀)နှင့်အထက် အဘိုးအဘွားများ ၉၅ ဦးအနက် ၄၂ ဦး တက်ရောက်အပူဇော်ခံကြပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွားများအား အိမ်တိုင်ရာရောက်ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။



ပွဲတော်တွင် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်၍ တက်ရောက်လာသူများအား စတုဒိသာများဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ ကျိုက်ထီးရိုးဘုရား ရင်ပြင်တော်တွင် ရင်ငွေ့လှုံပူဇော်ခံ

**ကျိုက်ထို ဧပြီ ၁၉**

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးမှ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သို့ ပင့်ဆောင်ပူဇော်သည်။

ရှေးဦးစွာ ယနေ့နံနက် ၅ နာရီခွဲက ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်၊ ရတနာငှက်မြတ်နားတော်တို့အား ရွှေတိဂုံစေတီတော်အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ရုပ်ပွားတော် အာရုံခံမှ ဆရာတော်၊ သံဃာတော်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းအဖွဲ့များက ပြန်လည်ပင့်ဆောင်၍ **(ယာပုံ)**ရွှေတိဂုံစေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်သည်။

ထို့နောက် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား ရွှေတိဂုံစေတီတော်မှ ကျိုက်ထီးရိုးစေတီတော်သို့ ပင့်ဆောင်ပူဇော်ရာ မွန်ပြည်နယ်အဝင်စစ်တောင်းတံတား(မုပ္ပလင်)တွင် မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးဝဏ္ဏကျော်၊ လူမှုရေးဝန်ကြီးဒေါက်တာထိန်လင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်သန်း၊ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များ၊ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုပင့်ဆောင်ပြီး ကျိုက်ထီးရိုးစေတီတော်၏ ရင်ငွေ့လှုံ အပူဇော်ခံသည်။

ညပိုင်းတွင် ကျိုက်ထီးရိုးစေတီတော်ရင်ပြင်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ရင်ငွေ့လှုံပူဇော်ပွဲအထိမ်းအမှတ် ငြိမ်းချမ်းရေးတရားတော်ကို ဟောကြားချီးမြှင့်ရာ တရားချစ်ခင်သူတော်စင် ဓမ္မမိတ်ဆွေများက တရားတော်ကို ရိုသေစွာ နာယူကြည်ညိုကြသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓရုပ်ပွားတော်များ၊ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဒေသစာရီကြွချီအပူဇော်ခံလျက်ရှိရာ ဧပြီ ၂၀ ရက်တွင် မော်လမြိုင်၊ ၂၁ ရက်တွင် ထားဝယ်၊ ၂၂ ရက်တွင် ဘားအံ၊ ၂၃ ရက်တွင် သထုံ၊ ၂၄ ရက်တွင် ပဲခူး၊ ၂၅ ရက်တွင် ပုသိမ်၊ ၂၆ ရက်တွင် ဟသ်ာတ၊ ၂၇ ရက်တွင် ပြည်၊ ၂၈ ရက်တွင် မကွေး၊ ၂၉ ရက်တွင် ပုဂံ၊ ဧပြီ ၃၀ ရက်မှ မေ ၁ ရက်ထိ မုံရွာ၊ မေ ၂ ရက်မှ ၆ ရက်ထိ မန္တလေး၊ မေ ၇ ရက်တွင် ကျောက်ဆည်၊ မေ ၈ ရက်တွင် သဲတော(ဝမ်းတွင်း)၊ မေ ၉ ရက်တွင် တောင်ကြီး၊ မေ ၁၀ ရက်တွင် လွိုင်ကော်၊ မေ ၁၁ ရက်တွင် တောင်ငူ၊ မေ ၁၂ ရက်မှ ၁၈ ရက်ထိ နေပြည်တော်တို့တွင် ဒေသစာရီကြွချီ အပူဇော်ခံသွားမည်ဖြစ်ပြီး ဒေသစာရီလှည့်လည်အပူဇော်ခံရာ ခရီးစဉ်တစ်လျှောက်တွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက က ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။



**ဟန်လင်းနိုင်**



## ပြည်လုံးချမ်းသာဆုတောင်းပြည့် စေတီတော်အား ရွှေထီးတော်တင်လှူ

**ပေါက် ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဆယ်ပင်းကျေးရွာ မူလပုညရာမမေတ္တာဂုဏ်ရည် ဓမ္မရိပ်သာကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်တော်မူသော ပြည်လုံးချမ်းသာဆုတောင်းပြည့်စေတီတော်အား ရွှေထီးတော်တင်လှူပွဲကို ဧပြီ ၁၉ ရက် နံနက်ပိုင်းက ကျင်းပရာ ဆရာတော်၊ သံဃာတော်များ၊ ဂေါပကအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကာ မေတ္တသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တော်များကို နာယူကြပြီး မေတ္တာဂုဏ်ရည်ဓမ္မရိပ်သာကျောင်းတိုက်ဆရာတော် ဦးဇဋိလအား အမှူးထား၍ ဘုရား ဒါယကာ ဒါယိကာမများက ရတနာစိန်ဖူးတော်၊ ထီးတော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များ၊ ဘုရားဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက မင်္ဂလာရထားပျံဖြင့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များကို တင်လှူပူဇော်ပြီး ရွှေထီးတော်အောင်ပွဲအဖြစ် ရတနာရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ရွှေထီးတော်တင်လှူပြီးသော စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပူဇော်ခဲ့ကြသည်။

အဆိုပါ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး၏ ဉာဏ်တော်အမြင့်မှာ ၈၅ ပေရှိကြောင်း သိရသည်။

**ဉာဏ်တိုး(ပေါက်)**

## ငါ့သရောက်မြို့ကုလားတဲကျေးရွာ ကျော်စံရာစေတီတော်ကြီးအား ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲကျင်းပ

**ငါ့သရောက် ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ငါ့သရောက်မြို့ ကုလားတဲကျေးရွာ ဇေယျာဘုံသာကျောင်းအတွင်း ပုဂံပြည်သာသနာပြုပုဂ္ဂိုလ် ရှင်အရဟံ တည်ထားကိုးကွယ်ခဲ့သည်ဟု ယူဆရသည့် ကျော်စံရာစေတီတော်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပွဲကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ကျော်စံရာစေတီတော်ကြီး ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင်အခမ်းအနားကို ဖွင့်လှစ်ကာ ကုလားတဲမြောက်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်ကြီးများထံမှ မေတ္တသုတ်ပရိတ်တရားတော်နာယူကြကာ ကုလားတဲကျေးရွာတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တထေလာဝံသထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေသည်။ ယင်းနောက် ဆရာတော်ကြီးများနှင့် တပည့်ဒါယကာ ဒါယိကာမများက ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား ပန်းရထားဖြင့် ပင့်ဆောင်တော်မူကာ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့အား တင်လှူပူဇော်ကြသည်။



ဆက်လက်၍ အရန်စေတီ ရှစ်ဆူ၏ ထီးတော်နှင့် စိန်ဖူးတော်များအား တပည့်ဒါယကာ ဒါယိကာမများက ပင့်ဆောင်တင်လှူကြပြီး သံဃာတော် အရှင်သူမြတ်များက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်တော်မူကြကာ ရွှေမိုးငွေမိုး ရွာသွန်းပေးသည်။

ယခုတင်လှူသည့် ဘုံအဆင့်ဆင့် ထီးတော်၊ ငှက်မြတ်နားတော်တို့သည် ရွှေအစစ်ဖြင့် ပူဇော်ထားသည့် အလွန်ရှေးကြသည့် ထီးတော်၊ ငှက်မြတ်နားတော်များဖြစ်ကာ စိန်ဖူးတော်သာ ယခုခေတ်လက်ရာဖြစ်ကြောင်း၊ ယခုအကြိမ်နှင့်ဆိုလျှင် သုံးကြိမ်မြောက် တင်လှူပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုထိန်(ငါ့သရောက်)**

## အလောင်းတော်ကဿပ လမ်းပိတ်ပွဲ ဧပြီ ၂၁ ရက်တွင် ကျင်းပမည်

**ကနီ ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်အတွင်းရှိ အလောင်းတော်ကဿပဘုရားလမ်းပိုင်း ပိတ်ပွဲအခမ်းအနားကို ဧပြီ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကနီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

အလောင်းတော်ကဿပဘုရားသွားလမ်းပိုင်းကို ဇန်နဝါရီလအတွင်းက စတင်ဖွင့်လှစ်ခဲ့ပြီး ဧပြီ ၂၁ ရက်တွင် ဆရာတော်၊ သံဃာတော်များဖြင့် လမ်းတစ်လျှောက်တွင် အန္တရာယ်ကင်း ပရိတ်တရားတော်များ၊ ပဋ္ဌာန်းတရားတော်များ ရွတ်ဖတ်ပူဇော်ပြီး လမ်းပိုင်းအားပိတ်သွားမည်ဖြစ်ကြောင်းနှင့် အလောင်းတော်ကဿပ ရုပ်ပွားတော်မြတ်အား သံကွန်ချာဖြင့် ဖုံးအုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"မနှစ်က ဒီလိုအချိန်မှာပဲ လမ်းပိတ်ပွဲ ကျင်းပတာပါ။ ဒီနှစ်က မိုးဦးကျတာ နောက်ကျတယ်။ ပိတ်ပွဲအခမ်းအနားကို မြို့နယ်သံဃနာယကအဖွဲ့က တောင်ပေါ်ကနေ လမ်းတစ်လျှောက် ပရိတ်တရားတွေ ရွတ်ဖတ်ပူဇော်ကြမယ်။ ဘုရားကိုတော့ သံကွန်ချာနဲ့ သော့ခတ်မယ်။ ရသုံးငွေစာရင်းရှင်းတမ်းတွေ ပြုလုပ်မယ်။ ရှင်းပြီးရင် ရေစက်ချ အမျှဝေပြီး လမ်းပိုင်းကို ပိတ်လိုက်တော့မယ်"ဟု ကနီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းက ပြောသည်။

အလောင်းတော်ကဿပလမ်းပိုင်းပိတ်ပွဲနှင့် နောင်နှစ် ဘုရားဖူးရာသီတွင် ပြင်ဆင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ရသုံးငွေစာရင်းရှင်းတမ်းများနှင့်ပတ်သက်၍ ဧပြီ ၂၀ ရက်တွင် သံဃမဟာနာယက၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများ စုပေါင်းပြီး အစည်းအဝေးတစ်ရပ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလောင်းတော်ကဿပလမ်းပိုင်းကို နှစ်စဉ် မိုးလေကင်းလွတ်သည့် ဇန်နဝါရီလမှ ဧပြီလအထိ လေးလသာ ဖွင့်လှစ်လေ့ရှိပြီး မိုးရာသီတွင် လမ်းပိုင်းအား ပြန်လည်ပိတ်လေ့ရှိသည်။

**ကိုမင်း(အင်းတော်)**

# ဧရာဝတီမြစ်တွင် တရားမဝင် ငါးရှော့တိုက်ဖမ်းဆီးခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးအန္တရာယ်များကြောင့် ငှက်မျိုးစိတ်များနှင့် ဟင်္သာငှက်များ သိသိသာသာ လျော့နည်းလာ

**ကသာ မေ ၁၉**

မြန်မာနိုင်ငံတွင် အထင်ကရရှိနေသော ဧရာဝတီမြစ်အတွင်း ရေနေငါးများစားသုံး၍ ပျော်ရွှင်စွာနေထိုင်ကြသော ဆောင်းခိုငှက်မျိုးစိတ် ဟင်္သာငှက်များ လျော့နည်းလာသဖြင့် နိုင်ငံခြားသားခရီးသွားများအား ဆွဲဆောင်မှုကို ထိခိုက်လာစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ပြင် ဧရာဝတီမြစ်အတွင်းရှိ ငါးမျိုးစိတ်များကို မှီခိုအားထားစားသောက်နေထိုင်သော ဗျိုင်းငှက်၊ တင်ကျီးငှက်၊ ရေကြက်ငှက်၊ မြီးညှောင့်ငှက်၊ ဟင်္သာငှက်၊ ရေဘဲငှက်၊ ဗျိုင်းအောက်ငှက်၊ ဒေါင်းငှက်၊ သပိတ်လွယ်နက် ငှက်စသည့် ငှက်များမှာ လူ့ပယောဂနှင့် သဘာဝစိမ့်စမ်း များ ရေခန်းခြောက်မှုကြောင့် ဧရာဝတီမြစ်တွင် ဆောင်းခိုငှက်မျိုးစုံ မြင်တွေ့ရမှု ရှားပါးလာလျက်ရှိသည်။

**အကြိုက်တွေ့**

ယခင်ကဆိုလျှင် ကသာမြို့နယ်အနီးတစ်ဝိုက် နံနက် ၁၀ နာရီဝန်းကျင်ခန့်ထိ ရေစပ်နှင့် သောင်ပြင်ပေါ်ထွန်းရာနေရာတွင် နေရောင်ခြည်နှင့်အတူ ငှက်အုပ်များစွာ အုပ်စုဖွဲ့အသင်းလိုက်သော် လည်းကောင်း၊ အဖော်မဲ့သော် လည်းကောင်း၊ နှစ်ကောင်တွဲသော် လည်းကောင်း နေထိုင်တတ်သော ဟင်္သာငှက်များ မြင်တွေ့ရမှု များပြားလျက်ရှိရာ နိုင်ငံခြားသားခရီးသွားများ အကြိုက်တွေ့လျက်ရှိသည်။

**အလေးထားဆောင်ရွက်ရန်လို**

ယခုအခါတွင် ဧရာဝတီမြစ်တွင် တရားမဝင် ငါးရှော့တိုက်ဖမ်းဆီးခြင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးအန္တရာယ်များကြောင့် ငှက်မျိုးစိတ်များနှင့် ဟင်္သာငှက်များ သိသိသာသာ လျော့နည်းလာသဖြင့် သားရဲတိရစ္ဆာန် ကာကွယ်ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီး ဟင်္သာငှက်များအပါအဝင် ရေနေငှက်များ ကျဆင်းသွားခြင်းအပေါ် လေ့လာမှုများပြုလုပ်ပြီး ရေနေငှက်များ ထိန်းသိမ်းစောင့်ရှောက်ကြပ်မတ်မှုကို အလေးထားဆောင်ရွက်ကြရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**ငွေအိုး(ကသာ)**



# သောက်သုံးရေအခက်ကြုံနေသည့် ကျေးရွာများအား သောက်သုံးရေများ လှူဒါန်း

**ညောင်ဦး မေ ၁၉**

ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ဒေသခံ ကျေးလက်နေပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသဖြင့် သုမင်္ဂလာပရဟိတ ရေလှူအသင်း နာယကဆရာတော် ဦးသုမင်္ဂလ ဦးဆောင်သော ပရဟိတရေလှူအသင်း အဖွဲ့ဝင်များက ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာပရဟိတ ရေလှူအသင်း နာယက ဆရာတော် အရှင်သာဂရ ဦးဆောင်သော ပရဟိတရေလှူအသင်းသားများနှင့် ပူးပေါင်း၍ ယနေ့ နံနက် ၉ နာရီက ညောင်ဦးမြို့နယ် ဆင်လူးအိုင်ကျေးရွာ၊ ညောင်လုကျေးရွာနှင့် ကန်နီပေါက်ကျေးရွာတို့မှ ဒေသခံပြည်သူများထံ ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။



ယင်းသို့ နွေရာသီကာလ သောက်သုံးရေအခက်ကြုံနေသည့် ကျေးလက်နေ ပြည်သူများထံ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးရာတွင် ညောင်ဦးမြို့နယ် ဆင်လူးအိုင်ကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀၊ ညောင်လုကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀၊ ကန်နီပေါက်ကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၀၀၀ စုစုပေါင်း ရေဂါလန် ၉၀၀၀ အား အိမ်ထောင်စုအလိုက် သောက်သုံးရေဖုလုံစွာသုံးစွဲနိုင်ရေး ရေသယ်ယာဉ်များဖြင့် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်၌ ရာသီဥတု အပူချိန်မြင့်တက်လာမှုနှင့် အတူ ကျေးလက်နေ ပြည်သူများ သောက်သုံးရေရှားပါးမှု အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရပြီး ယခုလို သောက်သုံးရေ ရှားပါးသည့်အချိန်တွင် ဒေသခံပြည်သူများ သောက်သုံးရေ ဖုလုံစွာသုံးစွဲနိုင်ရေးအတွက် သုမင်္ဂလာပရဟိတရေလှူအသင်းနှင့် ဖြူစင်မေတ္တာပရဟိတရေလှူအသင်းတို့က ရေသယ်ယာဉ်များဖြင့် ကျေးရွာအရောက် စဉ်ဆက်မပြတ် လှူဒါန်းပေးလျက်ရှိကြောင်း ညောင်လုကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။ **ရဲဝင်းနိုင် (ညောင်ဦး)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၀-၅-၂၀၁၉ (စနေနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ "ဓမ္မရိပ်မှာပွင့်သောပန်း"
၈း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ "သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန"
၉း၁၅ News Watch TV
၉း၃၀ မြစ်မခမီဒီယာ (စာတတ်ဖို့၊ အသက်ရှည်ဖို့၊ ဝင်ငွေကောင်းဖို့)
၁၀း၃၀ လုံမမှတ်စု (၈၃)
၁၀း၄၅ ကဗျာရိပ်မြုံ "ဘာအရုပ်လဲ"
၁၁း၀၀ NHK Programme "အထူးကင်မရာများ" (သဘာဝတရားကို တုပဖန်တီးမှုများ)
၁၁း၃၅ ချစ်စရာ့အရွယ် ကစားကြမယ်
၁၃း၀၀ ဟိုတုန်းက...ကက်ဆက်ဇာတ်လမ်းများ "ရွှေယောက်ဖလို့မခေါ်နဲ့" (ဝေယံမင်း၊ ဘလိတ်၊ အေးငြိမ်းဖြူ၊ မေဇင်ငြိမ်း) (ဒါရိုက်တာ-သီတာလင်း)

**ညပိုင်း**

၁၅း၄၅ MPT Myanmar National League 2019 ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (Chinland FC Vs Yadanarbon FC)
၁၈း၂၅ Tasty Trip
၁၉း၁၅ အိန္ဒိယဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၇၈)
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် တတိယတစ်နှစ်တာ
-(ပြည်ထောင်စုရာထူးဝန်အဖွဲ့)
(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)
-"Myanmar National Symphony Orchestra with Japan Concert 2019" (ပထမပိုင်း)
-အစီအစဉ်ပြီး၏။

# မွန်ပြည်နယ်တွင် သောက်သုံးရေရှားပါးသည့်ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း



**ချောင်းဆုံ မေ ၁၉**

ပူပြင်းခြောက်သွေ့သော နွေရာသီကာလသို့ ရောက်ရှိလာသည်နှင့် မြို့နယ်အတွင်းရှိ အချို့သောကျေးရွာများတွင် သောက်သုံးရေရှားပါးမှုနှင့် ကြုံနေရခြင်းကြောင့် ကျေးလက်နေပြည်သူများ အဆင်ပြေစေရန်အတွက် မွန်ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအောင်နိုင်ဦး ဦးဆောင်ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းကာ မေ ၁၈ ရက်က ကွမ်ရိုက်ကျေးရွာတွင် သောက်သုံးရေ ဂါလန် ၁၀၀၀၀ ခန့် သွားရောက်လှူဒါန်းခဲ့ကြပြီး အခြားသော ရေရှားပါးသည့် ကျေးရွာများသို့လည်း သွားရောက်လှူဒါန်းပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မူခင်းအသိပညာပေးဟောပြော

**နေပြည်တော် မေ ၁၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် မရင်းကြီးကျေးရွာ အမကကျောင်း၌ ယနေ့နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းဇော်ဦးသည် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများအား မူးယစ်ဆေးဝါးများပပျောက်စေရေးနှင့် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးအတွက် မူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ခွန်းဆက်နေ**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် မေ ၁၉**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# အလုံမြို့နယ်၌ အန္တရာယ်ကင်းပရိတ်တရားနာယူခြင်းနှင့် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ ကျင်းပ



**ရန်ကုန် မေ ၁၉**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် နှစ်သစ်ကူး အန္တရာယ်ကင်းပရိတ်တရားနာယူခြင်းနှင့် အသက် ၈၅ နှင့်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အလုံမြို့နယ် ဌာနာရပ်ကွက်ရှိ အလုံမြို့နယ်ခန်းမတွင် ကျင်းပသည်။

**အန္တရာယ်ကင်းပရိတ်တရားများကို နာယူ**

အခမ်းအနားတွင် မြို့နယ်သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဦးပဏ္ဍဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များထံမှ အန္တရာယ်ကင်းပရိတ်တရားများကို နာယူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဦးကုဏ္ဍလ (အောင်မင်္ဂလာ) ကျောင်းတိုက်ထံမှ ရေစက်ချ အနုမောဒနာတရားနာယူကာ အခမ်းအနား ပထမပိုင်းကို ပိတ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

**ပူဇော်ကန်တော့**

ဆက်လက်၍ သက်ကြီးပူဇော်ပွဲကို ကျင်းပရာ မြို့နယ်ဥပဒေ့ာကအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဦးက ဦးဆောင်ပြီး ကြွရောက်လာသူများနှင့်အတူ ဘိုးဘွားများအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် တာဝန်ရှိသူများက လှူဒါန်းပစ္စည်းများ ပေးအပ်ကာ သက်ကြီးအဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
၂၀၁၉ ခုနှစ်၊ လူရည်ချွန်စခန်းများသို့ စေလွှတ်ခြင်း
လူရည်ချွန်စခန်းကာလ ⇨ (၂၇-၄-၂၀၁၉) ရက်နေ့မှ (၅-၅-၂၀၁၉) ရက်နေ့အထိ

○ **မြန်မာလက်ရွေးစင်အသင်းမှ**

ခြေစမ်းပွဲများသာ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၃ အာရှဖလားခြေစစ်ပွဲ ပွဲစဉ်များအနက် ပထမအဆင့်နှင့် ဒုတိယအဆင့်ကို ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်ပြီး တတိယအဆင့်မှသာ သီးခြားကျင်းပမည်ဖြစ်သည်။ ပထမအဆင့်ခြေစစ်ပွဲကို ဇွန်လတွင် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်ကိုမူ အုပ်စုများခွဲကာ ယှဉ်ပြိုင်စေမည်ဖြစ်သည်။ မြန်မာအသင်းသည် အဆင့်သတ်မှတ်ချက်မြင့်မားခဲ့သောကြောင့် ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်ပြီး ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဇွန်လတွင် နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ဇွန်လတွင် မြန်မာ့လက်ရွေးစင်အသင်း နိုင်ငံတကာခြေစမ်းပွဲကစားနိုင်ရန် အသင်းများဖိတ်ကြားလျက်ရှိပြီး နှစ်ပွဲကစားရန် စီစဉ်လျက်ရှိသည်။

**မျှော်မှန်းထား**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၁၈ ဆုဇုကီးဖလားပြိုင်ပွဲပြီးကတည်းက နည်းပြလက်မဲ့ဖြစ်နေပြီး နိုင်ငံခြားသားနည်းပြသစ်ကို မကြာမီ ခန့်အပ်မည်ဖြစ်သည်။ မတ်လအတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် နိုင်ငံတကာခြေစမ်းပွဲများအတွက် ရန်ကုန်အသင်းနည်းပြချုပ် ဦးမျိုးမင်းထွန်းကို ယာယီနည်းပြချုပ် အဖြစ် တာဝန်ပေးအပ်ခဲ့ပြီး တရုတ်(တိုင်ပေ)အသင်းနှင့် ဂိုးမရှိသရေကျကာ အင်ဒိုနီးရှားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၃ အာရှဖလားခြေစစ်ပွဲအောင်မြင်ရန် မျှော်မှန်းထားပြီး နည်းပြသစ်အနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အဓိက စွမ်းဆောင်ပေးရမည်ဖြစ်သည်။

**ရှိုင်းထက်ဇော်**

# ရွှေကျင်မြို့နယ်တွင် မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးနေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်

**ရွှေကျင် မေ ၁၉**

ရွှေကျင်မြို့နယ်တွင် မီးလောင်ကျွမ်းမှုကြောင့် ပျက်စီးသွားသော နေအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးရုံးတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ရွှေကျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းလင်း၊ ပဲခူးတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူးရုံးမှ ဒုတိယဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မီးဘေးသင့်အိမ်ထောင်စုများ တက်ရောက်ကြပြီး ပျက်စီးနေအိမ် နှစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ်နှစ်သိန်း၊ အိမ်ထောင်စု နှစ်စုရှိ လူဦးရေ ၁၃ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေကျပ် ၂၇၃၀၀၊ ကယ်ဆယ်ရေးပစ္စည်း ၁၉ မျိုး နှစ်အိမ်ထောင်စာနှင့် Family Kit နှစ်ပုံးတို့ကို လည်းကောင်း၊ ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့နေအိမ် တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် တစ်သိန်း၊ အိမ်ထောင်စု တစ်စုရှိ လူဦးရေ ၁၃ ဦးအတွက် ခုနစ်ရက်စာ ဆန်ဖိုးထောက်ပံ့ငွေကျပ် ၂၇၃၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၁ မျိုးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ရွှေကျင်မြို့နယ် ဟသ်ာဝဲကျေးရွာတွင် မေ ၉ ရက် မွန်းလွဲ ၁ နာရီခွဲက အပူရှိန်မြင့်တက်မှုကြောင့် ဂက်စ်မီးခြစ်ထပေါက်ရာမှ နေအိမ်နှစ်လုံး မီးလောင်ပျက်စီးခဲ့ပြီး နေအိမ်တစ်လုံးမှာ မီးကူးစက်လောင်ကျွမ်းမှု မခံရစေရန် ကြိုတင်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။



**တင်စိုး(ပဲခူး)**

❖ **မြန်မာ ယူ -၁၈ မှ**

ပြိုင်ပွဲတွင် ယူ-၁၉ လက်ရွေးစင်အသင်းများနှင့် ယှဉ်ပြိုင်ခဲ့ရသောကြောင့် အတွေ့အကြုံကောင်းများရရှိပြီး ခြေစွမ်းပိုင်း ပိုမိုတိုးတက်လာသည့် မြန်မာ ယူ-၁၈ အသင်းသည် ယခုပြိုင်ပွဲတွင်မူ အမှားအယွင်းမရှိဘဲ အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် အပြန်အလှန်ကစားနိုင်ခဲ့ပြီး ပထမပိုင်းတွင် သွင်းယူသည့် နှစ်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၄၀ တွင် ဇော်ဝင်းသိန်းနှင့် ၄၅ မိနစ်တွင် စောကျော်အဲတို့က သွင်းယူခဲ့သည်။

ယူ-၁၅ ပြိုင်ပွဲ အုပ်စုပထမနေ့ကို မြန်မာစံတော်ချိန် မွန်းလွဲပိုင်းက ကျင်းပရာ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပွဲပြီးဆုံးအောင် ကစားနိုင်ခြင်းမရှိဘဲ ပွဲချိန် ၄၁ မိနစ်တွင် ရပ်နားခဲ့ရကာ ပွဲကိုရွှေ့ဆိုင်းခဲ့ရသည်။ ပွဲရပ်နားချိန်တွင် မြန်မာအသင်းက ဟောင်ကောင်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းက စင်ကာပူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရနေသည်။ မြန်မာအသင်းသည် ခြေအသာဖြင့် ကစားနေပြီး ၁၅ မိနစ်တွင် ထက်မြတ်လွင်၊ ၁၉ မိနစ်တွင် မင်းသူ၊ ၃၂ မိနစ်တွင် ကျော်မင်းခန့်တို့က ဦးဆောင်ဂိုးများ သွင်းယူထားသည်။ ရွှေ့ဆိုင်းထားသည့် လက်ကျန်မိနစ်များကို မေ ၂၀ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး ပွဲရပ်နားချိန်က ပွဲရလဒ်နှင့် လူစာရင်းအတိုင်း ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မေ ၂၀ ရက်တွင် ယှဉ်ပြိုင်ကစားရန် စီစဉ်ထားသည့် ယူ-၁၅ ပြိုင်ပွဲ အုပ်စုဒုတိယနေ့ပွဲများကို မေ ၂၁ ရက်သို့ ပြောင်းလဲကျင်းပမည်ဖြစ်သည်။

ဟောင်ကောင်ဖိတ်ခေါ် ယူ-၁၈ ပြိုင်ပွဲတွင် ဟောင်ကောင်၊ မြန်မာ၊ ဗီယက်နမ်နှင့် စင်ကာပူတို့ အသင်းလေးသင်း ယှဉ်ပြိုင်နေပြီး အုပ်စုဒုတိယနေ့ ပွဲစဉ်များအဖြစ် မေ ၂၀ ရက် နံနက် ၈ နာရီခွဲတွင် မြန်မာနှင့် ဗီယက်နမ်၊ ဟောင်ကောင်နှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-MFF**



# လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ၊ ဓာတ်တိုင်များ ပြိုလဲမှုဖြစ်ပွား၍ ပူးပေါင်းရှင်းလင်း

**စစ်ကိုင်း မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဝါးတန်းကျေးရွာ မုံရွာ-ရွှေဘိုသွားကားလမ်း မိုင်တိုင်အမှတ် ၁၅ နှင့် ၁၆ ကြားတွင် မေ ၁၈ ရက် ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်မီးတိုင်များ၊ သစ်ပင်များပြိုလဲခဲ့ပြီး လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သဖြင့် အဆိုပါနေရာသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲလွင်ဦးစီးသည့်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ လမ်းပေါ်တွင် ပိတ်ဆို့နေသည့် လမ်းမီးတိုင်များနှင့် သစ်ပင်များအား ခုတ်ထွင်ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

# လေပွေတိုက်ခတ်မှုကြောင့် ဆောက်လုပ်ဆဲနေအိမ် အမိုးလန်ပျက်စီး

**မလှိုင် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ရွာသစ်ကျေးရွာတွင် မေ ၁၈ ရက် ညနေ ၃ နာရီခန့်က လေပွေတိုက်ခတ်မှုကြောင့် ဆောက်လုပ်ဆဲနေအိမ်တစ်လုံး အမိုးလန်ပျက်စီးသွားပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

အမိုးလန်ပျက်စီးသွားသောနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အောင်ဌေး(မလှိုင်)**

# မြောက်ပိုင်းအိုင်ယာလန်နိုင်ငံတွင် လုံခြုံရေးအရာရှိတစ်ဦး၏ သေနတ်ပစ်ခတ်မှုကြောင့် သတင်းထောက်တစ်ဦး သေဆုံး

**ဗဲလဖတ် မေ ၁၉**

မြောက်ပိုင်းအိုင်ယာလန်နိုင်ငံ၌ လုံခြုံရေးအရာရှိများနှင့် ဆန္ဒထုတ်ဖော်ပြည်သူများအကြား အဓိကရုဏ်း ဖြစ်ပွားမှုတွင် ရဲအရာရှိတစ်ဦး၏ သေနတ်ပစ်ခတ်မှုကြောင့် သတင်းထောက်တစ်ဦး သေဆုံးသွားခဲ့ကြောင်း ယနေ့ အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ခရက်ဂန်စီရင်စုတွင်ဖြစ်ပွားခဲ့သော အဓိကရုဏ်း တစ်ခု၌ သတင်းထောက် လေယာမက်စ်ကီ သေနတ်ထိမှန်ကာ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အသက် ၂၉ နှစ်အရွယ် မက်စ်ကီသည် လန်ဒန်ဒါရီ မြို့အတွင်း ဖြစ်ပွားလျက်ရှိသော အဓိကရုဏ်းကို နောက်ခံထားကာ ရိုက်ကူးထားသော ဓာတ်ပုံတစ်ပုံကို သူ၏ အင်တာနက်စာမျက်နှာတွင် ပို့စ်တင်ခဲ့သည်။

အဓိကရုဏ်းဖြစ်ပွားမှုဓာတ်ပုံများတွင် ဆန္ဒထုတ်ဖော်သူများက မော်တော်ယာဉ်နှစ်စီးကို မီးရှို့ဖျက်ဆီးနေပြီး ရဲကားများကိုလည်း မီးရှူးမီးပန်းများဖြင့် ပစ်ပေါက်နေသည်ကို တွေ့မြင်ခဲ့ရသည်။





လုံခြုံရေးအရာရှိတစ်ဦးက ဆန္ဒထုတ်ဖော်သူပြည်သူများအကြား သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ သတင်းထောက် မက်စ်ကီကို ထိမှန်သွားခြင်းဖြစ်ကြောင်းနှင့် အဆိုပါ သေနတ်ပစ်ခတ်ခဲ့သည့် ရဲအရာရှိသည် အကြမ်းဖက်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု ဒုတိယရဲချုပ် မက်ဟာမီတန်က အစီရင်ခံစာတစ်ရပ်တွင် ပြောကြားခဲ့သည်။

ထို့အပြင် ယခုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကို အကြမ်းဖက်မှု တစ်ခုဟု ယူဆပါကြောင်းနှင့် အဆိုပါ ရဲအရာရှိကို လူသတ်မှုဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒုတိယရဲချုပ် မက်ဟာမီတန်က ဆက်လက်ပြောကြားခဲ့သည်။

သေဆုံးသွားသော သတင်းထောက် မက်စ်ကီသည် မြောက်ပိုင်း အိုင်ယာလန်နိုင်ငံမြို့တော် ဗဲလဖတ်တွင် နေထိုင်လျက်ရှိပြီး အတ္တလန္တိတ်မဂ္ဂဇင်းနှင့် Buzzfeed သတင်းဌာနတွင် သတင်းများ ရေးသားလျက်ရှိသည်။ ၂၀၁၆ ခုနှစ်က အသက် ၃၀ အောက် မီဒီယာလောကတွင် အထူးချွန်ဆုံးသတင်းသမားတစ်ဦးအဖြစ် Forbes မဂ္ဂဇင်းက ရွေးချယ်ခဲ့ကြောင်း သိရသည်။

အိုင်ယာလန်ဝန်ကြီးချုပ် လီယိုဗာရတ်ကာက ယခုကဲ့သို့ အကြမ်းဖက်မှုကိုအားပေးသည့် လုပ်ရပ်မျိုးကို လက်သင့်မခံပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံအတွင်း၌ ၁၉၁၆ ခုနှစ် ဗြိတိသျှအုပ်ချုပ်ရေးစနစ်ကို တော်လှန်သည့် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရာတွင် ဗြိတိန်နိုင်ငံပါဝင်နေမှုကို ရီပတ်ဘလီကန်များက ဆန့်ကျင်ရာမှ ဆန္ဒထုတ်ဖော်မှုများ စတင်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# လစ်ဗျားတွင်ဖြစ်ပွားသည့် တိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေ ၂၀၀ အထိ မြင့်တက်

**ထရီပိုလီ မေ ၁၉**

လစ်ဗျားနိုင်ငံတွင် ဖြစ်ပွားနေသည့် လက်နက်ကိုင် တိုက်ခိုက်မှုများကြောင့် သေဆုံးသူဦးရေ ၂၀၀ အထိ မြင့်တက်ခဲ့ပြီး နေအိမ်များကို စွန့်ခွာတိမ်းရှောင်နေရသည့် ဦးရေများလည်း တိုးလာကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

လစ်ဗျားနိုင်ငံ အရှေ့ဘက်ပိုင်းတွင် အခြေစိုက်သည့် စစ်ဘက်အဖွဲ့အစည်း ခေါင်းဆောင် ကာလီဖာဟက်ဖ်တာ၏ တပ်ဖွဲ့ဝင်များသည် ယခုလအစောပိုင်းက မြို့တော်ထရီပိုလီသို့ ဦးတည်ချီတက်တိုက်ခိုက်မှုများ ပြုလုပ်ပြီးကတည်းက တိုက်ခိုက်မှုများ ပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။

ကုလသမဂ္ဂက အသိအမှတ်ပြုထားသည့် လစ်ဗျားကြားဖြတ်အစိုးရတပ်ဖွဲ့များက လစ်ဗျားအရှေ့ပိုင်း အခြေစိုက်တပ်ဖွဲ့များကို ခုခံတိုက်ခိုက်လျက်ရှိသည်။

**ညှိနှိုင်းဆောင်ရွက်**

တိုက်ခိုက်မှုများအတွင်း အရပ်သား ၁၈ ဦး အပါအဝင် ၂၀၅ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရသူ ၉၁၃ ဦး ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေ ၁၇ ရက်တွင် ပြောကြားခဲ့သည်။

လစ်ဗျားပြည်သူ ၂၅၀၀၀ ခန့်သည် နေအိမ်များကို စွန့်ခွာထွက်ပြေးခဲ့ရကြောင်း၊ ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးရုံးက ပြောကြားသည်။

ကုလသမဂ္ဂအဖွဲ့က လစ်ဗျားနိုင်ငံတွင် တိုက်ခိုက်မှုများရပ်ဆိုင်းရန် တောင်းဆိုမှုများ ပြုလုပ်နေသော်လည်း လစ်ဗျားကြားဖြတ်အစိုးရနှင့် အရှေ့ပိုင်းအခြေစိုက် စစ်ဘက်အဖွဲ့အစည်းတို့က နှစ်ဖက်အဖွဲ့မှ ခေါင်းဆောင်များအား ဖမ်းဆီးရေးအတွက် ဝရမ်းများ ထုတ်ပြန်ထားကြသည်။ ယင်းအဖွဲ့နှစ်ဖွဲ့၏ လက်နက်ကိုင်ပဋိပက္ခမှာ ပိုမိုပြင်းထန်ဖွယ်ရှိကြောင်း တွေ့ရှိရသည်။

**အင်န်အိတ်ချ်ကေ**

# အင်ဒိုနီးရှားရွေးကောက်ပွဲတွင် အနိုင်ရရှိသည်ဟု ဂျိုကိုဝီဒိုဒိုနှင့် ဆူဘီယန်တိုတို့က အပြိုင်အဆိုင် ပြောကြားလျက်ရှိ

**ဂျကာတာ မေ ၁၉**

အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲအလွန်အခါသမယ၌ သမ္မတ ဂျိုကိုဝီဒိုဒိုနှင့် သူ၏ပြိုင်ဘက် ပရာဘိုဝိုဆူဘီယန်တိုတို့သည် ထောက်ခံမဲအသာစီးရကာ ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီဖြစ်ကြောင်း အပြိုင်အဆိုင်ပြောကြားလျက်ရှိသည်။

မဲရေတွက်သည့်အဖွဲ့များ၏ ကနဦးခန့်မှန်း ပြောကြားချက်အရ ဂျိုကိုဝီဒိုဒိုသည် ထောက်ခံမဲ ၅၅ ရာခိုင်နှုန်းရရှိကာ ပြိုင်ဘက် ပရာဘိုဝိုဆူဘီယန်တိုအား ၁၀ ရာခိုင်နှုန်းအသာဖြင့် ဦးဆောင်လျက်ရှိကြောင်း သိရသည်။

လာမည့်လအတွင်း ရွေးကောက်ပွဲရလဒ်များ တရားဝင်ကြေညာမည့်အချိန်ကို စောင့်မျှော်လျက်ရှိပါကြောင်းနှင့် ရွေးကောက်ပွဲတွင် ၎င်းအနေဖြင့် အနိုင်ရရှိမည်ဖြစ်သည်ဟု ယုံကြည်လျက်ရှိပါကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ဆိုသည်။

ထို့အပြင် ပြိုင်ဘက် ပရာဘိုဝိုဆူဘီယန်တိုနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် ကမ်းလှမ်းထားပါကြောင်းနှင့် ပြည်သူများလိုလားတောင့်တသည့်အတိုင်း ရွေးကောက်ပွဲကို ငြိမ်းချမ်းစွာဖြင့် အဆုံးသတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း သမ္မတဝီဒိုဒိုက ပြောကြားခဲ့သည်။

အိမ်နီးချင်းနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များက ၎င်းအား ရွေးကောက်ပွဲဒုတိယ သက်တမ်းအတွက် ထပ်မံအနိုင်ရရှိခြင်းအပေါ် ဝမ်းမြောက်ကြောင်းကို တယ်လီဖုန်းမှတစ်ဆင့် ပြောကြားခဲ့ကြောင်း သမ္မတဝီဒိုဒိုက ဆိုသည်။

ပြိုင်ဘက် ပရာဘိုဝိုဆူဘီယန်တိုကလည်း သူ၏ အိမ်ရှေ့တွင်စုဝေးလျက်ရှိသော ရာနှင့်ချီသော ထောက်ခံသူများအား ၎င်းအနေဖြင့် ရွေးကောက်ပွဲတွင် အနိုင်ရရှိသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဆူဘီယန်တိုက ရွေးကောက်ပွဲရလဒ်ထွက်ပေါ်မှုနှင့် ပတ်သက်ပြီး ဆန္ဒမဲ ဆန်းစစ်လေ့လာရေးအဖွဲ့များ၏ ခန့်မှန်းပြောကြားချက်များသည် ခိုင်မာမှုမရှိကြောင်း ပြောကြားခဲ့သည်။

အကယ်၍ ရွေးကောက်ပွဲကော်မရှင်က ဂျိုကိုဝီဒိုဒိုအား အနိုင်ရရှိသူအဖြစ် ကြေညာမည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် စွဲချက်တင်တိုင်တန်းမည်ဖြစ်ကြောင်း ဆူဘီယန်တိုက ဆိုသည်။

၂၀၁၄ ခုနှစ် ရွေးကောက်ပွဲတွင် ဆူဘီယန်တိုက အထက်ပါအတိုင်း ပြောကြားခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဂျိုကိုဝီဒိုဒို၏ အနိုင်ရရှိမှုကို အတည်ပြုပေးခဲ့သည်ဟု နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

မေ ၁၇ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ လူဦးရေ သန်းပေါင်း ၁၉၀ ကျော်က သမ္မတရွေးကောက်ပွဲအတွက် ဆန္ဒမဲများပေးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**



# ကက်ရှ်မီးယားဒေသတွင် ပါကစ္စတန်နှင့် နယ်စပ်ကုန်သွယ်မှုအား အိန္ဒိယရပ်ဆိုင်း

**နယူးဒေလီ မေ ၁၉**

လက်နက်များနှင့် မူးယစ်ဆေးဝါးများ မှောင်ခိုတင်သွင်းမှုများကို နယ်စပ်ဖြတ်ကျော်ပြုလုပ်နေသည်ဟူသော စွပ်စွဲမှုများဖြင့် ပိုင်ဆိုင်မှုအငြင်းပွားမှုများ ဖြစ်ပေါ်နေသည့် ကက်ရှ်မီးယားဒေသမှ ပါကစ္စတန်နှင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများကို အိန္ဒိယနိုင်ငံက ရပ်ဆိုင်းလိုက်ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။ အဏုမြူလက်နက် ကိုယ်စီပိုင်ဆိုင်ထားကြသည့် အိမ်နီးချင်းအိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြားတွင် စစ်ရေးတင်းမာမှုများ တအုံနွေးနွေးရှိနေစဉ်တွင် အိန္ဒိယဘက်မှ ယင်းသို့ ကက်ရှ်မီးယားဒေသ၏ နယ်စပ်ကုန်သွယ်မှုအား ရပ်ဆိုင်းလိုက်ခြင်းဖြစ်သည်။

ယခုနှစ် ဖေဖော်ဝါရီလအတွင်းတွင် အိန္ဒိယက ထိန်းချုပ်သည့် ကက်ရှ်မီးယားဒေသအတွင်း၌ အသေခံဗုံးဖောက်ခွဲ တိုက်ခိုက်မှုတစ်ခုကြောင့် အိန္ဒိယတပ်ဖွဲ့ဝင် ၄၀ သေဆုံးခဲ့ခြင်းကြောင့် ကက်ရှ်မီးယားဒေသအရေးသည် တင်းမာမှုများ အလွန်မြင့်တက်ခဲ့ကာ ယင်းကိစ္စနှင့်ပတ်သက်ပြီး နယ်စပ်ဖြတ်ကျော် လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့၍ အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံစလုံးကို စစ်ပွဲ၏ ချောက်ကမ်းပါးအစပ်အထိ ရောက်ရှိစေခဲ့သည်။

ပါကစ္စတန်အခြေစိုက် အင်အားစုများက ကက်ရှ်မီးယားဒေသရှိ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းကို တလွဲအသုံးပြု၍ လက်နက်၊ မူးယစ်ဆေးဝါးနှင့် ငွေစက္ကူအတုများ၊ မှောင်ခိုတင်သွင်းမှုများပြုလုပ်နေသည့် သတင်းများရရှိကြောင်း အိန္ဒိယအစိုးရက မေ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံတို့ သီးခြားစီထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသအား ပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်း(အယ်လ်အိုစီ) တစ်လျှောက်တွင် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးလမ်းများ အများအပြားရှိပြီး ၎င်းတို့ကို အသုံးပြု၍ စစ်သွေးကြွအဖွဲ့အစည်းများက ချိတ်ဆက်မှုများ ပြုလုပ်ကြသည်။

ကက်ရှ်မီးယားဒေသရှိ နယ်စပ်ကုန်သွယ်မှုများကို စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ တင်းကျပ်သေချာစွာ လုပ်ဆောင်ပြီးစီးသည့်တိုင်အောင် ရပ်ဆိုင်းထားမည်ဖြစ်သည်ဟု အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ကက်ရှ်မီးယားဒေသရှိ နယ်စပ်ကုန်သွယ်မှုကို ကုန်ပစ္စည်းချင်းလဲလှယ်သည့်စနစ်ဖြင့်သာ ပြုလုပ်ကြခြင်းဖြစ်သည်။ နှစ်ဖက်ကုန်သည်များသည် ငရုတ်သီး၊ ဇီရာစေ့၊ သရက်သီးနှင့် သစ်သီးခြောက်များ အပါအဝင် အခြားသော ကုန်ပစ္စည်းများ လဲလှယ်ကြခြင်းဖြစ်သည်။ ကက်ရှ်မီးယားဒေသနယ်စပ်ကုန်သွယ်မှုကို ၂၀၀၈ ခုနှစ်တွင် စတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယင်းကုန်သွယ်မှုကြောင့် တင်းမာမှုများရှိနေသည့် အိန္ဒိယနှင့်ပါကစ္စတန် နှစ်နိုင်ငံအကြားဆက်ဆံမှုများ တိုးတက်ခဲ့သည်။

**အေအက်ဖ်ပီ**



# ဂျူဗင်တပ်က တစ်ပတ်ပေါင်လေးသိန်းဖြင့် ရမ်ဆေးကို သဘောတူညီမှုရထားဟုဆို

အာဆင်နယ်ကွင်းလယ်ကစားသမား ရမ်ဆေးသည် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းနှင့် တစ်ပတ်လုပ်ခလစာပေါင်လေးသိန်းဖြင့် လေးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ချုပ်ဆိုရန် သဘောတူညီထားကြောင်း သိရသည်။

ထို့ကြောင့် ရမ်ဆေးအနေဖြင့် အာဆင်နယ်အသင်းတွင် ၁၁ နှစ်ကြာဖြတ်သန်းလာမှုကို အဆုံးသတ်တော့မှာဖြစ်ပြီး လက်ရှိအာဆင်နယ်အသင်းနှင့် စာချုပ်သည်လည်း ယခုနှစ် ဇွန်လတွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမားရမ်ဆေးသည် နာပိုလီအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တွင် တံကောက်ကျောဒဏ်ရာရရှိခဲ့ပြီး ယင်းသို့ ဒဏ်ရာရရှိခဲ့သော်လည်း ဂျူဗင်တပ်အသင်းသို့ မပြောင်းရွှေ့မီ အာဆင်နယ်အသင်းတွက် နောက်ဆုံးပွဲစဉ်တစ်ပွဲပါဝင်ကစားပေးသွားရန်မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ရမ်ဆေးဒဏ်ရာရရှိခဲ့တာက ကြွက်သားဒဏ်ရာရရှိခဲ့တာပါ။ ဒဏ်ရာကြောင့် သီတင်းပတ်အနည်းငယ်အနားယူရမှာဖြစ်လို့ ကွင်းလယ်မှာအားထားရတဲ့ကစားသမားတချို့ရှိနေတာကြောင့် အလှည့်ကျထည့်သွင်းအသုံးပြုသွားမှာပါ"ဟု အာဆင်နယ်အသင်းနည်းပြ အမ်မရီက ဆိုသည်။

အာဆင်နယ်အသင်းသည် ယူရိုပါလိဂ်ကွာတားဖိုင်နယ်အဆင့်တွင် နာပိုလီအသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်သောကြောင့် ဆီမီးဖိုင်နယ်အဆင့်တွင် ဗလင်စီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယင်းပွဲစဉ်တွင် ကွင်းလယ်ကစားသမား ရမ်ဆေး ပါဝင်ကစားနိုင်လိမ့်မည်မဟုတ်ကြောင်းလည်း နည်းပြအမ်မရီက ပြောကြားခဲ့သည်။

# ယူရိုပါလိဂ်ဖလားရရန် ချယ်လ်ဆီး လိုအပ်ဟု ကန်တီပြောကြား

ချယ်လ်ဆီးအသင်းသည် ယူရိုပါလိဂ်ဖလားရရှိရန် လိုအပ်နေပြီဖြစ်ကြောင်း ကွင်းလယ်ကစားသမား ကန်တီက အခိုင်အမာပြောကြားလိုက်သည်။

ချယ်လ်ဆီးအသင်းသည် လက်ရှိတွင် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ကွာတားဖိုင်နယ်အဆင့်တွင် ဆလာဗီယာပရက်ဂ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့သည့်အသင်းဖြစ်သည်။ ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့်တွင် ချယ်လ်ဆီးအသင်းက ဂျာမန်ဘွန်ဒက်လီဂါကလပ် ဖရန့်ဖတ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သောကြောင့် အဆိုပါပွဲစဉ်တွင် အနိုင်ရရှိကာ ချန်ပီယံအသင်းဖြစ်ရန်လိုအပ်နေပြီဖြစ်ကြောင်း ကန်တီက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြင်သစ်ကြယ်ပွင့် ကန်တီသည် အင်္ဂလန်ပရီမီယာလိဂ်သို့ ရောက်ရှိလာခဲ့ပြီးနောက်ပိုင်း ၎င်း၏ ဘောလုံးရာသီသုံးရာသီကြာ ကစားအပြီးတွင် ပရီမီယာလိဂ်ဖလားနှစ်ကြိမ်နှင့် အက်ဖ်အေဖလားတစ်ကြိမ်တို့ကို ရယူဆွတ်ခူးထားနိုင်ခဲ့သူဖြစ်သည်။

ထို့ပြင် ချယ်လ်ဆီးကွင်းလယ်ကစားသမား ကန်တီအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်းက ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းနှင့်အတူ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ကမ္ဘာ့ဖလားတွင် ချန်ပီယံအဖြစ်အောင်ပွဲခံနိုင်ခဲ့သည်။

"ချယ်လ်ဆီးအသင်းအတွက် အရေးအကြီးဆုံးက ယူရိုပါလိဂ်နောက်ဆုံးဗိုလ်လုပွဲတက်ဖို့ဖြစ်ပါတယ်။ ဗိုလ်လုပွဲတက်ရင်လည်း အကောင်းဆုံးယှဉ်ပြိုင်နိုင်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု ကန်တီက ပြောကြားခဲ့သည်။

ယူရိုပါလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များ၏ ပထမအကျော့ပွဲစဉ်ကို မေ ၂ ရက်တွင်လည်းကောင်း၊ ဒုတိယအကျော့ပွဲစဉ်ကို မေ ၉ ရက်တွင်လည်းကောင်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး အဆိုပါဆီမီးဖိုင်နယ်ပွဲစဉ်များမကစားမီတွင် ချယ်လ်ဆီးအသင်းသည် ဘန်လေအသင်း၊ မန်ယူအသင်းတို့နှင့် ပရီမီယာလိဂ်ပွဲစဉ်များကစားရဦးမည်ဖြစ်သည်။





# ဖူဆိုမန်ဆက် မန်ယူသို့ ပြန်လာမည်

မန်ယူနောက်တန်းကစားသမား ဖူဆိုမန်ဆက်သည် အငှားစာချုပ်ဖြင့် ဖူလ်ဟမ်အသင်းသို့ သွားရောက်ကစားနေရာမှ ဒူးဒဏ်ရာခွဲစိတ်ကုသမှုပြီးပါက ဖူလ်ဟမ်အသင်းမှ မန်ယူအသင်းသို့ ပြန်လာတော့မည်ဖြစ်ကြောင်း သိရသည်။

နယ်သာလန်ကြယ်ပွင့် ဖူဆိုမန်ဆက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ခရစ္စတယ်ပဲလေ့အသင်းတွင် အငှားချထားရာမှ ဩဂုတ်လအတွင်းက ဖူလ်ဟမ်းအသင်းသို့ အငှားဖြင့် ထပ်မံသွားရောက်ကစားနေခဲ့သူဖြစ်သည်။

ဖူဆိုမန်ဆက်သည် နောက်တန်းလေးနေရာနှင့် ဗဟိုကွင်းလယ်တို့တွင် အကောင်းဆုံးကစားနိုင်သူဖြစ်ပြီး ဖူလ်ဟမ်းအသင်းနှင့်အတူ ပရီမီယာလိဂ် ၁၂ ပွဲပါဝင်ကစားပေးခဲ့သူဖြစ်သည်။ သို့ရာတွင် ဖူလ်ဟမ်းအသင်းနှင့် အဲဗာတန်အသင်းတို့ကစားခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာကုသပြီးပါက မန်ယူအသင်းသို့ ပြန်လာမည်ဖြစ်သည်။

# ရီးယဲလ်မက်ဒရစ်က တိုက်စစ်မှူး လူကာဂျိုဗစ်ကို ခေါ်ယူရန် ဖရန့်ဖတ်အသင်းနှင့် သဘောတူညီမှုရရှိထားဟုဆို

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း တိုက်စစ်အားသန်သည့် ကစားသမားတစ်ဦးကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိရာ လက်ရှိတွင် တိုက်စစ်မှူး လူကာဂျိုဗစ်ကို ခေါ်ယူရန်အတွက် ဖရန့်ဖတ်အသင်းနှင့် သဘောတူညီမှုရရှိထားပြီဖြစ်ကြောင်း သိရသည်။

ဆားဘီးယားကြယ်ပွင့်ကစားသမား လူကာဂျိုဗစ်သည် ဘင်ဖီကာအသင်းမှ ဖရန့်ဖတ်အသင်းသို့ အငှားစာချုပ်ဖြင့် လာရောက်ကစားခဲ့သည်မှာ နှစ်ရာသီကြာခဲ့ပြီဖြစ်ပြီး ယခုတစ်ပတ်အစောပိုင်းတွင် ဖရန့်ဖတ်အသင်းက အမြဲတမ်းစာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ဖရန့်ဖတ်အသင်းက လူကာဂျိုဗစ်ကို ပြောင်းရွှေ့ကြေးပေါင် ၆ သန်း (ယူရို ၇ သန်း)ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းလည်း သတင်းထုတ်ပြန်ထားသည်။

လူကာဂျိုဗစ်သည် ဖရန့်ဖတ်အသင်းနှင့်အတူ ယခုဘောလုံးရာသီတွင် ပြိုင်ပွဲအရပ်ရပ်၌ သွင်းဂိုး ၂၆ ဂိုးသွင်းယူပေးခဲ့သည့်အပြင် ဖရန့်ဖတ်အသင်းကိုလည်း ယူရိုပါလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ ဆီမီးဖိုင်နယ်အဆင့်တွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စပိန်သတင်းဌာနများ၏ ဖော်ပြချက်အရ လက်ရှိတွင် လူကာဂျိုဗစ်သည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် သဘောတူညီမှုရရှိထားပြီး ဖရန့်ဖတ်အသင်းနှင့် ဘင်ဖီကာအသင်းတို့အကြား ချုပ်ဆိုထားသည့် စာချုပ်အရ ရီးယဲလ်မက်ဒရစ်အသင်းက ပေါင် ၄၃ သန်းနှင့် သန်း ၅၀ အကြားပေးချေရမည်ဖြစ်ကြောင်းလည်းသိရသည်။

ငွေကြယ် - ရေးသားသည်



## ဘောလုံးလောက သတင်းတိုများ

- **ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ ဇီဒန်းသည် ယခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်း ကစားသမားခေါ်ယူရန်အတွက် ပေါင်သန်း ၄၃၀ (ယူရိုသန်း ၅၀၀) သုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။**
- *နယူးကာဆယ်အသင်းသည် နွေရာသီဈေးကွက်အတွက် နည်းပြ ဘင်နီတက်ဇ်အား ပေါင်သန်း ၅၀ သုံးစွဲခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။*
- **အာဆင်နယ်အသင်းသည် ဟော့ဖန်ဟိမ်းနှင့် ဂျာမနီတိုက်စစ်မှူး ဒီမီယာဘေးအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး ပြောင်းရွှေ့ကြေးပေါင် ၂၂ သန်းသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။**
- *မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည့် နာပိုလီအသင်းနောက်တန်းကစားသမား ကူလီဘာလီသည် အီတလီစီးရီးအေကလပ် နာပိုလီအသင်းမှ ထွက်ခွာမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။*
- **ဆောက်သမ်တန်အသင်းသည် ရိန်းဂျားအသင်းမှ ကနေဒါကွင်းလယ်ကစားသမား စကော့အန်ဒီးလ်အား နွေရာသီဈေးကွက်အတွင်း ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။**

# မောင်တော-အငူမော်ကားလမ်း၌ AA အဖွဲ့က မိုင်းထောင်၊ အများပြည်သူ အန္တရာယ်မဖြစ်စေရေးအတွက် တပ်မတော်သားများက ဖော်ထုတ်ဖောက်ခွဲရှင်းလင်း

**နေပြည်တော် မေ ၁၉**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့ အငူမော်ကျေးရွာအနီး မောင်တော-အငူမော် ကားလမ်း၌ AA အဖွဲ့ထောင်ထားသည့် ရီမုမိုင်း လေးလုံးကို မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်လုံခြုံရေးစစ်ကြောင်းများက ရှာဖွေဖော်ထုတ် တွေ့ရှိသဖြင့် အများပြည်သူ အန္တရာယ်မဖြစ်စေရေးအတွက် ဖောက်ခွဲရှင်းလင်း ခဲ့ကြောင်းသိရှိရသည်။

**ဖောက်ခွဲဖျက်ဆီးရှင်းလင်း**

ဖြစ်စဉ်မှာ တပ်မတော်လုံခြုံရေးစစ်ကြောင်းများက အငူမော်ကျေးရွာ အနီး ပတ်ဝန်းကျင်တစ်ဝိုက်၌ နယ်မြေစိုးမိုးရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် မွန်းလွဲ ၃ နာရီ မိနစ် ၄၀ ခန့်တွင် အငူမော်ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၅၀၀ ခန့်အကွာ မောင်တော-အငူမော် ကားလမ်းဘေး၌ AA အဖွဲ့ မိုင်းထောင်ထားသည်ကို တွေ့ရှိခဲ့ရပြီး ဖော်ထုတ် ရှင်းလင်း သက်မဲ့ပြုလုပ်ရန်ခက်ခဲသဖြင့် စနစ်တကျ ဖောက်ခွဲဖျက်ဆီး ရှင်းလင်းခဲ့သည်။

**မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိ**

AA အဖွဲ့သည် အများပြည်သူ အသုံးပြုသွားလာလျက်ရှိသည့် ကားလမ်းများပေါ်တွင် ခရီးသွားပြည်သူများ ထိတ်လန့်အန္တရာယ်ဖြစ်စေရန်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အုပ်ချုပ်မှုယာဉ်များနှင့် လှုပ်ရှားမှုများကို မိုင်းခွဲ တိုက်ခိုက်ရန်ရည်ရွယ်လျက် မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိ ကြောင်း၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ ယနေ့အချိန်အထိ ရန်ကုန်-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးအပါအဝင် ရခိုင်ပြည်နယ်အတွင်းရှိ ကားလမ်း များပေါ်တွင် မိုင်းထောင်ခဲ့သည့် အကြိမ် ၁၂ ကြိမ်ရှိပြီး မိုင်း ၃၉ လုံးအား တပ်မတော်လုံခြုံရေးစစ်ကြောင်းများက ဖော်ထုတ်ဖောက်ခွဲဖျက်ဆီးနိုင်ခဲ့ ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် မိုင်းအန္တရာယ် မရှိစေရေး လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရ သည်။

**သတင်းစဉ်**




# စစ်တွေ၊ မူဆယ်၊ ပုသိမ်နှင့် ပြည်မြို့တို့၌ မီးလောင်မှုများ ဖြစ်ပွား



## စစ်တွေ

စစ်တွေမြို့ စက်ရုံစုရပ်ကွက် ကန်တော်ကြီးအကွက် မေယုလမ်းရှိ ကျော် KTV ဆိုင်၌ ယနေ့နံနက် ၁ နာရီ ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**(ယာပုံ)**

ဖြစ်စဉ်မှာ ဦးအောင်မြင့်ဇော်၏ ကျော် KTV ဆိုင် မီးဖိုခန်းရှိ မီးကြွင်းမီးကျန်မှတစ်ဆင့် အနီးရှိဝါးထရံသို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် အဆောက်အအုံတစ်လုံးနှင့် နေအိမ် နှစ်လုံး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ ရခိုင်ပြည်နယ် ဒုတိယပြည်နယ် ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်မီးသတ်တပ်ဖွဲ့မှူး၊ ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၁ စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးဘေးသင့်သူများမှာ နီးစပ်ရာဆွေမျိုးများထံတွင် ယာယီခိုလှုံနေထိုင်လျက်ရှိကာ ဦးအောင်မြင့်ဇော်အား စစ်တွေမြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မူဆယ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ အထက်တုန်ခန် ကျေးရွာ၌ မေ ၁၉ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူဆယ်မြို့ အထက်တုန်ခန်ကျေးရွာနေ ဒေါ်ယေ့ဆိုင်၏ နေအိမ်တွင် ဖယောင်းတိုင်ဖြင့် ဘုရားမီး ပူဇော်ရာမှ အခင်းသို့စွဲလောင်၍ မီးလောင်မှုဖြစ်ပွားခဲ့ ကြောင်း သိရသည်။

မီးလောင်ရာသို့ မိုင်းယု(၁၀၅)မိုင်၊ မူဆယ်မြို့နယ် တို့မှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ ဝင်များ၊ မူဆယ်ခရစ်ယာန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် မီးသတ်ယာဉ် ငါးစီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၀ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ဇန်ရိုးထန်(ပြန်/ဆက်)**

## ပုသိမ်

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ် ၆ နယ်မြေ တဂေါင်းဘုရား ဈာန်ဈာန်စတိုးဆိုင်တွင် မေ ၁၈ ရက် ည ၈ နာရီ ၁၀ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်ရှင် ဉာဏ်သူရထက်နှင့် အတူနေ သူငယ်ချင်း မင်းမင်းစိုးတို့သည် ဈာန်ဈာန်စတိုးဆိုင် အပေါ်ထပ် အိပ်ရာဘေးတွင် ဆေးလိပ်သောက်ကြပြီး ဆေးလိပ်မီးကို ပေါ့ဆစွာထားခဲ့ရာ အိပ်ရာမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်းသိရသည်။ မီးလောင်မှု ကြောင့် လူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## ပြည်

ပြည်မြို့၌ မေ ၁၉ ရက် ညနေ ၆ နာရီခွဲခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ပြည်မြို့ ရွာဘဲရပ်ကွက် သန္ဓေပင်ရပ် နဝဒေးလမ်းရှိ ကေတီဗွီဆိုင်တွင် အသုံးပြုသည့် လျှပ်စစ် ပစ္စည်းများ အပူလွန်ကဲရာမှ မီးစတင်လောင်ခဲ့ခြင်းဖြစ် သည်။

မီးလောင်ရာသို့ ခရိုင်မီးသတ်ဦးစီးမှူးနှင့် သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ များက မီးသတ်ယာဉ် ၂၂ စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၆ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**

# ပန်းတောင်းနှင့် ဘန့်ဘွေးမြို့နယ်တို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးနှင့် သစ်တော ဝန်ထမ်းများ၊ ရှမ်းပြည်နယ်မြောက်ပိုင်း လက်ထောက် ညွှန်ကြားရေးမှူးနှင့် သစ်တောဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက်က ဘန့်ဘွေး ကျေးရွာ ရပ်ကွက် ၄ ရပ်ကွက်ရှေ့ ကော်ဖီခြံပိုင်ရှင် ဦးကိုလင်း၏ နေအိမ်ခြံဝင်းအတွင်းမှ တရားမဝင် ကျွန်း၊ တမလန်း၊ သစ်/ခွဲသား/ခားရွေ ၁၀.၂ ဒသမ ၈၂၂ တန် နှင့် တရားမဝင်ပတ်လွှစက် လေးလုံးတို့အား သိမ်းဆည်းရမိ ခဲ့သည်။

ထို့အတူ မေ ၁၈ ရက်က ပြည်ခရိုင် ပန်းတောင်း မြို့နယ်တွင် သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် သစ်တော ဝန်ထမ်းများသည် ပန်းတောင်းမြို့နယ် ရပ်သာရွာ၏ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင် တရားမဝင် ကျွန်းခွဲသား ၆ ဒသမ ၂၁၅၆ တန်ကို ပိုင်ရှင်မဲ့ သိမ်းဆည်း ရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက် လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**မောင်လူမော်**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် မေ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက် တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅၉ စီး၊ သွင်းကုန် ၂၆၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် နှစ်စီး၊ သွင်းကုန် ၄၈ စီး ကုန်စည်များ သယ်ယူ ပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့ သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက် လျက်ရှိရာ မေ ၁၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၃၃၆ သန်း တန်ဖိုးရှိ) Bolts and Nuts၊ အိမ်ရိုက်သံနှင့် 777 ခတ်ခဲများအား သိမ်းဆည်းရမိခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာတွင် ဆိုင်ကယ်နှစ်စီးတိုက်မိ လူတစ်ဦးသေဆုံး

**မိတ္ထီလာ မေ ၁၉**

မိတ္ထီလာမြို့ ကျီးတော်ကုန်းရပ်ကွက် ရန်ကုန်-မန္တလေး လမ်းဟောင်း၌ မေ ၁၉ ရက် နံနက် ၉ နာရီ မိနစ် ၂၀ က လမ်း၏ ဝဲဘက်သို့ ချိုးကွေ့ရန်အချက်ပြထားသည့် ဆိုင်ကယ်အား လားရာတူမှစီးလာသည့် ဆိုင်ကယ်က အရှိန်ဖြင့်တိုက်မိ၍ လူတစ်ဦးသေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိတ္ထီလာမြို့တွင်းမှ ပြည်သာယာ တောင်ရပ်ကွက်သို့ ဝေဖြိုးလင်း(ခ)ကိုဖြိုး ပြည်သာယာ (တောင်) ရပ်ကွက်နေသူသည် ဆိုင်ကယ်အား အရှိန်ဖြင့် မောင်းနှင်လာစဉ် ယာဉ်ကြောတူ ရှေ့မှယာဉ်အား ဝဲဘက် ခြမ်းမှ ကျော်တက်မောင်းနှင်လာရာမှ အရှိန်မထိန်းနိုင်ဘဲ လားရာတူ ယာဉ်ကြောအတိုင်း မောင်းနှင်ကာ လမ်း၏ ဝဲဘက်သို့ ချိုးကွေ့ရန် ကားလမ်းအလယ်တွင် အချက်ပြ မီးပြလျက် ယာဉ်ကြောမရှင်း၍ စောင့်ဆိုင်းနေသော ကိုသန့်စင် မောင်းနှင်သည့် ဆိုင်ကယ်အား ဖြတ်တိုက်လိုက် သဖြင့် ကိုသန့်စင်တွင် ဒဏ်ရာများရရှိခဲ့ပြီး မိတ္ထီလာ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဝေဖြိုးလင်း(ခ)ကိုဖြိုး အားအမှတ်(၂) နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထား ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ရှေ့နေနှင့်အဂတိစစ်တမ်း

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**


"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်ကဘာလဲဆရာ"

"ရှေ့နေနှင့်အဂတိစစ်တမ်းပါ"

"ဘာကိုပြောချင်တာလဲဆရာ"




"ဖတ်ကြည့်ကြစို့"

**အဂတိစစ်တမ်းဆိုတာဘာလဲ**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာ စီမံချက်ကို ချမှတ်သည်။ မဟာဗျူဟာစီမံချက်ပါလုပ်ငန်းစဉ်များအရ အဂတိမှုများကို အကဲဖြတ်ဖို့ လူထုအမြင်ရယူသည်။ ဤအရာသည် 'အဂတိစစ်တမ်း' ဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး တာဝန်ယူနေသော ရှေ့နေတစ်ဦးအနေနှင့် ကောက်နုတ်တင်ပြပါရစေ။

**နယ်ပယ်(၄)ရပ်**

(၁) ပြည်သူလူထု၏ဘသဘောထားအမြင်

(၂) အတွေ့အကြုံနှင့် ခံယူချက်

(၃) ပွင့်လင်းမြင်သာမှု

(၄) တာဝန်ယူမှု စသည့်နယ်ပယ် (၄) ရပ်ဖြင့် စစ်တမ်းကောက်ခဲ့ခြင်းဖြစ်သည်။

**ကာလနှင့်အဖွဲ့**

၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သတ်မှတ်ရွေးချယ်သော နေရာဒေသများမှာ စစ်တမ်းကောက်ယူခဲ့ခြင်းပါ။ ဘက်လိုက်ခြင်းကင်းသည်။ ပွင့်လင်းမြင်သာသည်။ တတိယအဖွဲ့အစည်းဖြစ်သော 'တရားမျှတမှုလက်လှမ်းမီနိုင်ရေးအဖွဲ့' က ဦးဆောင်ကောက်ယူခဲ့သော စစ်တမ်းလည်းဖြစ်ပါသည်။ စိတ်ဝင်စားစရာကောင်း၍ ဖတ်ကြည့်ကြပါစို့။

**တွေ့ဆုံမေးမြန်းခဲ့**

ပြည်သူလူထု၏ သဘောထားအမြင်က ဘာလဲ။ ဒေသတစ်ခုလျှင် လူဦးရေ ၁၀၀ (ချင်းပြည်နယ်မှအပ) (နောင်နှစ်တွေမှာ ချင်းပြည်နယ်သို့ လာပါမည်) တိုင်းဒေသကြီး၊ ပြည်နယ် ၁၃ ခုမှ ပြည်သူ ၁၃၃၀ ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့တာပါ။ စစ်တမ်းကောက်ယူခဲ့တာပါ။

**ပြည်သူတွေနားလည်သဘောပေါက်မှု**

ပြည်သူတွေ နားလည်သဘောပေါက်မှုကဘာလဲ။ အောက်ပါခေါင်းစဉ်များကို ရှုပါ။

(၁) ပြည်သူပိုင်ပစ္စည်းအလွဲသုံးစားမှု
- ၁၅ ဒသမ ၉ ရာခိုင်နှုန်း

(၂) ပြည်သူ့ဘဏ္ဍာအလွဲသုံးစားမှု
- ၁၆ ဒသမ ၂ ရာခိုင်နှုန်း

(၃) လုပ်ပိုင်ခွင့်အာဏာကိုအလွဲသုံးစားမှု
- ၁၉ ဒသမ ၁ ရာခိုင်နှုန်း

(၄) အခြားသူများ၏အခွင့်အရေးချိုးဖောက်မှု
- ၁၁ ဒသမ ၁ ရာခိုင်နှုန်း

(၅) ကျောသားရင်သားခွဲခြားဆက်ဆံမှု
- ၁၀ ဒသမ ၁ ရာခိုင်နှုန်း

(၆) လာဘ်ပေးလာဘ်ယူခြင်း
- ၂၅ ဒသမ ၉ ရာခိုင်နှုန်း

(၇) မသိပါ - သုည ဒသမ ၉ ရာခိုင်နှုန်း

(၈) အခြား - သုည ဒသမ ၉ ရာခိုင်နှုန်း

**တိုင်ကြားခြင်းအပေါ် ဒီလိုမြင်သည်**

တိုင်ကြားခြင်းအပေါ် ပြည်သူများ၏ အမြင်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- ဌာနများအလိုက် အဂတိလိုက်စားမှုအဆင့် သတ်မှတ်ချက်
- အဂတိလိုက်စားမှုမြောက်သည့် အပြုအမူများ ဖော်ပြအပ်ပါသည်။

**ပြည်သူလူထုအတွေ့အကြုံ**

လူထု၏အတွေ့အကြုံ၊ ခံယူချက်များကို ဒေသတစ်ခုလျှင် လူဦးရေ ၁၀၀ နှုန်းဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြည်သူ ၈၀၀ ဦးအား ပြည်သူများနှင့် ဆက်ဆံရသည့်ဌာနများ၏ အဂတိလိုက်စားမှု ပုံသဏ္ဍာန်များနှင့် အကြောင်းအရင်းများအပေါ် တွေ့ဆုံမေးမြန်းခဲ့ခြင်းဖြစ်ပါသည်။ ပူးပေါင်းကူညီသူအပေါင်းအား ကျေးဇူးတင်လေးစားပါသည်။


**ပွင့်လင်းမြင်သာမှု**

အစိုးရဌာနများ၏ စည်းမျဉ်းစည်းကမ်းများ၊ ပွင့်လင်းမြင်သာမှုအတွက် ဆောက်လုပ်ရေး၊ ရေလုပ်ငန်းနှင့် သစ်တောကဏ္ဍတို့မှ ဒေသတစ်ခုလျှင် စီးပွားရေးလုပ်ငန်းရှင် ၁၀ ဦးနှုန်း မေးမြန်းခဲ့ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ စီးပွားရေးလုပ်ငန်းရှင် ၅၀ ဦးအား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

| အကြောင်းအရာ | သဘောတူ | သဘောမတူ | ကြားနေ | မဖြေချင်ပါ |
|---|---|---|---|---|
| ဒါဟာ ဖြစ်ရိုးဖြစ်စဉ်တစ်ခုမို့လို့ တိုင်ကြားစရာမလိုဘူး | ၃.၁၆% | ၁၈.၈၁% | ၉.၀၃% | ၈.၅၀% |
| လက်ဆောင်ပေးသလိုမျိုးမို့လို့ တိုင်ကြားစရာ မလိုပါဘူး | ၃.၉၆% | ၁၆.၀၂% | ၁၁.၂၂% | ၉.၇၉% |
| တိုင်လည်း ဘာမှထူးမှာမဟုတ်လို့ တိုင်ကြားစရာမလိုပါဘူး | ၇.၇၄% | ၁၃.၃၂% | ၉.၁၀% | ၉.၂၈% |
| တိုင်တဲ့လူအများစုက တိုင်မိလို့ နောင်တရကြတာပဲ | ၉.၀၂% | ၈.၀၅% | ၁၂.၂၈% | ၁၂.၃၄% |
| ဘယ်ကိုတိုင်ရမလဲဆိုတာ လူတွေမသိကြဘူး | ၁၈.၈၁% | ၃.၄၂% | ၆.၆၃% | ၈.၅၃% |
| တိုင်ကြားခြင်းကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဖြစ်စဉ်တွေကို ကြောက်တယ် | ၁၆.၀၆% | ၅.၂၀% | ၈.၆၈% | ၈.၈၇% |
| တိုင်ကြားခြင်းကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဖြစ်စဉ်တွေကြောင့် အလုပ်ရှုပ်မခံနိုင်ဘူး | ၁၅.၉၆% | ၅.၄၂% | ၈.၄၇% | ၈.၈၄% |
| ကိုယ့်အတွက်လည်း အကျိုးကျေးဇူးရှိခဲ့တာမို့ တိုင်ကြား လိုစိတ်မရှိဘူး | ၅.၂၃% | ၁၂.၂၇% | ၁၃.၂၇% | ၁၁.၆၆% |
| ကျေးဇူးတင်လို့ ပေးတာမို့ တိုင်ကြားစရာ မလိုဘူး | ၆.၁၄% | ၁၁.၃၇% | ၁၁.၈၆% | ၁၂.၁၅% |
| သက်သေပြဖို့ခက်ခဲလို့ တိုင်ကြားလို့မရဘူး | ၁၃.၉၂% | ၆.၁၂% | ၉.၄၆% | ၁၀.၀၄% |
| | ၁၀၀.၀၀% | ၁၀၀.၀၀% | ၁၀၀.၀၀% | ၁၀၀.၀၀% |

**အစိုးရဌာနများအပေါ် ပြည်သူများ၏ထင်မြင်ချက်**

- အဂတိလိုက်စားမှုအမြင့်ဆုံးဌာနများ




ဌာနများ၏ ငွေကြေး (သို့မဟုတ်) လက်ဆောင် တောင်းခံမှုအပေါ် ပြည်သူ၏ ငွေကြေးပေးရခြင်း

**ဒါတွေ၊ ဒါတွေ**

လုပ်ထုံးလုပ်နည်းတွေရှုပ်ထွေးပါသတဲ့။ အတည်ပြုချက်တွေ အဆင့်ဆင့်ရယူနေရ၍ အချိန်ကြာပါသည်။ တင်ဒါလုပ်ငန်းမှာ မရှင်းမလင်းပါ။ နည်းပညာ မကျွမ်းကျင်ပါ။ သတင်းအချက်အလက် မပြည့်စုံပါ။ လွတ်လပ်ကျွမ်းကျင်သူပညာရှင် လိုအပ်ပါသည်။ နီးစပ်တဲ့သူဦးစားပေးနေဆဲ။ စည်းမျဉ်းစည်းကမ်း တိတိကျကျ မပြောပါ။ သတင်းထုတ်ပြန်မှု လွန်စွာအားနည်းနေဆဲ။ စောင့်ကြည့်အကဲဖြတ်သော တတိယအဖွဲ့လိုအပ်သည်။ အဂတိလိုက်စားမှုကို အရေးယူသောအဖွဲ့ ယန္တရားမရှိ။ ဥပဒေနှင့်အညီ တိတိကျကျ မလုပ်ကြသေး။ ဈေးကွက်မယှဉ်ပြိုင်ဘဲ တင်ဒါချပေးမှု ရှိနေဆဲ။ လေလံမှာ သူ့လူကိုယ့်လူရှိနေဆဲ။ ဒါတွေဒါတွေ ဒီအချက်တွေ ဘယ်သူငြင်းနိုင်မလဲ။ ရှင်းကြပါ။ ဖြေကြပါတဲ့ ။

**တာဝန်ရှိမှု**

ပြည်ထောင်စုဝန်ကြီးဌာနကိုးခုမှ တာဝန်ရှိပုဂ္ဂိုလ် ၂၈ ဦးတို့ကို တွေ့ဆုံမေးမြန်းမှုအပေါ် တွေ့ရှိချက်မှာ-

(က) ရာထူးအာဏာကို ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိဘဲ ဝန်ထမ်းများ ရာထူးတိုးအပြောင်းအရွှေ့များပြုလုပ်ခြင်း၊

(ခ) အုပ်ချုပ်ရေးထောက်ပံ့မှု ပစ္စည်းပံ့ပိုးမှုအားနည်းခြင်း၊ လုပ်ခလစာမလောက်ငခြင်းတို့ကြောင့် အဂတိလိုက်စားခြင်း၊

(ဂ) အဂတိလိုက်စားမှု ကျူးလွန်သူများကို အပြစ်ပေးအရေးယူခြင်းထက် ပညာပေးအစီအစဉ်များဖြင့် ထိန်းကျောင်းခြင်း၊ ဆုပေးဒဏ်ပေးစနစ် ကျင့်သုံးခြင်းဖြင့် အဂတိလိုက်စားမှု လျော့ပါးနိုင်သည့် နည်းလမ်းများလိုအပ်ခြင်း၊

(ဃ) ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ထုံးလုပ်နည်းများ ရှုပ်ထွေးခြင်း၊

(င) ဌာနတွင်း အဂတိလိုက်စားမှု လျှော့ချရေးလုပ်ငန်းစဉ်များအတွက် အပြန်အလှန် ထိန်းကျောင်းနိုင်သည့် ဥပဒေလုပ်ထုံးလုပ်နည်းများရှိသော်လည်း လက်တွေ့အကောင်အထည်ဖော်မှုတွင် အားနည်းနေခြင်းတို့ဖြစ်ပါသည်။

**ပြည်သူသို့ အစီရင်ခံပါသည်**

ကော်မရှင် ဘာလုပ်နေသလဲ။ ကော်မရှင်အဖွဲ့ဝင်များ ဘာလုပ်နေကြသလဲ။ ဝန်ထမ်းများ ဘာလုပ်နေကြသလဲ။ ဥပဒေရည်ရွယ်ချက်ဘာလဲ ။ မဟာဗျူဟာဘာလဲ။ လုပ်ငန်းစီမံချက်ဘာလဲ။ လုပ်ငန်းကော်မတီများ ကော်မတီအလိုက် တာဝန်ကျေပါသလား။ ကျင့်ဝတ်သီလစောင့်ကြရဲ့လား။ ပြည်သူ့အမြင် ကြည်လင်ပါသလား။ စွမ်းဆောင်ရည်နိမ့်ကျနေသလား။ အကျိုးအပြစ် ဆန်းစစ်နိုင်ပါစေ။ သတင်းမီဒီယာလေးစားပါ။ တိုင်ကြားသူ မကျေနပ်သူ တစ်ဦးချင်းအား လက်ခံတွေ့ဆုံပြီး ရှင်းလင်းမှု မည်မျှ၊ ဘယ်နှကြိမ် လုပ်ခဲ့ပါသလဲ။

ပြည်သူ့ဆက်ဆံရေး ကြည်လင်ပါစေ။ အစိုးရမဟုတ်သောအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုမည်မျှတိုးတက်ပါသလဲ။ အားနည်းချက် ဘာလဲ။ အားသာချက်ဘာလဲ။ ဝေဖန်ခံရမှုဘာလဲ။ ရှင်းရှင်းလင်းလင်း သိပါရစေ။ ပိုင်းပိုင်းခြားခြား သိနိုင်ပါစေ။ ပြည်သူ့စစ်တမ်း အမှန်သိကြပါစေ။

၂၀၁၈ ခုနှစ် နှစ်ပတ်လည် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် ဖတ်ရှုသုံးသပ် အကဲဖြတ်နိုင်ရန် ပြည်သူသို့ အစီရင်ခံတင်ပြခဲ့ပြီးဖြစ်ပါသည်။

**နိဂုံး**

(၁) အစီရင်ခံစာထဲက အဂတိစစ်တမ်းကို ရွေးထုတ်ကောက်နုတ်တင်ပြခြင်းမျှသာ။

(၂) ကျွန်တော်တို့ ရှေ့ဆက်ရမည့်ခရီး မနီးသေးပါခင်ဗျား။

ကြေးမုံ

မေ ၂၀၊ ၂၀၁၉

## ဒလမြို့နယ်၌ သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်း၌ မေ ၁၉ ရက် နံနက် ၉ နာရီခွဲက ဆင္ဍမအကြိမ်မြောက် အသက် ၈၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပသည်။

သက်ကြီးပူဇော်ပွဲတွင် အသက် ၈၀ နှင့်အထက် အဘိုး ၂၃ ဦး၊ အဘွား ၃၉ ဦးတို့အား ပုဆိုး၊ ထဘီ၊ တဘက်၊ အိုဇာတင်း၊ ကွေကာအုပ်၊ မုန့်ပုံး၊ ဆွဲခြင်း၊ ဆန်နှင့် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်တစ်ဦးလျှင် ငွေကျပ် တန်ဖိုး ၆၀၀၀၀ ကျော်ကိုရန်ကုန်တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ် (၂) လွှတ်တော်ကိုယ်စားလှယ်ဦးထွေးတင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုး၊ အမျိုးသမီးရေးရာအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့နှင့် တာဝန်ရှိသူများက အသီးသီးပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

## လေးကျွန်းဓမ္မစကြာ စေတီတော်မြတ်ကြီး ထီးတော်တင်အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် နှောကုန်းကျေးရွာ သဲအင်းဂူဗဟိုဌာနချုပ်ရိပ်သာကြီး ဝတ္ထုကံတော်အတွင်း လေးကျွန်းဓမ္မစကြာ စေတီတော်မြတ်ကြီးအား အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို မေ ၁၉ ရက် နံနက်ပိုင်းက စေတီတော်ပရိဝုဏ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အထက်ဌာပနာတော်သွင်း အခမ်းအနား၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်ခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း အခမ်းအနားတို့ကို အစီအစဉ်များအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အလှူရှင်မိသားစုတို့က စေတီတော်ကြီးတွင် တင်လှူပူဇော်မည့်စိန်ဖူးတော်မြတ်အားလည်းကောင်း၊ ဝန်ကြီးများက ရွှေထီးတော်၊ ငှက်မြတ်နားတော်တို့ကို လည်းကောင်း ဝေါယာဉ်ဖြင့် ပင့်ဆောင်ကာ စေတီတော်ကြီးအား လှည့်လည်ပူဇော်ပြီး မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ဆက်လက်ပင့်ဆောင်၍ ထီးတော်တင်အခမ်းအနားကို ကျင်းပသည်။



အဆိုပါ စေတီတော်မြတ်ကြီးသည် မူလက သဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌက ၁၃၂၇ ခုနှစ်တွင် အုတ်မြစ်ချ၍ ၁၃၅၂ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့ရာ ဉာဏ်တော်အမြင့် ၅၄ ပေ ရှိကြောင်း၊ ယင်းစေတီအား ဆရာတော်ကြီးဆန္ဒရှိခဲ့သည့်အတိုင်း သဲအင်းဂူဗဟိုဌာနချုပ် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဦးဝိလာသ ဆရာတော်ကြီးနှင့် ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ပဋိပတ္တိ သာသနဟိတရေ (ဂုဏ်ပြု) ဘဒ္ဒန္တစန္ဒိမာ( အောင်လံ)တို့အား ဦးထိပ်ထား၍ နှစ်ဖက်သောမိဘများအားအမှူးထားပြီး ဘုရားဒါယကာ ဦးဝင်းနိုင်၊ ဒါယိကာမ သီရိသုဓမ္မသိင်္ဂီ ဒေါ်ဝေဝေမွန်၊ သမီး မသဲနိုးအိမ်၊ မမေသိမ့်နွယ်၊ မဝေဝေထက်နိုင် (ရွှေဟိန်းထက်ကျောက်မျက်ကုမ္ပဏီ) မိသားစုတို့က မူလစေတီတော်ငယ်အားဌာပနာပြုလျက် ဉာဏ်တော်အမြင့် ၁၁၇ ပေအမြင့်ရှိပြီး ရွှေတိဂုံစေတီပုံစံတူတည်ဆောက်ကာ ထီးတော်တင်အခမ်းအနားကို ပူဇော်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မောင်စိုး**

## လွိုင်ကော်မြို့နယ်အတွင်းရှိပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် မြေငှားဂရန်ပေးအပ်

**လွိုင်ကော် မေ ၁၉**

ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်းရှိ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရည်ရွယ်၍ မေ ၁၉ ရက် နံနက် ၉ နာရီခွဲက လွိုင်ကော်မြို့ နောင်ယား (ခ) ရပ်ကွက်ရှိ မြို့နယ်ခန်းမ၌ လွိုင်ကော်မြို့နယ် အတွင်းရှိ ပြည်သူ ၃၃၈ ဦးထံသို့ မြေငှားဂရန်ပေးအပ်ပွဲ ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက သုံးနှစ်ကျော်ကာလအတွင်း မှန်ကန်မြန်ဆန်စွာ ပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ ပူးပေါင်းချိတ်ဆက်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပုံစံ(၇)များ ထုတ်ပေးခြင်းနဲ့ပတ်သက်ပြီး သစ်တောမြေအတွင်းကျရောက်နေတဲ့ နေရာများမှာ ပုံစံ(၇)ပေး၍ မရကြောင်း၊ မိမိတို့ပြည်နယ်တွင် သစ်တောမြေအတွင်း ရွှေ့ပြောင်းတောင်ယာပြုလုပ်နေမှု အများအပြားရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ပေါ်ရှိ ဒေါ်နိုးကူးရပ်ကွက်မှ ၅၄ ဦး၊ မင်းစုရပ်ကွက်မှ ၆၈ ဦး၊ ဒေါ်တမရပ်ကွက်မှ ၇၄ ဦး၊ ဒေါ်ဥခူရပ်ကွက်မှ ၄၃ ဦးနှင့် နွားလဝိုးကျေးရွာအုပ်စုမှ ၉၉ ဦး စုစုပေါင်း ပြည်သူ ၃၃၈ ဦးထံသို့ မြေငှားဂရန်ပေးအပ်ခဲ့သည်။



ကယားပြည်နယ်အတွင်း နှစ်အလိုက်မြေငှားဂရန် ထုတ်ပေးမှုအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ထုတ်ပေးခဲ့သည့် မြေငှားဂရန် အရေအတွက် စုစုပေါင်းမှာ ၁၈၂၂ ခုဖြစ်ပြီး ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် မတ်လအထိ ထုတ်ပေးခဲ့သည့် မြေငှားဂရန်အရေအတွက် စုစုပေါင်း ၂၈၀၁ ခု ထုတ်ပေးခဲ့သည်။

ယခုအခမ်းအနားတွင် ပေးအပ်သည့် မြေငှားဂရန် ၃၃၈ ခုပါဝင်ပြီး မြေငှားဂရန်စုစုပေါင်း ၃၁၃၉ ခု အထိ ထုတ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။ **ကိုစိုင်း (လွိုင်ကော်)**

## အမြဲတမ်း မသန်စွမ်းမှု ငွေလုံးငွေရင်းခံစားခွင့်ပေး

**မင်းဘူး မေ ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းအကျိုးခံစားခွင့်ပေးအပ်ပွဲကို ရေနံဓာတုဗေဒစက်ရုံ(မန်းသံပုရာကန်) အစည်းအဝေးခန်းမ၌ မေ ၁၈ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဦးမြင့်ဆွေက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိသွယ်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများနှင့် မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားရှိသည့် အထက်မင်းလှမြို့နယ် ရေနံဓာတုဗေဒစက်ရုံ (မန်းသံပုရာကန်)မှ အာမခံအလုပ်သမား ဦးညွန့်ဝေ၏ အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့်ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်ဆွေက အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုကြောင့် အမြဲတမ်း မသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၄၈၉၉၅၁၀ အား မင်းဘူးမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားရှိသည့် အထက်မင်းလှမြို့နယ် ရေနံဓာတုဗေဒစက်ရုံ (မန်းသံပုရာကန်)မှ အာမခံအလုပ်သမား ဦးညွန့်ဝေထံ ပေးအပ်ခဲ့ရာ အကျိုးခံစားခွင့် လက်ခံရရှိသူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးမြတ် (မင်းဘူး)**

## ရှမ်းပြည်နယ်ဝန်ကြီး ဒေသဖွံ့ဖြိုးရေးအတွက် မောက်မယ်မြို့နယ်ဒေသခံများနှင့်တွေ့ဆုံ

**မောက်မယ် မေ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် အတွင်းရှိ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများအား ရှမ်းပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးညွန့်လွင်က ဒေသဖွံ့ဖြိုးရေးအတွက် တွေ့ဆုံပွဲ အခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များစွာရှိနိုင်သော်လည်းအမှန်တကယ်လိုအပ်သည်များကို တောင်းဆိုကြရန်နှင့် လုပ်ပေးနိုင်သည့် အတိုင်းအတာအလိုက် အရေးကြီးသည့်ကိစ္စများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဟန်သူရက မောက်မယ်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ဒေသခံပြည်သူများက လိုအပ်သည်များတင်ပြကြရာပြည်နယ်ဝန်ကြီးက ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **မြို့နယ် (ပြန်/ဆက်)**



## ဓနုတိုင်းရင်းသားရိုးရာ ဝါးထီးလုပ်ငန်းနှင့် ရှမ်းစက္ကူအား လာရောက်လေ့လာ

**ပင်းတယ ဧပြီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့ပေါ်ရပ်ကွက်များရှိ ရှမ်းစက္ကူကုန်ထုတ်လက်မှုလုပ်ငန်းများနှင့် ဓနုတိုင်းရင်းသားရိုးရာ ဝါးထီးလုပ်ငန်းများအား နွေရာသီကာလဖြစ်သော မတ်လဆန်းပိုင်းမှ စတင်၍ လာရောက်ကြည့်ရှုလေ့လာသူ များပြားလျက်ရှိပြီး အရောင်းအဝယ်ကောင်းလျက်ရှိခြင်းတို့ကြောင့် မိသားစုစားဝတ်နေရေးအတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရှမ်းစက္ကူပြုလုပ်ပုံအဆင့်ဆင့်မှာ ဒေသအခေါ် ဂုန်လျှော်ပင်မှ အခေါက်များကို ခွာယူကာ သုံးလေးရက်ခန့် အခြောက်လှန်းပြီး ရရှိလာသည့် အခေါက်များကို ၁၂ နာရီခန့် ရေစိမ်၍ မီးဖိုပေါ်တွင် ငါးပိဿာခန့်ဆံ့သည့် အိုးကြီးဖြင့် မီးအပူပေးကာ ရေနွေးပြာရော၍ ၂၄ နာရီခန့်ပြုတ်ရသည်။ ပြုတ်၍ရရှိလာသော ဂုန်လျှော်ဖတ်များကို သစ်သားတူဖြင့် ညက်အောင်ထုပြီး ပိတ်စနှင့်ဝါးဖြင့်ပြုလုပ်ထားသည့် နှစ်လက်မပတ်လည် လေးထောင့်ပုံ စက္ကူပြုလုပ်ရန် ဒေသအခေါ် (ထင်) အတွင်းသို့ ၎င်းစက္ကူလုံးအားထည့်၍ လက်ဖြင့် လိုသလိုဖြန့်ပြီး ရေစစ်ယူကာ ဖြည်းညင်းစွာ မ၍ နေပူတွင် တစ်နာရီခန့် လှန်းပေးရသည်။ အခြောက်ခံ၍ ရရှိလာသော စက္ကူကို လက်ဖြင့်သေချာစွာ ခွာယူကာ ရှမ်းစက္ကူတစ်ချပ်ရရှိလာအောင် ပြုလုပ်ကြသည်။

အဆိုပါ ရှမ်းစက္ကူများကို ဓနုရိုးရာ ဝါးထီးလုပ်ရာတွင် ထီးရွက်အဖြစ်လည်းကောင်း၊ နေအိမ်၏ မျက်နှာကြက်များတွင် အလှဆင်၍လည်းကောင်း၊ မီးပုံး၊ ယပ်တောင်၊ စာအုပ်၊ ပန်းချီကား အစရှိသည့်နေရာများတွင် အလှဆင်ရန်လည်းကောင်း၊ မီးပုံးပျံကြီးများ ပြုလုပ်ရာတွင်လည်းကောင်း လိုအပ်သလို အသုံးပြုကြသည်။ တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင်ပြုလုပ်သော မီးပုံးပျံကြီးများမှာ ရှမ်းစက္ကူဖြင့် အဓိက အသုံးပြုထားခြင်းဖြစ်သည်။

ယခုအခါ ဓနုရိုးရာ ဝါးထီးလုပ်ငန်းနှင့် ရှမ်းစက္ကူလုပ်ငန်းများကို ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ဘုရားဖူးများ၊ တက္ကသိုလ်အသီးသီးမှ လေ့လာရေး ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသဖြင့် အရောင်းအဝယ်ကောင်းကာ မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ရှမ်းစက္ကူရိုးရိုး တစ်ချပ်လျှင် ကျပ် ၅၀၀၊ ပန်းဖြင့် အလှဆင်ထားသည့် ရှမ်းစက္ကူတစ်ချပ်လျှင်ကျပ်၁၀၀၀ အထိရရှိကြောင်းနှင့် ဓနုရိုးရာဝါးထီးတစ်လက်လျှင် အရွယ်အစား အလိုက် ငွေကျပ် ၁၅၀၀ မှ ကျပ် ၅၀၀၀၀ အထိ ရရှိကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပြန်/ဆက်)**

## တာချီလိတ်နယ်စပ်မှ နိုင်ငံခြားသား ခရီးသွားများ ဧပြီ ၁၂ ရက်မှ ၁၈ ရက်ထိ ၂၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်

**တာချီလိတ် ဧပြီ ၁၉**

တာချီလိတ်နယ်စပ်ဝင်ပေါက်မှတစ်ဆင့် ထိုင်းနိုင်ငံသား အများစုပါဝင်သည့် နိုင်ငံခြားသား ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ ဝင်ရောက်လည်ပတ်လျက်ရှိရာ ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ တစ်ပတ်အတွင်း နေ့ချင်းပြန်နှင့် ညအိပ်ခရီးစဉ်အဖြစ် စုစုပေါင်း ၂၁၁၆၂ ဦးဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲမှ သိရသည်။

နိုင်ငံခြားသား ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း ဘုရားဖူးခြင်း၊ ရေမြေတောတောင်သဘာဝအလှ ရှုခင်းများနှင့် အထင်ကရနေရာများ၊ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် ကြည့်ရှုလေ့လာရန် ဝင်ရောက်လျက်ရှိရာ တစ်ပတ်အတွင်း တာချီလိတ်နေ့ချင်းပြန်အဖြစ် ထိုင်းနိုင်ငံသား ၁၉၂၇၈ ဦးနှင့် တတိယနိုင်ငံသား(နိုင်ငံခြားသား) ၃၂၇ ဦး၊ ညအိပ်ခရီးစဉ်အဖြစ် မိုင်းဖြတ်မြို့နှင့် ကျိုင်းတုံမြို့တို့သို့ ထိုင်းနိုင်ငံသားအများစုပါဝင်သည့် တတိယနိုင်ငံသား ကမ္ဘာလှည့်ခရီးသည် ၁၅၄ ဦး၊ ပြည်တွင်းခရီးစဉ်သို့ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည် ၁၀၇၆ ဦး ဝင်ရောက်လည်ပတ်ခဲ့သည်။

တာချီလိတ်နယ်စပ်ဝင်ပေါက်မှ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဧပြီ ၁၈ ရက်အထိ နေ့ချင်းပြန်နှင့် ညအိပ်ခရီးသည် ၃၃၆၁၉၇ ဦး၊ မိုင်းဖြတ်၊ ကျိုင်းတုံမြို့ခရီးစဉ်တွင် ၄၆၉၂ ဦး၊ ဗီဇာဖြင့် တာချီလိတ်၊ ကျိုင်းတုံနှင့် ပြည်တွင်းခရီးစဉ်သို့ ၂၄၃၀၁ ဦး စုစုပေါင်းနိုင်ငံခြားခရီးသွားဧည့်သည် ၃၆၅၁၉၀ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



## တောင်သူများ လယ်ယာကဏ္ဍကို လုပ်ကိုင်လိုမှုနည်းပါးလာ

**ရေတာရှည် ဧပြီ ၁၉**

ကျေးလက်ဒေသနေပြည်သူ ၇၀ ရာခိုင်နှုန်းသည် လယ်ယာစိုက်ပျိုးလုပ်ကိုင်ကြသော တောင်သူများဖြစ်ရာ ဆင်းရဲမှုကို လျှော့ချနိုင်ရေးအတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်လျက်ရှိသော်လည်း အမှန်တကယ်အားဖြင့် တောင်သူတို့၏ထွက်ကုန် စပါး၊ ဆန်ဈေး ကွက်ကောင်းမွန်မှသာ အဆင့်တစ်ခုအထိအောင်မြင်နိုင်မည်ဖြစ်ပြီး ဆန်စပါးဈေးကွက် ကောင်းမွန်ခြင်းမရှိသည့်အခါ တောင်သူများအနေဖြင့် လယ်ယာကဏ္ဍကို လုပ်ကိုင်လိုသူနည်းပါး၍ လုပ်ငန်းများကို စွန့်ခွာသွားသူများပင် ရှိနေကြပြီဖြစ်သည်။

"တောင်သူတွေက ဆန်စပါးဈေးကွက်ကို အဓိကမှီခိုနေရတာဖြစ်တော့ ဈေးကွက်ကောင်းမှသာ သွင်းအားစုကုန်ကျစရိတ်ကိုဖာထေးမိမယ်။ အချို့တောင်သူတွေဆို မိဘဘိုးဘွားတွေလက်ထက်ကတည်းက ပိုင်ဆိုင်လာခဲ့ကြတဲ့မြေတွေကိုရောင်းပြီး ကြုံရာကြရာ ရင်းနှီးလုပ်ကိုင်စားသောက်ကြတာတွေ့ရတယ်။ အချို့လည်း အခြားအရပ်ဒေသတွေကို သွားရောက်အလုပ်လုပ်ကိုင်ကြတာတွေ့ရတယ်"ဟု ရေတာရှည်မြို့နယ် တံတားကြီးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

ယခုလက်ရှိတွင် ဆွာချောင်းဆည်တမံရေသောက်စနစ်ဖြင့် စိုက်ပျိုးထားသည့် နွေစပါးစိုက်ဧက ၇၀၀၀ နီးပါး စတင်ရိတ်သိမ်းလျက်ရှိပြီး တင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀၀ ဈေးဖြင့် ရောင်းချရသည်ဟုဆိုသော်လည်း ဝယ်ယူသူမရှိသလောက်ဖြစ်နေသည့်အတွက် တောင်သူများအနေဖြင့် အခြောက်လှန်းသိမ်းဆည်းကြသူများရှိသလို ဆန်စက်များသို့ အပ်ကုန်စနစ်ဖြင့် ပို့ဆောင်ထားသည်များလည်းရှိနေသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ပျိုးပင်ပေါင်း ၆၀၀၀၀ ကျော်စိုက်ပျိုး

**ယင်းမာပင် ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ရာသီဥတုများဖောက်ပြန်လာမှု၊ ဂေဟစနစ်ကိုပြန်လည်ထိန်းညှိနိုင်ရန်နှင့် ရာသီဥတု ညီညွတ်မျှတလာစေရန် ရည်ရွယ်၍ အေးမြသော အရိပ်ရအပင်များ၊ သစ်၊ တိုင်၊ မျောနှင့် ထင်းစသည့် အခြေခံသစ်တောထွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကောင်းဆင့်ပျိုးဥယျာဉ်တွင် ပျိုးပင်ပေါင်း ၆၀၀၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း ယင်းမာပင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။



"လက်ရှိမှာ သစ်တောဖုံးလွှမ်းမှုများ ပိုမိုကောင်းမွန်ပြီး သစ်တောသစ်ပင်များစိမ်းလန်းစိုပြည်လာမှ သဘာဝဘေးအန္တရာယ်ကျရောက်မှုများ လျော့နည်းသက်သာစေရန်၊ သဘာဝပတ်ဝန်းကျင်တွင် သစ်တောများ တိုးတက်ကောင်းမွန်ပြီး ဂေဟစနစ်ကို ထိန်းညှိလာနိုင်စေရန်တို့ကို ကောင်းမွန်လာအောင် ဆောင်ရွက်နေသလို ကျေးရွာသုံး ထင်းစိုက်ခင်းများလည်း ကျေးရွာပြည်သူ များအတွက် နှစ်စဉ်စိုက်ပျိုးဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ယင်းမာပင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနေမျိုးထွန်းက ပြောသည်။

ယင်းမာပင်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ၊ အပူပိုင်းဒေသအထူးစိမ်းလန်းစိုပြည်ရေး၊ ကျေးရွာသုံး ထင်းစိုက်ခင်းများ၊ သစ်ပင်စိုက်ပျိုးပွဲတော်များ စိုက်ပျိုးခြင်း၊ တစ်အိမ်ထောင် ကျွန်း သုံးပင်၊ သစ်မာ ၂၀ စိုက်ပျိုးရေး၊ လမ်းဘေးဝဲ၊ ယာ အရိပ်ရသစ်ပင်များ စိုက်ပျိုးရေးနှင့် ဒေသခံအစုအဖွဲ့ သစ်တောလုပ်ငန်းတည်ထောင်ခြင်းများအတွက် မြန်မာကုက္ကို၊ မန်ကျည်း၊ လိန်၊ မဲဇလီ၊ ရင်းမာ၊ ရှား၊ ဒဟတ်၊ ယူကလစ်၊ ကျွန်း၊ လျှော်ဖြူ၊ သပွတ်ကြီး၊ စန္ဒကူး၊ ဘိန်းနွယ်နှင့် မျှင်ဝါး စသည့် ပျိုးပင်ပေါင်း ၆၀၁၁၀ ကို စိုက်ပျိုးထားကြောင်း ယင်းမာပင်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သိရသည်။

**သန်းဌေးအောင်(ကနီ)**

## တိုတိုထွာထွာဖတ်စရာ

### ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ ပန္နက်တင်

**မြင်းမူ**
စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ကျန်းမာရေးဦးစီးဌာန ပြည်သူ့ဆေးရုံဝင်းအတွင်း ဝန်ထမ်းအိမ်ရာတည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ပြုလုပ်သည်။

ယခုတည်ဆောက်မည့် ဝန်ထမ်းအိမ်ရာမှာ လေးခန်းတွဲ လေးထပ် (RC) အမျိုးအစားဖြစ်ပြီး ပြည်တောင်စုဘတ်ဂျက်ခွင့်ပြုငွေကျပ် ၃၃၈ ဒသမ ၂ သန်းဖြင့် ချင်းတွင်းသီဟကုမ္ပဏီက တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **အောင်စိုးဇေ(မြင်းမူ)**

### သန်လျင်၌ အခမဲ့ကွန်ပျူတာသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန်**
သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများအတွက် အခမဲ့အခြေခံကွန်ပျူတာသင်တန်း ဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ဘယက်ကျေးရွာ၌ ကျင်းပသည်။

သန်လျင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုမွန်ဝင်းနှင့် ဘယက်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိန်နွဲ့တို့က အခမဲ့ အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်ပေးရခြင်းကို ရှင်းလင်းပြောကြားကြသည်။

အဆိုပါသင်တန်းသို့ သန်လျင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ မေ ၁၉ ရက်မှ မေ ၈ ရက်အထိဖြစ်ပြီး သင်တန်းတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ခိုင် (သန်လျင်)**

### သုံးခွမြို့နယ်တွင် ကွန်ကရစ်လမ်းခင်း

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သခွတ်ကုန်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းမှ အတိုးရငွေကျပ်သိန်း ၇၀ ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်း (ပေ ၃၂၀× ၁၀ ပေ × ၆ လက်မ)ကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းခွင်သို့ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မေဇင်ထွန်းနှင့်အဖွဲ့က မေ ၁၈ ရက် မွန်းတည့် ၁၂ နာရီက ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့် သတ်မှတ်ရက်အတွင်းပြီးစီးစေရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးအတွက် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

### ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများအား အရေးယူ

**ကျုံပျော်**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ယာဉ်အန္တရာယ်လျော့နည်းကျဆင်းရေး၊ ဘေးကင်းလုံခြုံစွာ သွားလာနိုင်စေရေးရည်ရွယ်၍ မော်တော်ဆိုင်ကယ်မောင်းနှင်သူများ ဆိုင်ကယ်စီးဦးထုပ်ပါရှိမှု ရှိ-မရှိ ရှောင်တခင်စစ်ဆေးခြင်းကို မေ ၁၈ ရက်က ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ မြို့နယ်ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီများ ပူးပေါင်း၍ မော်တော်ဆိုင်ကယ်မောင်းနှင်သူများနှင့်စီးနင်းသူများတွင် ဆိုင်ကယ်စီးဦးထုပ်မပါရှိခြင်း၊ နောက်ကြည့်မှန်မပါရှိခြင်းတို့ကို စစ်ဆေး၍ စည်းကမ်းညီညွတ်မှုမရှိသူများအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ဝါးလေးတောင်ကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**ငဖဲ**
မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ဝါးလေးတောင်ကျေးရွာ၌ သောက်သုံးရေအခက်အခဲဖြစ်ပေါ်နေသဖြင့် မေ ၁၈ ရက် မွန်းလွဲ ၂ နာရီက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုးမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးနိုင်လင်းဦးနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ နွေရာသီသောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းရာတွင်ဝါးလေးတောင်ကျေးရွာရှိအိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၄၀ ခန့်နေထိုင်သည့် ကျေးရွာအား မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၈၀၀ ပါယာဉ်တစ်စီး၊ မြို့နယ်ကျေးလက်ဦးစီးဌာနမှ ငါးဂါလန်ဆံ့ရေပုံး ၂၅ ပုံးတို့ဖြင့် စုစုပေါင်းသောက်သုံးရေ ၉၂၅ ဂါလန်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မယု(ငဖဲ)**

## အသက် ၉၀ နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ခြင်းနှင့် စတုဒိသာကျွေးမွေးလှူဒါန်း

**ရန်ကုန် မေ ၁၉**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် သော်တာလမ်းမိသားစုမှ ခြောက်ကြိမ်မြောက် အသက် ၉၀ ပြည့်နှင့် အထက် ဘိုးဘွား ၂၃ ဦးအား မေ ၁၈ ရက် ညနေ ၆ နာရီက လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြပြီး ကြာဆံချက်နှင့် အအေးများဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။
**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**



## သင်္ကြန်အပြီး မန္တလေးဘူတာကြီးတွင်ခရီးသွားများပြား

**မန္တလေး မေ ၁၉**
သင်္ကြန်အပြီးကာလ မန္တလေးဘူတာကြီးတွင် အနယ်နယ်အရပ်ရပ်သို့ ပြန်ကြမည့် ခရီးသွားများ အထူးများပြားလျက်ရှိရာ မြန်မာ့မီးရထားက ခရီးသွားများ အဆင်ပြေစေရေးအတွက် ရန်ကုန်-မန္တလေး လမ်းပိုင်းတွင် အထူးရထားများပြေးဆွဲခြင်း၊ RBE ရထားများပြေးဆွဲခြင်းနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ရထားတွဲဆိုင်းများ တိုးချဲ့ပြေးဆွဲခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သင်္ကြန်အပြီး ခရီးသွားပြည်သူများ ရထားလက်မှတ် အဆင်ပြေစွာ ဝယ်ယူနိုင်ရေးအတွက် မန္တလေးဘူတာကြီးပထမထပ် လက်မှတ်ရုံတွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ အထက်တန်းလက်မှတ်များအတွက် သုံးရက်ကြိုနှင့် ရိုးရိုးတန်းလက်မှတ်များအတွက် တစ်ရက်ကြို ခရီးသွားမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်တင်ပြ၍ တန်းစီဝယ်ယူစနစ်ဖြင့် ရောင်းချပေးလျက်ရှိသည်။

ရထားလက်မှတ် မှောင်ခိုပပျောက်စေရေး ရထားရဲတပ်ဖွဲ့ဝင်များက ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**



## မောင်တောမြို့နယ်တွင် ရေသန့်ဆေးကတ် ၁၀၀၀ ကျော် လှူဒါန်း

**မောင်တော မေ ၁၉**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ကိုယ်စားလှယ်ရုံး (ICRC) မှ ရေသန့်ဆေးဝါးများအား ခရိုင်မီးသတ်ဦးစီးမှူးရုံးသို့ မေ ၁၈ ရက်က လာရောက်လှူဒါန်းသည်။

ယခုအခါ မောင်တောခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း သောက်သုံးရေများ ပြတ်လပ်မှုရှိသော ဒေသများသို့ ရေပေးဝေနိုင်ရေးဆောင်ရွက်ရန် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်အား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဒေသခံကျေးရွာနေပြည်သူများ ကျန်းမာရေးနှင့် ညီညွတ် စေရေးအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ကိုယ်စားလှယ်ရုံး (ICRC) မှ ရေသန့်ဆေးကတ် ၁၀၈၀၊ ဆေးလုံးရေ ၁၀၈၀၀ အား မောင်တောခရိုင် မီးသတ်ဦးစီးမှူးရုံး၏ ရေပေးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။
**သက်လွင်စိုး(ပြန်/ဆက်)**

## သင်္ကြန်ရုံးပိတ်ရက်လွန်မြောက်သော်လည်း ငွေဆောင်ကမ်းခြေတွင် လည်ပတ်သူများဖြင့် စည်ကား

**ငွေဆောင် မေ ၁၉**
ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေတွင် သင်္ကြန်တွင်းရုံးပိတ်ရက်ကာလ လွန်မြောက်သွားသော်လည်း လာရောက် လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေဒေသသည် လည်ပတ်စရာနေရာများဖြစ်သော ချစ်သူများကျွန်း၊ မြွေကျွန်းနှင့် ငှက်ကျွန်း စသည့်နေရာများသို့လည်း သွားရောက်လည်ပတ်ကြပြီး အပန်းဖြေသူများအနေဖြင့် ဒေသအစားအစာ၊ ပင်လယ်စာနှင့်အုန်းရည်ကိုနှစ်ခြိုက်ကြကြောင်း၊ မြောင်းမြမြို့မှ ယိမ်းအဖွဲ့ဝင်များ အပန်းဖြေလာရောက်ကြပြီး ငွေဆောင်ကမ်းခြေက သာယာလှပကာ လည်ပတ်ချင်စရာ အကောင်းဆုံးနေရာတစ်ခုဖြစ်ကြောင်း ယိမ်းအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **နှင်းဝေဦး (ပြန်/ဆက်)**



## မကွေးတွင် လေဘေးဒဏ်ခံရသည့် အိမ်ထောင်စုများအား ထောက်ပံ့



**မကွေး ဧပြီ ၁၉**

မကွေးမြို့နယ် ဖိုးဝေးကျေးရွာနှင့် ဆူးပြစ်စမ်းကျေးရွာတို့တွင် ဧပြီ ၁၇ ရက် ညနေ ၅ နာရီ မိနစ် ၄၀ တွင် လေပြင်းတိုက်ခတ်မှုကြောင့် ဖိုးဝေးကျေးရွာတွင် အိမ်ခြေ ၁၆ လုံးနှင့် ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း၊ ဆူးပြစ်စမ်းကျေးရွာတွင် အိမ်ခြေ ၁၃ လုံး ပျက်စီးခဲ့သည်။

ဖိုးဝေးကျေးရွာတွင် ပျက်စီးခဲ့သော ဘုန်းကြီးကျောင်းနှင့် အိမ်ထောင်စုများအတွက် ရန်ပုံငွေကျပ် ၇၆၈၀၀၀ နှင့် အိမ်ထောင်စု ၁၅ စုအား ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့် အိမ်ထောင်စုတစ်စုကို ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးကိုလည်းကောင်း၊ ဆူးပြစ်စမ်းကျေးရွာတွင် အိမ်ထောင်စု ၁၃ စုအား ရန်ပုံငွေကျပ် ၄၂၈၁၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးတို့ကိုလည်းကောင်း ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဧပြီ ၁၈ ရက်တွင် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မကွေးခရိုင် (ပြန်/ဆက်)**

## မော်လူးတွင် လေဘေးဒဏ်ခံရသူများအား ထောက်ပံ့

**မော်လူး ဧပြီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့အုပ်ချုပ်ရေးမှူးရုံးတွင် ယနေ့ နံနက် ၁၀ နာရီခွဲက လေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော အိမ်ထောင်စု ၅၉ စုတို့အား ထောက်ပံ့ငွေ၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ခဲ့သည်။

"မော်လူးမြို့မင်းချမ်းသာရပ်ကွက်တွင် ၂၁ အိမ်၊ မင်းဇေယျာ ၅ ရပ်ကွက်တွင် ၂၃ အိမ်၊ မင်းသီရိရပ်ကွက်တွင်တစ်အိမ်၊ မင်းသစ္စာရပ်ကွက်တွင်ရှစ်အိမ်၊ မင်းသုခရပ်ကွက်တွင်ငါးအိမ်၊ မင်းရာဇာရပ်ကွက်တွင်တစ်အိမ် စုစုပေါင်း ၅၉ အိမ် ပျက်စီးဆုံးရှုံးမှုတန်ဖိုးအလိုက် တစ်ဦးလျှင် ငွေကျပ် ၇၅၀၀၀၊ ၅၀၀၀၀၊ ၃၀၀၀၀ မှ ငွေကျပ် ၂၀၀၀၀ အထိ ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ပါတယ်" ဟု မော်လူးမြို့ မင်းချမ်းသာရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်ကျော်က ပြောကြားသည်။ **နီတိုး**

## တောင်တွင်းကြီးတွင် လေဘေးဒဏ်ခံရသူများအား ထောက်ပံ့

**တောင်တွင်းကြီး ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ ဧပြီ ၁၇ ရက်ညက လေပြင်းတိုက်ခတ်ခဲ့ခြင်းကြောင့် ပျက်စီးသွားသည့် အဆောက်အအုံများအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းက ကယ်ဆယ်ရေးပစ္စည်းများ၊ ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိမ်း၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အမိုးလန်ပျက်စီးခဲ့သော အိမ်ထောင်စု ၂၀၃ စုအတွက် ကယ်ဆယ်ရေးပစ္စည်းကိုးမျိုးနှင့် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပြိုကျပျက်စီးခဲ့သော အိမ်ထောင်စု ရှစ်စုအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးနှင့် ငွေကျပ် ၁၀၀၀၀၀ နှုန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာ ၁၅ ရွာမှ နေအိမ်ရှစ်လုံး ပြိုကျပျက်စီးခြင်း၊ အရံစေတီနှစ်ဆူ ပြိုကျခြင်း၊ စာသင်ကျောင်းနှစ်ကျောင်း၊ ကျန်းမာရေးအဆောက်အအုံတစ်ခု၊ ဘုန်းကြီးကျောင်းသုံးကျောင်း၊ လူနေအိမ် ၂၀၃ လုံး၊ စာကြည့်တိုက်တစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း ( ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပျက်စီးမှုများဖြစ်ပေါ်




**မြိုင်**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် ဧပြီ ၁၈ ရက် ညနေ ၅ နာရီ ၃၅ မိနစ်က လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စုငါးအုပ်စု၊ ကျေးရွာခုနစ်ရွာမှ သာသနိကအဆောက်အအုံ ငါးခု၊ စာသင်ကျောင်းသုံးကျောင်း၊ လူနေအိမ်နှင့် အခြားအဆောက်အအုံ ၁၆၀၊ ထီးတော်မြေခခြင်း၊ ပြိုလဲခြင်းနှင့် အမိုးလန်ခြင်းများဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်ခြင်းကြောင့် အလုံကြီးကျေးရွာတွင် စာသင်ကျောင်းတစ်ဆောင်၊ ပန်းတော်ပြင်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်ငါးလုံး၊ မြန်အောင်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ် ၂၁ လုံး၊ သမင်ချောက်ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ် ၆၇ လုံး၊ ကုန်းစင်ကျေးရွာတွင် လူနေအိမ် ၆၈ လုံး၊ ရွှေလင်းဆွဲနှင့် အောင်သုခကျေးရွာတွင် လူနေအိမ်ခြောက်လုံး၊ စာသင်ကျောင်းနှစ်ကျောင်းနှင့် လူနေအိမ် ၁၆ လုံး ပြိုကျခဲ့ပြီး ကျန်လူနေအိမ် ၁၅၀ မှာ အမိုးလန်ခြင်း၊ ထရံကာလဲပြိုခြင်းများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**မင်းတုန်း**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်တွင် ဧပြီ ၁၈ ရက် ညနေ ၄ နာရီခန့်မှ ၅ နာရီထိ လေပြင်းတိုက်ခတ်မှုကြောင့် တိုင်တားကျေးရွာတွင် လူနေအိမ် ၁၄ လုံး ပျက်စီးခဲ့သည်။

အလားတူ သမင်ကတုတ်ကျေးရွာတွင် လူနေအိမ်ခုနစ်လုံး၊ ပဲခွဲစက်ရုံတစ်လုံး၊ အ-မ-က ကျောင်းဆောင်အမိုးလန်ပျက်စီးခဲ့သည်။ ငါးပုန်ကုန်းကျေးရွာတွင်လည်း လူနေအိမ် သုံးလုံးနှင့် ထန်းပင်ကိုင်းကျေးရွာတွင် အုတ်ညှပ် အ-မ-က ကျောင်းဆောင်တို့ အမိုးလန်နှင့် မျက်နှာကြက်များ ပျက်စီးခဲ့သည်။

**ချင်းကလေး(မင်းတုန်း)**

**ဆားလင်းကြီး**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ်တွင် ဧပြီ ၁၈ ရက် ညနေ ၆ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် လက်ပံတောင်းကျေးရွာတွင် လူနေအိမ် ၉၀ ခန့်၊ မစိုးရိမ်ကျေးရွာတွင် လူနေအိမ် ၂၅ လုံးခန့်၊ ဝဲကြီးကျေးရွာတွင် လူနေအိမ် ၄၀ ခန့်၊ တောကျောင်းကျေးရွာတွင် လူနေအိမ် ၁၀ လုံးခန့်၊ ဝဲကွဲကျေးရွာတွင် လူနေအိမ် ငါးလုံးခန့်၊ အလယ်ရွာတွင် လူနေအိမ်သုံးလုံးခန့်၊ ရွာသစ်ကလေးကျေးရွာတွင် လူနေအိမ်ခုနစ်လုံး ပြိုလဲ၊ လူနေအိမ် ၃၅ လုံး အမိုးလန်၊ တုံ့ကျေးရွာအုပ်စု တုံ့ရွာသစ်ကျေးရွာတွင် လူနေအိမ်ငါးလုံး၊ အလယ်တောကျေးရွာတွင် လူနေအိမ်လေးလုံး၊ တုံ့ရွာမကျေးရွာတွင် လူနေအိမ်နှစ်လုံးနှင့် ကျေးလက်ဆေးပေးခန်း၊ ထန်းတောကြီးကျေးရွာတွင် လူနေအိမ်နှစ်လုံးနှင့် စာသင်ကျောင်းတို့ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာများသို့ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်လင်း(ဆားလင်းကြီး)**

**ပန်းတောင်း**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်တွင် ဧပြီ ၁၆ ရက် ညနေ ၄ နာရီခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် လူနေအဆောက်အအုံများ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါမိုးသက်လေပြင်းကျရောက်မှုကြောင့်ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ ရတနာပုံရပ်ကွက်တွင် လူနေအိမ်တစ်လုံး၊ ပြည်တော်သာရပ်ကွက်တွင် လူနေအိမ်နှစ်လုံး၊ လဲအုပ်စုတွင် လူနေအိမ်တစ်လုံး၊ မကြီးထုံးအုပ်စုတွင် လူနေအိမ်ရှစ်လုံး၊ တောင်ဘို့ကြီးအုပ်စုတွင် လူနေအိမ်တစ်လုံး၊ လှည်းကူးအုပ်စုတွင် လူနေအိမ်တစ်လုံး၊ ကျောက်ဖူးအုပ်စုတွင် လူနေအိမ် ၁၁ လုံး၊ ဖရုံကားအုပ်စုတွင် လူနေအိမ်ကိုးလုံး၊ လေပြင်းတိုက်ခတ်မှုခံရသော ရပ်ကွက်၊ ကျေးရွာအုပ်စုရှစ်ခု၏ လူနေအိမ် ၃၄ လုံးတို့ ပျက်စီးဆုံးရှုံးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**သင်းသင်းအေး (ပြန်/ဆက်)**

**ဝက်လက်**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ဧပြီ ၁၈ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းကြီး




ကျောင်းများ ထိခိုက်ပျက်စီးပြီး သစ်ပင်များပြိုလဲ၍ လမ်းပိတ်ဆို့မှုများဖြစ်ပွားခဲ့ကြောင်း ရွှေဘိုခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်ထံမှ သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် ဝက်လက်မြို့နယ် ရွာသာကြီးကျေးရွာနှင့် ရွှေပန်းကုံးကျေးရွာကြားတွင် ဆူးဖြူပင် သုံးပင်လဲကျ၍ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။ ဝက်လက်မြို့နယ် မီးသတ်စခန်းနှင့် ၂၇ မိုင်ခန့်ဝေးသော ကိုင်းရွာတွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် ၆၅ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း အမိုးလန်၍ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ စုစုပေါင်းထိခိုက်ပျက်စီးမှု အိမ်ခြေ ၆၅ လုံးရှိသည့်အနက် လူနေအိမ် ခုနစ်လုံးမှာ လုံးဝပျက်စီးသွားခြင်းဖြစ်ပြီး လူနေအိမ် ၅၈ လုံးမှာ အမိုးလန်၍ အနည်းငယ်သာ ထိခိုက်ပျက်စီးခြင်း၊ စာသင်ဆောင် တစ်ဆောင် အမိုးလန်ခြင်း၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း အမိုးလန်ခြင်း၊ ဘုရား တစ်ဆူ ထီးတော်ယိုင်လဲခြင်း၊ တိုင်းရင်းဆေးခန်း တစ်ခု အမိုးလန်ခြင်း၊ စပါးကျီ တစ်လုံး ပျက်စီးခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လေဘေးသင့်ပြည်သူများအား လိုအပ်သည့် ထောက်ပံ့ကူညီမှုများပေးနိုင်ရန်အတွက် ဧပြီ ၁၉ ရက် နံနက် ၇ နာရီတွင် ဝက်လက်မြို့နယ်မီးသတ်စခန်းမှ တာဝန်ခံ ဒုမီးသတ်ဦးစီးမှူး ဦးမောင်နိုင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင် ၁၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး၊ အရာတော်မြို့နယ်မြေခံတပ်မှ ဗိုလ်ကြီးဉာဏ်ဟိန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၂၅ ဦး၊ ဝက်လက်မြို့နယ် အုပ်ချုပ်ရေးရုံးမှဝန်ထမ်းများ၊ ဝက်လက်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ဧပြီ ၁၉ ရက် ညနေ ၄ နာရီ ၁၀ မိနစ်ထိသွားရောက် ကူညီဆောင်ရွက်ခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာတစ်စုံတစ်ရာရရှိခြင်း မရှိကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ဇာတ်လမ်းတွဲသစ်အတွက် ကမ်းလှမ်းခံခဲ့ရတဲ့ လီဒေါင်ဝတ်ခ်



တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ လီဒေါင်ဝတ်ခ်ဟာ လတ်တလောမှာတော့ ရုပ်သံဇာတ်လမ်းတွဲသစ်တစ်ခုမှာ ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံခဲ့ရတာ ဖြစ်ပါတယ်။ မကြာသေးမီကပင် ရုပ်သံဇာတ်လမ်းတွဲမှာ ပါဝင်ခဲ့ပြီး အောင်မြင်မှုတွေလည်း ရရှိခဲ့တဲ့ လီဒေါင်ဝတ်ခ်ဟာ ဆက်တိုက်ဆိုသလိုပင် နောက်ထပ်ဇာတ်လမ်းတွဲတစ်ခုကို ကမ်းလှမ်းခံခဲ့ရတာလည်း ဖြစ်ပါတယ်။ ဒီသတင်းကိုတော့ စွန်ပီဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၉ ရက်မှာ OCN က လီဒေါင်ဝတ်ခ်အနေနဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်မှာ ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံထားရကြောင်း ရေးသားဖော်ပြခဲ့တာပါ။ အဆိုပါဇာတ်လမ်းတွဲသစ်ကိုတော့ "Strangers from Hell" လို့ ယာယီအမည်ပေးထားကြောင်းလည်း သိရပါတယ်။

"Strangers from Hell" ဟာ သူစိမ်းတွေအပေါ် နွေးနွေးထွေးထွေးဆက်ဆံကာ ရင်းနှီးအောင်လုပ်ပြီး လူတစ်ဦးရဲ့ အချက်အလက်တွေကို သိအောင်လုပ်လေ့ရှိသူတစ်ဦးအကြောင်း ဇာတ်လမ်းဆင်ရိုက်ကူးသွားမှာဖြစ်တယ်လို့ သိရပါတယ်။ လက်ရှိမှာတော့ ယင်းဇာတ်လမ်းတွဲရုပ်ရှင်ဟာ ပြင်ဆင်နေဆဲအဆင့်မှာသာ ရှိနေဆဲဖြစ်တာကြောင့် လီဒေါင်ဝတ်ခ်ပါဝင်သွားမယ့် ဇာတ်ကောင်နဲ့ပတ်သက်ပြီး ပြောကြားနိုင်ခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

"Strangers from Hell" ဟာ ထိတ်လန့်ဖွယ် ဇာတ်လမ်းအမျိုးအစားဖြစ်ပြီး ကျော်ကြားတဲ့ ကာတွန်းကို ပြန်လည်ပုံဖော်သွားမယ့် ဇာတ်လမ်းတွဲပါ။ အရင်က ဒီဇာတ်လမ်းတွဲမှာ မင်းသား အင်စီဝမ် ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်တာကြောင့် လီဒေါင်ဝတ်ခ်ပါဝင်ဖြစ်ပါက အင်စီဝမ်နဲ့ လက်တွဲပါဝင်သွားတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ "Strangers from Hell" ဟာ အင်စီဝမ်အတွက်တော့ စစ်မှုထမ်းဆောင်ပြီးနောက်ပိုင်း ပထမဆုံးရိုက်ကူးမယ့် ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ သူ့ရဲ့ပရိသတ်ရှေ့အရောက်ပြန်လာမယ့် ဇာတ်လမ်းတွဲမှာ အင်စီဝမ်ဟာ ယွန်ဂျွန်ဝူးအဖြစ် ပါဝင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ ယွန်ဂျွန်ဝူးဟာ ကျေးလက်ကနေ ဆိုးလ်ကို အလုပ်အတွက် ပြောင်းရွှေ့လာသူတစ်ဦးလည်း ဖြစ်ပါတယ်။ အင်စီဝမ်ဟာ ပြီးခဲ့တဲ့ မတ် ၂၇ ရက်က စစ်မှုထမ်းဆောင်မှု ပြီးဆုံးခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။



# ကြင်နာတဲ့အပြုအမူကို ပြသလိုက်တဲ့ ဂျီချန်ဝတ်ခ်

ကေပေ့ါပ်တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျီချန်ဝတ်ခ်ဟာ လတ်တလောမှာ ပရိသတ်တစ်ဦးအပေါ် သူ့ရဲ့ကြင်နာမှုတွေကို ထုတ်ဖော်ပြသခဲ့တာ တွေ့ရပါတယ်။ ဂျီချန်ဝတ်ခ်ဟာ သူ့ဆီကိုပါလာတဲ့ ပရိသတ်တစ်ဦးရဲ့ ပိုက်ဆံအိတ်ကို ပြန်ပေးခဲ့တဲ့အပြင် လက်ရေးစာမူတစ်စောင်ကိုပါ ရေးသားပေးပို့ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တောင်ကိုရီးယားမှာ လာရောက်ပညာသင်ကြားနေတဲ့ ဗီယက်နမ်လူမျိုးမိန်းကလေးတစ်ဦးက ဂျီချန်ဝတ်ခ်နဲ့ သူ့ရဲ့အဖြစ်အပျက်တွေကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ရေးသားဖော်ပြလာခဲ့တာပါ။ အဆိုပါဗီယက်နမ်ကျောင်းသူရဲ့ရေးသားဖော်ပြချက်အရ ပြီးခဲ့တဲ့ ဧပြီ ၁၆ ရက်မှာ ဂျီချန်ဝတ်ခ်ရဲ့ဖျော်ဖြေပွဲတစ်ပွဲကို သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ကိုရီးယားလူမျိုးသူငယ်ချင်းတစ်ဦးနဲ့အတူ ကြည့်ခဲ့တာဖြစ်ပြီး ဖျော်ဖြေပွဲခန်းမပြင်ပမှာ ဂျီချန်ဝတ်ခ်ကို စောင့်ဆိုင်းကာ နှုတ်ဆက်ခဲ့ကြကြောင်း၊ နှုတ်ဆက်ရင်းလက်ဆောင်အိတ်ကိုပေးခဲ့ကြကြောင်း၊ လက်ဆောင်အိတ်ပေးအပြီးမှာမှ အိတ်အတွင်း ပိုက်ဆံအိတ်ပါသွားခဲ့သည်ကို သိခဲ့ရကြောင်း၊ စိတ်မကောင်းဖြစ်မိကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒ့ါအပြင် သူက နောက်ပိုင်းမှာတော့ ဂန်းနမ်း ရဲဌာနက မက်ဆေ့ချ်ပို့လာတာကြောင့် သွားရောက်ခဲ့ရာမှာတော့ ပိုက်ဆံအိတ်ပြန်ရခဲ့ပြီး ပိုက်ဆံအိတ်နဲ့အတူ မင်းသားရဲ့လက်ရေးစာမူကိုလည်းရရှိခဲ့ကြောင်း သူက ရေးသားဖော်ပြခဲ့ပါတယ်။

ဂျီချန်ဝတ်ခ်ရဲ့စာမှာတော့ ပိုက်ဆံအိတ်ကို သတိထားဂရုစိုက်စေလိုကြောင်းနဲ့ လက်ဆောင်အတွက် ကျေးဇူးတင်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တယ်လို့ သိရပါတယ်။

ဂျီချန်ဝတ်ခ်ဟာ လက်ရှိမှာတော့ စစ်မှုထမ်းဆောင်နေတာ ဖြစ်ပါတယ်။ အချိန်ပြည့်စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်နေပြီး လာမယ့် ဧပြီ ၂၇ ရက်မှာတော့ စစ်မှုထမ်းရက်ပြီးဆုံးမှာဖြစ်ပါတယ်။ စစ်မှုထမ်းပြီးပါက သူဟာ "City of Stars" လို့ ယာယီအမည်ပေးထားတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ ဒီဇာတ်လမ်းတွဲဟာ အာကာသနဲ့ပတ်သက်ပြီး ရိုက်ကူးသွားမယ့် ရုပ်ရှင်တစ်ကားလည်း ဖြစ်တယ်လို့ သိရပါတယ်။

**အေးပြည့် - စုစည်းသည်**



# တေးသီချင်းသစ် ထပ်မံထုတ်လွှင့်သွားမယ့် ပ့ါခ်ဘွန်

တေးဂီတလောကအတွင်း တစ်ကျော့ပြန်လည်ရောက်ရှိလာတဲ့ ကေပေ့ါပ်ကြယ်ပွင့် ပ့ါခ်ဘွန်ဟာ တေးသီချင်းသစ်တစ်ပုဒ်ကို မကြာမီထုတ်လွှင့်သွားမှာဖြစ်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ဧပြီ ၁၉ ရက်မှာ ပ့ါခ်ဘွန်ရဲ့တေးသီချင်းသစ်ထွက်ရှိမယ့်အကြောင်း သတင်းရင်းမြစ်တစ်ဦးက ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေ့ါပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပ့ါခ်ဘွန်ရဲ့တေးသီချင်းသစ်ကိုတော့ ဘရေဗ်ဘရားသားစ်က ထုတ်လုပ်သွားမှာဖြစ်ကြောင်းနဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "MAMAMOO" ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဝှီးအင်က ပါဝင်အားဖြည့်သီဆိုပေးမှာဖြစ်ကြောင်းလည်း သိရပါတယ်။ ဒီတေးသီချင်းသစ်ကိုတော့ လာမယ့် မေ ၂ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

# "Toy Story 4" စမ်းသပ်ထုတ်လွှင့်

ဒစ်စနေရဲ့အောင်မြင်တဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Toy Story" ရဲ့လေးကားမြောက် ရုပ်ရှင်သစ်ကို လတ်တလောမှာ စမ်းသပ်ထုတ်လွှင့်ပေးခဲ့ပါတယ်။ ဒီရုပ်ရှင်သစ်မှာလည်း စွန့်စားခန်းအသစ်တွေနဲ့ အခက်အခဲ အတားအဆီးအသစ်တွေကို ကျော်ဖြတ်ပုံတွေ ပါဝင်နေကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ကြာသပတေးနေ့မှာတော့ ဒစ်စနေနဲ့ ပိုက်ဇာတို့ ပူးပေါင်းထုတ်လွှင့်တဲ့ "Toy Story 4" ရဲ့အစမ်းရုပ်ရှင်ကို ထုတ်လွှင့်ခဲ့တာပါ။ စက္ကန့် ၃၀ သာ ကြာမြင့်တဲ့ ယင်းရုပ်ရှင်မှာ အဓိကဇာတ်ကောင်တစ်ဦးဖြစ်တဲ့ ဝူဒီဟာ သူနဲ့အချိန်အတော်ကြာ ကွဲကွာနေတဲ့ ငယ်သူငယ်ချင်း ဘိုပိနဲ့ ပြန်လည်ဆုံတွေ့ခဲ့ပါတယ်။ တစ်ပြိုင်တည်းမှာပဲ စွန့်စားခန်းတွေကိုလည်း ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်။

"Toy Story 4" ကိုတော့ လာမယ့် ဇွန် ၂၁ ရက်မှာ ကမ္ဘာတစ်ဝန်းတွင် စတင်ရုံတင်ပြသသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။



# ရှိုင်ကင်မ်သစ်တောမှ အမှတ်တရများဖယ်ရှား




တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ကြယ်ပွင့်တစ်ဦးဖြစ်သူ ရှိုင်ကင်မ်ဟာ မကြာသေးမီက စွပ်စွဲမှုတွေခံခဲ့ရပြီး တရားရင်ဆိုင်နေရတာဖြစ်ပါတယ်။ ဒီလိုပြဿနာတွေ ပေါ်လာခဲ့ပြီးနောက် ဆိုးလ်မှာရှိတဲ့ ရှိုင်ကင်မ်အမှတ်တရ သစ်တောမှ သူနဲ့သက်ဆိုင်တဲ့ အထိမ်းအမှတ်တွေကို လတ်တလောမှာတော့ ဖယ်ရှားခဲ့တာတွေ့ရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရှိုင်ကင်မ်အမှတ်တရသစ်တောကို ဆိုးလ်မှာရှိတဲ့ ပန်းခြံတစ်ခုအတွင်း ဖန်တီးထားတာဖြစ်ပါတယ်။ လက်ရှိမှာတော့ ရှိုင်ကင်မ်နဲ့ပတ်သက်ပြီး ပရိသတ်တွေရဲ့အမြင်တွေက ဆိုးရွားတာကြောင့် အမှတ်တရတွေကို ပြန်လည်ဖျက်သိမ်းခဲ့ရတာဖြစ်တယ်လို့ ရှိုင်ကင်မ်သစ်တောကို ထိန်းသိမ်းထားတဲ့ရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရပါတယ်။ တေးသံရှင် ရှိုင်ကင်မ်အတွက် အမှတ်တရသစ်တောကိုတော့ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်အတွင်း ဖန်တီးခဲ့တာ ဖြစ်ပါတယ်။

# ကမ္ဘာကြီးကို ကယ်တင်ဖို့အတွက် တေးသံရှင်များပူးပေါင်း

ကမ္ဘာကြီးပြောင်းလဲလာမှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတွေကို သတိပြုမိစေဖို့ ရည်ရွယ်ရိုက်ကူးထားတဲ့ တေးဗီဒီယိုတစ်ခုကို လတ်တလောမှာတော့ ထုတ်လွှင့်ခဲ့ပါတယ်။ တေးသံရှင်နဲ့ ဟာသသရုပ်ဆောင် လီဒစ်ကီရဲ့ ဒီတေးဗီဒီယိုမှာတော့ ကမ္ဘာကျော် တေးသံရှင်များစွာက သူနဲ့အတူ တွဲဖက်ပါဝင်ထားတာကိုလည်းတွေ့ရကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Earth" လို့အမည်ပေးထားတဲ့ အဆိုပါတေးဗီဒီယိုမှာတော့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ဟော်စေးစတဲ့ တေးသံရှင်တွေကလည်း ပါဝင်အားဖြည့်သီဆိုပေးထားပြီး အခြားသော ကြယ်ပွင့်အဆိုတော်များစွာလည်း ပါဝင်အားဖြည့်ထားတာ တွေ့ရပါတယ်။

## ပွင့်ဖြူမြို့မစည်ပင်သာယာဈေးကြီးအား မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း ပညာပေးသရုပ်ပြ

**ပွင့်ဖြူ ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ ပွင့်ဖြူမြို့မစည်ပင်သာယာဈေးကြီးအား မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း ပညာပေးသရုပ်ပြပွဲကို ဧပြီ ၁၉ ရက်က အဆိုပါ ပွင့်ဖြူမြို့မစည်ပင်သာယာဈေးကြီး၌ ကျင်းပခဲ့ကြောင်း သိရသည်။

နွေရာသီကာလ မီးဘေးလုံခြုံစိတ်ချရမှုရှိစေရန်နှင့် မီးဘေးအန္တရာယ်ကြုံတွေ့လာပါက ပြည်သူများအနေဖြင့် အန္တရာယ်မဖြစ်အောင် စနစ်တကျ မီးငြိမ်းသတ်ခြင်းများ ပြုလုပ်ဆောင်ရွက်နိုင်စေရန်အတွက်ရည်ရွယ်၍ မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း ပညာပေးသရုပ်ပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



မီးဘေးလုံခြုံရေး လက်တွေ့မီးငြိမ်းသတ်နည်း ပညာပေးသရုပ်ပြပွဲတွင် ရှေးဦးစွာ ယာယီမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိုးမောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးဝင်းနှင့် ဝန်ထမ်းများက ပွင့်ဖြူမြို့မစည်ပင်သာယာဈေးကြီးအတွင်း နွေရာသီကာလ မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်ထားမှု ရှိ၊ မရှိ ဈေးအတွင်း တပ်ဆင်အသုံးပြုသည့် လျှပ်စစ်ဝိုင်ယာကြိုးများ ကြံ့ခိုင်ကောင်းမွန်မှု ရှိ၊ မရှိနှင့် ရေရယူသုံးစွဲရန် အဆင်ပြေမှု ရှိ၊ မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ ဈေးသူ ဈေးသားများနှင့် ဒေသခံပြည်သူများအား မီးငြိမ်းသတ်ပစ္စည်းများအသုံးပြု၍ စနစ်တကျ လက်တွေ့မီးငြိမ်းသတ်နည်းအား ပညာပေးသရုပ်ပြသရာ တက်ရောက်လာသည့် ဈေးသူ ဈေးသားများနှင့် ဒေသခံပြည်သူများက စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ အစည်းအဝေးကျင်းပ

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်မြို့တော်အတွင်းရှိ ၃၃ မြို့နယ်မှ အရွေးချယ်ခံရသော မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ကော်မတီဝင် (၁)၊ ကော်မတီဝင် (၂)၊ ကော်မတီဝင် (၃) နှင့် အတွင်းရေးမှူးတို့အား ရန်ကုန်မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်များက တွေ့ဆုံ ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရန်ကုန်မြို့တော်ဝန်က ရန်ကုန်မြို့တော်ကြီးကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာပြီး စီးပွားရေးမြို့တော်ကြီးဖြစ်လာစေရန် မိမိတို့နှင့်အတူ ယခုရွေးချယ်ခံရသော မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်နှင့် အတွင်းရေးမှူးတို့က လုပ်ငန်းများ ခွဲဝေဆောင်ရွက်ရမည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့် (ပြန်/ဆက် )**

## အမေရိကန်မှစေတနာ့ဝန်ထမ်းဆရာ၊ ဆရာမများက အင်္ဂလိပ်စကားပြောသင်ကြားပေး

**အောင်လံ ဧပြီ ၁၉**



မကွေးတိုင်းဒေသကြီး အောင်လံမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် နွေရာသီ အင်္ဂလိပ်စကားပြောသင်တန်းကို ဧပြီ ၁၉ ရက်မှ မေ ၁၅ ရက် ထိ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား (တောင်ပိုင်း) မှ စေတနာ့ဝန်ထမ်း ဆရာမ Dennise Banegas က သင်ကြားပို့ချပေးလျက်ရှိရာ စတုတ္ထတန်းအောင်မြင်ပြီး ကျောင်းသားကျောင်းသူများအား နေ့စဉ် နံနက် ၈ နာရီမှ ၉ နာရီအထိလည်းကောင်း၊ ပဉ္စမတန်းအောင်ကျောင်းသား ကျောင်းသူများအား နံနက် ၉ နာရီခွဲမှ ၁၀ နာရီခွဲအထိလည်းကောင်း စေတနာ့ဝန်ထမ်း သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထိုနည်းတူ အခြေခံပညာအထက်တန်းကျောင်း(ရွာထောင်)နှင့် အောင်လံမြို့နယ် မိုးကောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကသစ်ကန်ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းတို့တွင်လည်း အမေရိကန်နိုင်ငံမှ စေတနာ့ဝန်ထမ်းဆရာတစ်ဦးနှင့် ဆရာမနှစ်ဦးတို့က အင်္ဂလိပ်စကားပြောသင်တန်းများကို သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

## ရေတွင်းတူးဖော်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းကြည့်ရှု

**တီးတိန် ဧပြီ ၁၉**

ချင်းပြည်နယ် တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၁၄ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရင်းနှီးမြှုပ်နှံမှုအစီအစဉ်ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ရှောင်စောန်းကျေးရွာတွင် ရေတွင်းခြောက်တွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ရေပိုက်သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ရေတွင်းတွေကို အနက်ပေ ၁၀၀ ကနေ ၁၅၀ အကြားမှာ ရေကြောတွေ့ရှိလို့ ရွာသူရွာသားတွေက ရေတင်မော်တာအသုံးပြုပြီး ရေသုံးစွဲနေကြပါတယ်။ အရင်က ရေရှားပါးတဲ့ရွာဖြစ်တဲ့အတွက် မြို့ပေါ်ရေဖြန့်ဝေမှုစနစ်မှာလည်း ရေဖြန့်ဝေနိုင်ခြင်းမရှိဘူး။ ကျေးရွာအနီးအနားမှာလည်း ရေမထွက်ရှိတော့ ရေရရှိနိုင်ဖို့ မလွယ်ကူတာကြောင့် ရေတွင်းတူးဖော်ရခြင်းဖြစ်ပါတယ်" ဟု တီးတိန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်က ပြောသည်။

ရှောင်စောန်းကျေးရွာသည် တီးတိန်မြို့မှ သုံးမိုင်ကွာဝေးပြီး တီးတိန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝုန့်ပြင်းထန်နှင့် ဝန်ထမ်းများသည် ရှောင်စောန်းကျေးရွာ၏ ရေသုံးစွဲမှုအခြေအနေကို ဧပြီ ၁၉ ရက်က သွားရောက်ကြည့်ရှုရာ ရေတွင်းမှထွက်ရှိသည့်ရေမှာ တဖြည်းဖြည်း ကြည်လင်လာပြီး ရေထွက်ရှိမှုမှာလည်း ပိုများလာကြောင်း တွေ့ရသည်။

အဆိုပါရေတွင်းတူးဖော်ပေးခြင်းအားဖြင့် အိမ်ခြေ ၈၅ လုံးရှိ လူဦးရေ ၃၁၇ ဦးတို့အတွက် ရေရှားပါးရာမှ ရေရှည်တွင် ရေဖူလုံစွာရရှိသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇိုဟေဆာ**

## မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးမည်

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ မျက်စိရောဂါဝေဒနာခံစားနေရသူများအား (၁၁) ကြိမ်မြောက် စက္ခုပါလမျက်စိအခမဲ့ ခွဲစိတ်ကုသပေးမှုကို စာရေးကုန်းရပ်ကွက် ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ရုံးခွဲ စက္ခုပါလဆေးခန်း၌ မေ ၃ ရက်မှစတင်ကာ သုံးရက်ကြာ စမ်းသပ်စစ်ဆေး ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်အသင်း စက္ခုပါလ မျက်စိအခမဲ့ကုသရေးအလုပ်အမှုဆောင်အဖွဲ့က ကြီးမှူးကာ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် စမ်းသပ်စစ်ဆေး ကုသပေးသွားမည်ဖြစ်ကြောင်း၊ လာရောက်၍ ဆေးခန်းပြသည့် သုံးရက်အတွင်း နေထိုင်ရေး၊ လူနာနှင့် လူနာစောင့်တစ်ဦးအတွက် နေ့လယ်စာ၊ ညစာတို့ဖြင့် ဧည့်ခံကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှမ်းသီဟ (ဝါးခယ်မ)**

**လှိုင်းဘွဲ့**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါးပြီး မျက်စိဝေဒနာခံစားနေရသည့် ကျေးလက်နေပြည်သူများအား ထီလုံတိုက်နယ်ဆေးရုံ၌ ဧပြီ ၂၆ ရက်မှ ၂၈ ရက်ထိ အပြင်တိမ်၊ အတွင်းတိမ် မျက်စိဝေဒနာခံစားနေရသူများအား မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဦးအေးထွန်းဆေးအဖွဲ့က လာရောက်စစ်ဆေးပြီး အခမဲ့ဆေးကုသပေးသွားမည်ဖြစ်သည်။

အဆိုပါဆေးကုသမှုခံယူရာတွင် ကျေးရွာများရှိ မျက်စိဝေဒနာခံစားနေရသူများသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ထီလုံတိုက်နယ်ဆေးရုံသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

## စာဖတ်ရှိန်မြှင့်တင်ရေး ဒဂုံမြို့သစ်(အရှေ့ပိုင်း) တွင် ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဧပြီ ၁၉**

အသိပညာဗဟုသုတများတိုးပွားစေရန် စာဖတ်သူများထံသို့ စာအုပ်များ လက်ဝယ်အရောက် သွားရောက်ငှားရမ်းပေးခြင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ယနေ့နံနက် ၁၀ နာရီက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၅) ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။



ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်များငှားရမ်းပေးခြင်းကို ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် (ပြန်/ဆက်) ဝန်ထမ်းများက ရုံးများနှင့် ရပ်ကွက်များသို့ အလှည့်ကျသွားရောက် ငှားရမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ လယ်ဝေးမြို့နယ်အတွင်းရှိ ပြည်သူများနှင့်တွေ့ဆုံ



**နေပြည်တော် မေ ၁၉**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်သည် လယ်ဝေးမြို့နယ် သီရိမင်္ဂလာခန်းမ၌ မေ ၁၉ ရက် နံနက် ၉ နာရီတွင် လယ်ဝေးမြို့နယ်မှ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က မိမိတို့အနေဖြင့်လည်း ပြည်သူများဖြင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံပွဲကို ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခုတွေ့ဆုံပွဲတွင် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို တင်ပြပေးကြရန် လိုအပ်ကြောင်း၊ ပြည်သူများအနေဖြင့် မိမိတို့ဒေသအတွက် လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြပေးမှသာ မိမိတို့ဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများနှင့် ပြည်သူများက ပါဝင်စဉ်းစားပေးစေလိုကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်သူ၏အမြင်များ၊ တင်ပြချက်များကို သိရှိရန်အတွက် တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က ဒေသအတွင်း ဆောင်ရွက်ထားသည့် ဖွံ့ဖြိုးရေးကိစ္စများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်မီးရရှိရေး စသည့်လိုအပ်ချက်များ တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနမှူးကြီးများ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က အသီးသီးပြန်လည်ဖြေရှင်း ဆွေးနွေးကြသည်။

ဆက်လက်၍ မေ ၁၇ ရက်က မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများခဲ့သည့် လယ်ဝေးမြို့နယ် အမှတ်(၆) ရပ်ကွက်တွင် အိမ်ထောင်စုသုံးစု၊ ပေတုန်းမျှောင်ကျေးရွာတွင် အိမ်ထောင်စုလေးစု၊ ဝင်တဲကုန်းကျေးရွာတွင် အိမ်ထောင်စုကိုးစု၊ ဥသျှစ်လှိုင်ကျေးရွာတွင် အိမ်ထောင်စုလေးစု စုစုပေါင်း အိမ်ထောင်စု ၂၀ အတွက် နေပြည်တော်ကောင်စီမှ တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၄၀၀၀၀၀ နှင့် နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာထောက်ပံ့ငွေ၊ အိမ်ဆောက်ပစ္စည်း ၁၁ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၀၆၁၀၀ တို့ကို လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ပြီး ကျောက်တစ်လုံးကျောင်းစုကျေးရွာမှ ဓမ္မာရုံအမိုးလန်ခြင်းအတွက် နေပြည်တော်ကောင်စီမှ ငွေကျပ် ၅၀၀၀၀ လှူဒါန်းခဲ့သည်။

**ရွှေကုက္ကို**

## ဗုဒ္ဓရုပ်ပွားတော်များ ကြွချီပူဇော်ခံနိုင်ရေးပြင်ဆင်

**ဘားအံ မေ ၁၉**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံကော်ပန်းအဝိုင်းအနီးတွင် တည်ထားကိုးကွယ်မည့် ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ ရတနာစိန်းဖူးတော်နှင့် အဆိုပါစေတီတော်တွင် ကိန်းဝပ်စံပယ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော် နှစ်ဆူတို့သည် မေ ၂၂ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ သေဋ္ဌမာရ်အောင်ဘုရားကြီးဝင်းအတွင်းသို့ ဒေသစာရီကြွချီပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရွှေထီးတော်၊ ရွှေငှက်မြတ်နားတော်၊ ရတနာစိန်ဖူးတော်နှင့် ဗုဒ္ဓရုပ်ပွားတော်နှစ်ဆူတို့မှာ နေပြည်တော်မှတစ်ဆင့် ထားဝယ်မြို့မှ ဘားအံမြို့သို့ ဒေသစာရီကြွချီတော်မူမည်ဖြစ်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် နယ်စပ် ဇာသပြင်ကြိုးတံတားထိပ်တွင် တာဝန်ရှိသူများက သွားရောက်ကြိုဆိုပင့်ဆောင်မည်ဖြစ်ရာ ကြွချီရာလမ်းကြောင်းတစ်လျှောက်ရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ၊ ဘားအံမြို့နှင့် ပြည်နယ်အတွင်းရှိ ရဟန်းရှင်လူပြည်သူအများ စိတ်နှလုံးချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရန် သေဋ္ဌမာရ်အောင်ဘုရားကြီးဝင်းတွင် အပူဇော်ခံထားရှိမည်ဖြစ်သည်။

ရွှေပါရမီဆရာတော် အရှင်ဆန္ဒာဓိကက မေ ၂၂ ရက်ညတွင် ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်ပေးသွားမည်ဖြစ်ပြီး မေ ၂၃ ရက်တွင် ပြည်နယ်သံဃနာယကအဖွဲ့ဆရာတော်ကြီးများက အနေကဇာတင်ပူဇော်မည်ဖြစ်ပြီး မွန်ပြည်နယ် သထုံမြို့သို့ အပူဇော်ခံရန် ဆက်လက်ကြွချီမည်ဖြစ်သည်။

ရဟန်းရှင်လူပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် ဒေသစာရီကြွချီအပူဇော်ခံမည့်ခရီးစဉ်တွင် နေရာထိုင်ခင်းပြင်ဆင်ရေး၊ လျှပ်စစ်မီးပူဇော်ရေး၊ ဝတ်အသင်းအဖွဲ့များဖြင့် ပူဇော်နိုင်ရေး၊ ငြိမ်းချမ်းရေးဓမ္မသဘင်ကျင်းပနိုင်ရေး၊ ဆရာတော်ကြီးများ တည်းခိုနေထိုင်နိုင်ရေး၊ ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ရေး၊ ဖိတ်ကြားပင့်ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ရဟန်းရှင်လူပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့အတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ အဆင့်ဆင့်ဖွဲ့စည်းကာ ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



## အင်းတော်မြို့နယ်၌ နွေစပါး ၁၁၁၅ ဧက စိုက်ပျိုး

**အင်းတော် မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ၂၀၁၈-၂၀၁၉ ခုနှစ် နွေစပါး ၆၉၄ ဧက စိုက်ပျိုးရန်လျာထားခဲ့ရာမှ ၁၁၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပြီးရာခိုင်နှုန်း ၁၆၀ ဒသမ ၆၆ ရှိကြောင်း၊ စပါးမျိုးကွဲအလိုက်စိုက်ဧကမှာ ဆင်းကေရီ(၃) ၉၈၆ ဧက၊ မော်ဘီ(၂) ခုနစ်ဧက၊ ဆင်းသွယ်လတ် ၁၂၂ ဧက စုစုပေါင်း ၁၁၁၅ ဧက စိုက်ပျိုးအောင်မြင်ခဲ့ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးသာဆန်းက ပြောသည်။

အင်းတော်မြို့နယ်၌ ၂၀၁၇-၂၀၁၈ ခုနှစ် နွေစပါးဧက ၆၆၀ စိုက်ပျိုးရန် လျာထားခဲ့ရာမှ စိုက်ဧက ၇၃၉ ဧက (ဆင်းကေရီ-၃ စပါးမျိုး)ကို စိုက်ပျိုးနိုင်ခဲ့ပြီး ရိတ်သိမ်းဧက ၇၃၉ ဧကတွင် တစ်ဧကအထွက်နှုန်း ၉၀ ဒသမ ၀၄ ထွက်ရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

"နွေစပါးကို ယခင်နှစ်ထက် စိုက်ဧက ၃၇၆ ဧက ပိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲခင်းထက် ကုန်ကျစရိတ်သက်သာပြီး သီးနှံအထွက်နှုန်းနဲ့ ဈေးနှုန်းပိုတဲ့အတွက် နွေစပါးများ တိုးချဲ့စိုက်ပျိုးလာကြတာ ဖြစ်ပါတယ်။ အင်းတော်မြို့နယ်မှာ အများဆုံးစိုက်ပျိုးတဲ့အုပ်စုတွေက နန့်ခင့်အုပ်စု ကွင်းအမှတ် ၁၀၃၅ (အောင်မင်္ဂလာကွင်း)၊ နတ်မဟုတ်ကလေးအုပ်စုနဲ့ ခရမ်းစပ်ကုန်းအုပ်စုတွေမှာ နွေစပါးသီးနှံကို အများဆုံးစိုက်ပျိုးကြပါတယ်။ ကျွန်တော်တို့ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်တွေ ကွင်းဆင်းစစ်ဆေးကြည့်ကြတော့ နွေစပါးစိုက်ပျိုးကြတဲ့ ဧကအားလုံး အောင်မြင်ကြတာ တွေ့ရပါတယ်" ဟု အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဦးသာဆန်းက ပြောသည်။

**ကိုမင်း(အင်းတော်)**

## ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

**နေပြည်တော် မေ ၁၉**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း(နေပြည်တော်)တို့ ပူးပေါင်းကာ လူငယ်၊ လူရွယ်များအား ပညာရဲရင့်ပွဲလယ်တင့်စေပြီး ကွန်ပျူနည်းပညာများကို လက်တွေ့အသုံးချနိုင်စေရန်ရည်ရွယ်၍ မေ ၁၉ ရက် နံနက် ၁၀ နာရီမှစတင်၍ အငယ်တန်းကွန်ပျူတာပန်းချီပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဖြိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း(နေပြည်တော်) တာဝန်ခံ ဦးမြတ်ခိုင်က ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ကွန်ပျူတာနှင့်ပတ်သက်သည့် ပြိုင်ပွဲများပြုလုပ်ပေးရခြင်း အကြောင်းများကို ရှင်းလင်းပြောကြားသည်။

လူထုအခြေပြုဗဟိုဌာနတွင် (အခမဲ့) သင်ကြားပေးလျက်ရှိသည့် ကွန်ပျူတာသင်တန်းအမှတ်စဉ် (၃) နှင့် (၄) မှ သင်တန်းသား သင်တန်းသူ ၂၀ က မိမိတို့နှစ်သက်ရာ ပန်းချီပုံများရေးဆွဲကာ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိကြသည့် သင်တန်းသား သင်တန်းသူများအား ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

**စိုးမိုး(ပြန်/ဆက်)**

## (၃၇)ကြိမ်မြောက် ဇီဝိတဒါန ဘေးမဲ့ပေးမည့် နွားများအား မြို့တွင်းသို့လှည့်လည်ပြသ

**မုံရွာ မေ ၁၉**

ချမ်းသာကြီးမြတ်စွာဘုရားဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၃၇) ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်တွင် အသက်ကယ်တင်ရရှိသောနွားများကို အလှူရှင်များ ကုသိုလ်ယူနိုင်ရန်အတွက် မေ ၁၉ ရက် နံနက် ၈ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အလယ်ရပ်ကွက်ရှိ ချမ်းသာကြီးမြတ်စွာဘုရားကြီးမှ မုံရွာမြို့တွင်းသို့ လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင်ကျင်းပသည့် (၃၇) ကြိမ်မြောက် နွားဘေးမဲ့ပွဲတော်တွင် ချမ်းသာကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့က ဦးစီးပြီး မုံရွာမြို့နယ်နှင့် အနယ်နယ်အရပ်ရပ်မှ လှူဒါန်းသည့် ငွေကျပ် ၁၂၈ သိန်းဖြင့် ကယ်တင်ရရှိသည့် နွားအကောင် ၂၀ နှင့် တစ်ဦးချင်းလာရောက်လှူဒါန်းသည့် နွား ၂၅ ကောင် စုစုပေါင်း ၄၅ ကောင်အား မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာ ဘေးမဲ့ခြံသို့ မေ ၂၄ ရက်တွင် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၃၆)ကြိမ်မြောက်တွင် နွားအကောင် ၃၀ အား မန္တလေးမြို့ တောင်စလင်းတိုက် ဘဒ္ဒန္တတိက္ခ ဦးစီးဖွင့်လှစ်သည့် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာ ဘေးမဲ့ခြံသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်းနှင့် ယခုနှစ်တွင် ကယ်တင်ရရှိသောနွားများကို ၎င်းဘေးမဲ့ခြံသို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**



## မန်းရွှေစက်တော်ဘုရားခြေတော်ရာပိတ်ပွဲ ကျင်းပ

**မင်းဘူး ဧပြီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားခြေတော်ရာပိတ်ပွဲအား မြန်မာနှစ်ဆန်း ၁ ရက်နေ့ (၂၀၁၉ ခုနှစ် ဧပြီလ ၁၇ ရက်နေ့) နံနက် ၉ နာရီက ကျင်းပခဲ့ရာ အောက်စက်တော်ရာပါဒစေတီတော်မြတ်ကြီး၏ အလင်းပေါက်ဖန်အုပ်ဆောင်းကို သြဝါဒဆရာတော်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက ခြေတော်ရာမပိတ်မီ ရွှေဆိုင်းများ ကပ်လှူပူဇော်ခဲ့ကြပြီး ခြေတော်ရာပိတ်ပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ပိတ်ပွဲ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော်တို့က အောက်စက်တော်ရာပါဒစေတီအား အနေကဇာတင် ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် သံဃာတော်အရှင်သူမြတ်တို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး သံဃာတော် အရှင်သူမြတ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာပါဒစေတီတော်မြတ်ကြီး၏ အလင်းပေါက်ဖန်အုပ်ဆောင်းအား ပိတ်ခဲ့ကြသည်။ ယင်းနောက် ဆရာတော် အရှင်သူမြတ်တို့နှင့် ဥည့်ပရိသတ်အပေါင်းတို့က ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မန်းရွှေစက်တော်ရာဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ သုံးလကြာ ကျင်းပလျက်ရှိပြီး မန်းရွှေစက်တော်ဘုရားအနီးတွင် ဆင်အပန်းဖြေစခန်းကို ဖွင့်လှစ်ထားရှိပြီးဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးဝင်း(မင်းဘူး)၊ မျိုးမြတ်(မင်းဘူး)**

## သုဝဏ္ဏဘုမ္မိဝိပဿနာ အောင်ဆုပန်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်

**ပုဗ္ဗသီရိ ဧပြီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာ သုဝဏ္ဏဘုမ္မိဝိပဿနာ ဆင်ဖြူကျွန်းရိပ်သာကျောင်းတိုက်၌ အသစ်တည်ထားကိုးကွယ်ပူဇော်သည့် အောင်ဆုပန်စေတီတော်မြတ်ကြီး ဌာပနာတော်သွင်းလှူပူဇော်ခြင်းကို ယနေ့ နံနက် ၈ နာရီက အဆိုပါ ကျောင်းတိုက်ဝင်းအတွင်း၌ ကျင်းပသည်။



အခမ်းအနားသို့ ဝဲကြီးကျေးရွာ ဆင်ဖြူကျွန်းရိပ်သာ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တသောဘဏ အမှူးပြုသော ပင့်သံဃာ ၃၂ ပါး ကြွရောက်တော်မူပြီး တက်ရောက်လာကြသော ဥည့်ပရိသတ်အပေါင်းတို့က ဆရာတော်၊ သံဃာတော်များထံမှ ကိုးပါးသီလ ဆောက်တည်ခံယူကြသည်။ ထို့နောက် ဘုရားဒါယကာ ဒါယိကာမများက ဌာပနာတော်အတွင်း ထည့်သွင်းပူဇော်မည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ၊ ရတနာပစ္စည်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်များထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကာ ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များနှင့် အလှူဒါယကာ ဒါယိကာမများက ဌာပနာတော်များကို မင်္ဂလာရထားဖြင့် စေတီတော်ပေါ်သို့ ပင့်ဆောင်၍ ဌာပနာသွင်းလှူပူဇော်ခဲ့ပြီး ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။

**ကံချွန် (ပြန်/ဆက်)**

## မာန်အောင်မြို့တွင် စာဖတ်ဝိုင်း ပြုလုပ်

**မာန်အောင် ဧပြီ ၁၉**

စာဖတ်ရှိန်မြှင့်တင်ရေး၊ လူကိုယ်ခန္ဓာအစိတ်အပိုင်းမှ ဘာသာစကားဖြစ်ပေါ်မှုများကို သိရှိလာစေရန်အတွက် လူငယ်များကို အခြေခံ၍ စာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၏ "လူကိုယ်ခန္ဓာနှင့်ဘာသာစကား"စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယနေ့ မွန်းတည့် ၁၂ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် မာန်အောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက် လက်ထောက်-၃ ဒေါ်စိုးစိုးနိုင်က စာဖတ်ရှိန်မြှင့်တင်ရေးရည်ရွယ်ပြီး စာဖတ်ဝိုင်းကျင်းပပြုလုပ်ပေးရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော စာပေဝါသနာရှင်များ၊ စာဖတ်ဝါသနာရှင်များက စာရေးဆရာကြီး မောင်ခင်မင်(ဓနုဖြူ)၏ "လူကိုယ်ခန္ဓာနှင့်ဘာသာစကား" စာအုပ်မှ "ဦးခေါင်း" ခေါင်းစဉ်ဖြင့် မဝင်းသဇင်ဦးက လည်းကောင်း၊ "မျက်စိ" ခေါင်းစဉ်ဖြင့် မောင်မျိုးမြင့်အောင်က လည်းကောင်း ဦးဆောင်ဆွေးနွေးခဲ့ပြီး မအေးစိုးမွန်၊ မစန္ဒာရွှေတို့က ဦးခေါင်းနှင့် မျက်စိမှ ဘာသာစကား ဆင်းသက်ပေါက်ဖွားသကဲ့သို့ နား၊ ပါးစပ်၊ လက်စသော အကြောင်းအရာများမှလည်း ဘာသာစကား ဖြစ်ပေါ်မှုများကို အသီးသီးအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ခင်းကျင်းပြသထားသော စာအုပ်စာစောင်ပြခန်း၊ မေဃဝတီနံရံကပ်စာစောင်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## တတိယအကြိမ်မြောက် သဘင်ပညာရှင်များ သက်ကြီးပူဇော်ပွဲ ကျင်းပ

**နွားထိုးကြီး ဧပြီ ၁၉**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့ အမှတ်(၂) ရပ်ကွက် သီရိအောင်လှိုင်ဗိမာန်၌ မန္တလေးမြို့ ဘိသိက်ဆရာ ဦးမောင်မောင်သစ် ဦးဆောင်ကျင်းပသော တတိယအကြိမ်မြောက် အသက် ၆၀ နှင့်အထက် သဘင်ပညာရှင်များ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇာနည်ဗိုလ်က တတိယအကြိမ်မြောက် အသက် ၆၀ နှင့်အထက် သက်ကြီးပူဇော်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ အသက် ၆၀ နှင့်အထက် သက်ကြီး အနုပညာရှင်များကို ကန်တော့ပြီး လှူဖွယ်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် လူရွှင်တော် ဦးကြက်တောင်က ဆုတောင်းစကားနှင့် ကျေးဇူးတင်စကားကို ပြောကြားသည်။

မြို့နယ်သဘင်အစည်းအရုံးမှ သက်ကြီးအနုပညာရှင် သက်ကြီးပူဇော်ပွဲသို့ အသက် ၆၀ နှင့်အထက် ကန်တော့ခံ သဘင်ပညာရှင် ၃၄ ဦးအား မြို့နယ်အတွင်းရှိ အနုပညာရှင်များက တက်ရောက်ကန်တော့ခဲ့ပြီး သက်ကြီးပူဇော်ပွဲကို မတက်ရောက်နိုင်သော အနုပညာရှင်များကို မြို့နယ်သဘင်အစည်းအရုံးဥက္ကဋ္ဌက အိမ်တိုင်ရာရောက် ကန်တော့မည်ဖြစ်ကြောင်း သိရသည်။ **သန်းအောင်ဇော်**

## မြောင်းမြမြို့တွင်ဆောက်လုပ်မည့် ဒေါ်ခင်ကြည် သူနာပြုသင်တန်းကျောင်း ဆောက်လုပ်ရေးကုမ္ပဏီများ စာချုပ်လက်မှတ်ရေးထိုး

**မြောင်းမြ ဧပြီ ၁၉**

မြောင်းမြမြို့တွင် ဆောက်လုပ်မည့် ဒေါ်ခင်ကြည် သူနာပြုသင်တန်းကျောင်း ဆောက်လုပ်ရန် လုပ်ငန်းကန်ထရိုက်ရရှိသော ကုမ္ပဏီများ စာချုပ်လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ဧပြီ ၁၉ ရက် နံနက် ၉ နာရီက မြောင်းမြ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

လုပ်ငန်းအပ်နှံခြင်း ကန်ထရိုက် လက်မှတ်ရေးထိုးပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်သူနာပြုသင်တန်းကျောင်း ကျောင်းအုပ် ဆရာမကြီး ဒေါ်နော်ကပေါ်ရှီး၊ ခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသည့် 25 - Group ဆောက်လုပ်ရေးကုမ္ပဏီ၊ ဟန်မြင့်မိုဆောက်လုပ်ရေးကုမ္ပဏီ၊ Troasure Power ဆောက်လုပ် ရေးကုမ္ပဏီ၊ ဥမ္မာရော ဆောက်လုပ်ရေးကုမ္ပဏီ၊ Top Hopeဆောက်လုပ်ရေးကုမ္ပဏီ၊ သော်ဇင်ခန့် ဆောက်လုပ်ရေးကုမ္ပဏီတို့မှ ဒါရိုက်တာအဖွဲ့ဝင်များ၊ အင်ဂျင်နီယာများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇော်ဝင်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်တို့က အမှာစကား ပြောကြားပြီး မြောင်းမြခရိုင် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်က ကုမ္ပဏီများအနေဖြင့် သတ်မှတ်ထားသော ကာလအတွင်း ဆောင်ရွက်ပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ပြည့်ဝစွာ ဆောင်ရွက်ရေး ဆွေးနွေး မှာကြားသည်။

ဒေါ်ခင်ကြည် သူနာပြုသင်တန်းကျောင်းကို မြန်မာနိုင်ငံတွင် ပထမဦးဆုံး ဆန်းသစ်သောဒီဇိုင်းပုံစံဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေမှ ကျပ်သန်းပေါင်း ၂၃၀၀၀ ကျခံတည်ဆောက်သွားမည်ဖြစ်ကာ ပင်မ သုံးထပ် စာသင်ဆောင်၊ လေးထပ် ကျောင်းသူအိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာ၊ ခြံစည်းရိုးအုတ်တံတိုင်း၊ လျှပ်စစ်မီး၊ ရေရရှိရေး အပါအဝင် လုပ်ငန်းပမာဏကြီးမားသဖြင့် Lot ခြောက်ခုခွဲကာ ကုမ္ပဏီ ခြောက်ခုမှ စက်တင်ဘာ ၃၀ ရက်အတွင်း လုပ်ငန်းအပြီး အပ်နှံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ဒုတိယပတ်ခန့်တွင် ပထမနှစ် သူနာပြုသင်တန်းသားများ ခေါ်ယူဖွင့်လှစ်မည်ဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမင်းထွဋ်ထံမှ သိရသည်။

**အောင်မင်း(မြောင်းမြ)**



# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းနှင့် ကျေးဇူးတင်လွှာ

ရန်ကုန်မြို့ အမှတ်(၇၀)(အေ/၁)၊ အင်းယားလမ်းနေ ဦးစောအောင်နိုင်နှင့်
စင်ကာပူနိုင်ငံနေ ဒေါက်တာမျိုးမြတ်မြတ်မေသွင် (Director, M & N Thanlwin Product Co.,Ltd)
တို့၏ တစ်ဦးတည်းသော သား

**မောင်ဖွဲ့ဝေယံနိုင်**
Diploma of Economics and International Business Environment (Management Development Institute Singapore)
Marine Junior Engineer (Monsoon Co.,Ltd)

နှင့်

ရန်ကုန်မြို့ အမှတ်(၄၅)၊ တေးနုယဉ်ရိပ်သာ၊ ပြည်လမ်းနေ
ဘိုးရတနာ ဦးမျိုးမြင့်လှ၊ ဒေါ်စမ်းစမ်းအေး၊
ဦးသိန်းဝင်း(အင်ဂျင်နီယာမှူးကြီး(ငြိမ်း)၊ နယ်စပ်/စည်ပင်)-ဒေါ်နွဲ့နွဲ့လှ
တို့၏ တစ်ဦးတည်းသော သမီး

**ဒေါက်တာခိုင်ဇွန်သိန်းဝင်း M.B.B.S(Ygn)**
Medical Officer
Marie Stopes International Myanmar

တို့အား မိဘတို့ဝတ္တရားနှင့်အညီ နှစ်ဖက်သော မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများရှေ့မှောက်တွင် Hotel Parami ၌ ၁၉-၄-၂၀၁၉(သောကြာနေ့)တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း၊ စေ့စပ်မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့်၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား လှိုက်လှဲစွာ အထူးပင်ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဖွဲ့ဝေယံနိုင် - ဒေါက်တာခိုင်ဇွန်သိန်းဝင်း**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။
လှည်းကူးမြို့ရန်ကုန် - ပဲခူးလမ်းမအနီး
ပေ(၄၀×၆၀)၊ ရေမိုးအစုံ
(၅၈)သိန်း(ညှိနိုင်း)
09-771408547

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

အောင်မင်္ဂလာ
အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355

For Overseas Student & Trainee
Since 1989


ပညာတော်သင် ကျောင်းသား/ ကျွမ်းကျင်အလုပ်သမားများ နှင့် ပတ်သက်၍ ရှင်းလင်းပွဲကို မေလ ၂၈ရက်နေ့ (SUN) တွင် ကျင်းပမည်။
အခြေခံတန်းခွဲများအားလုံး 2019 April 22 START!
Practice For JLPT N5/ J.Cert Exam : Only on Saturday (9:30 AM ~ 12:30 PM)
<April 27 Start>
*Trainee ကျောင်းသားများသည် JLPT-N5/J.Cert Exam ကိုဦးစွာအောင်မြင်ထားရန်လိုအပ်ပါသည်*
TEL: 01-558395, 01-559534 9:30 AM~ 4:30 PM
Facebook:www.facebook.com/myanmarlogosjapaneselanguagecentre
ADDRESS:No (801), 8 FLOOR,YUZANA CONDORE TOWER, KOHMINKOHCHIN ROAD,BAHAN TOWNSHIP, YANGON.
MYANMAR LOGOS JAPANESE LANGUAGE CENTRE

အဆီများ၍ ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်...
သတ္တိမောင်
အမှတ်တံဆိပ်

ရှားစောင်းလက်ပပ်ဝမ်းပျော့ဝမ်းမှန်ဆေး
အမြို့မြို့ဆေးဆိုင်တိုင်းတွင် လက်လီလက်ကားရရှိနိုင်ပါသည်။
TMR012605(0320)

ရောင်းမည်
သဃ်န်းကျွန်း၊ နှင်းဥယျာဉ် အိမ်ရာ၊ ၃၂၅၅စတုရန်းပေ၊ 2RC၊ ထောင့်ကွက်၊ YIS, ILBC ကျောင်းအနီး Ph:09-797932654

“ရွှေစည်”
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့် ကုန်စည်ဝန်ဆောင်မှု
09-73122029
09-795669534

မိတ်ဆောင်းမိတ်သစ်များကို ဖိတ်ခေါ်ပါသည်။
ပန်း ထိုး စက်
ဦးသန်းအောင်
012333033, 0973191322



# ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ကြာမောက်ကြာလန်တွင် ရွှေစင်ရွှေပြား သင်္ကန်းတော်များကပ်လှူပူဇော်ရန် ငွေကျပ်တစ်သိန်းနှင့်အထက် အလှူရှင်များစာရင်းကို ဂေါပကအဖွဲ့မှဝမ်းမြောက်စွာဖြင့်သာဓုအနုမောဒနာပြုကာ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဂုဏ်ပြုလွှာ(၃/၂၀၁၉)

| စဉ် | အလှူရှင်အမည် | အလှူငွေ |
|---|---|---|
| ၁။ | [illegible] | ၅၀၀၀၀၀/- |
| ၂။ | [illegible] | ၅၀၀၀၀၀/- |
| ၃။ | [illegible] | ၅၀၀၀၀၀/- |
| ၄။ | [illegible] | ၅၀၀၀၀၀/- |
| ၅။ | [illegible] | ၅၀၀၀၀၀/- |
| ၆။ | [illegible] | ၅၀၀၀၀၀/- |
| ၇။ | [illegible] | ၅၀၀၀၀၀/- |
| ၈။ | [illegible] | ၅၀၀၀၀၀/- |
| ၉။ | [illegible] | ၅၀၀၀၀၀/- |
| ၁၀။ | [illegible] | ၅၀၀၀၀၀/- |
| ၁၁။ | [illegible] | ၅၀၀၀၀၀/- |
| ၁၂။ | [illegible] | ၅၀၀၀၀၀/- |
| ၁၃။ | [illegible] | ၅၀၀၀၀၀/- |
| ၁၄။ | [illegible] | ၅၀၀၀၀၀/- |
| ၁၅။ | [illegible] | ၅၀၀၀၀၀/- |
| ၁၆။ | [illegible] | ၂၅၀၀၀၀/- |
| ၁၇။ | [illegible] | ၁၅၀၀၀၀/- |
| ၁၈။ | [illegible] | ၁၅၀၀၀၀/- |
| ၁၉။ | [illegible] | ၁၃၅၀၀၀/- |
| ၂၀။ | [illegible] | ၁၀၀၀၀၀/- |
| ၂၁။ | [illegible] | ၁၀၀၀၀၀/- |
| ၂၂။ | [illegible] | ၁၀၀၀၀၀/- |
| ၂၃။ | [illegible] | ၁၀၀၀၀၀/- |
| ၂၄။ | [illegible] | ၁၀၀၀၀၀/- |
| ၂၅။ | [illegible] | ၁၀၀၀၀၀/- |
| ၂၆။ | [illegible] | ၁၀၀၀၀၀/- |
| ၂၇။ | [illegible] | ၁၀၀၀၀၀/- |
| ၂၈။ | [illegible] | ၁၀၀၀၀၀/- |
| ၂၉။ | [illegible] | ၁၀၀၀၀၀/- |
| ၃၀။ | [illegible] | ၁၀၀၀၀၀/- |
| ၃၁။ | [illegible] | ၁၀၀၀၀၀/- |
| ၃၂။ | [illegible] | ၁၀၀၀၀၀/- |
| ၃၃။ | [illegible] | ၁၀၀၀၀၀/- |
| ၃၄။ | [illegible] | ၁၀၀၀၀၀/- |
| ၃၅။ | [illegible] | ၁၀၀၀၀၀/- |
| ၃၆။ | [illegible] | ၅၀၀၀၀၀/- |
| ၃၇။ | [illegible] | ၅၀၀၀၀၀/- |
| ၃၈။ | [illegible] | ၅၀၀၀၀၀/- |
| ၃၉။ | [illegible] | ၅၀၀၀၀၀/- |
| ၄၀။ | [illegible] | ၅၀၀၀၀၀/- |
| ၄၁။ | [illegible] | ၃၀၀၀၀၀/- |
| ၄၂။ | [illegible] | ၂၀၀၀၀၀/- |
| ၄၃။ | [illegible] | ၂၀၀၀၀၀/- |
| ၄၄။ | [illegible] | ၁၅၀၀၀၀/- |
| ၄၅။ | [illegible] | ၁၅၀၀၀၀/- |
| ၄၆။ | [illegible] | ၁၅၀၀၀၀/- |
| ၄၇။ | [illegible] | ၁၃၀၀၀၀/- |
| ၄၈။ | [illegible] | ၁၃၀၀၀၀/- |
| ၄၉။ | [illegible] | ၁၂၀၀၀၀/- |
| ၅၀။ | [illegible] | ၁၀၀၀၀၀/- |
| ၅၁။ | [illegible] | ၁၀၀၀၀၀/- |
| ၅၂။ | [illegible] | ၁၀၀၀၀၀/- |
| ၅၃။ | [illegible] | ၁၀၀၀၀၀/- |
| ၅၄။ | [illegible] | ၁၀၀၀၀၀/- |
| ၅၅။ | [illegible] | ၁၀၀၀၀၀/- |
| ၅၆။ | [illegible] | ၁၀၀၀၀၀/- |
| ၅၇။ | [illegible] | ၁၀၀၀၀၀/- |
| ၅၈။ | [illegible] | ၁၀၀၀၀၀/- |
| ၅၉။ | [illegible] | ၁၀၀၀၀၀/- |
| ၆၀။ | [illegible] | ၁၀၀၀၀၀/- |
| ၆၁။ | [illegible] | ၁၀၀၀၀၀/- |
| ၆၂။ | [illegible] | ၁၀၀၀၀၀/- |
| ၆၃။ | [illegible] | ၁၀၀၀၀၀/- |
| ၆၄။ | [illegible] | ၁၀၀၀၀၀/- |
| ၆၅။ | [illegible] | ၁၀၀၀၀၀/- |
| ၆၆။ | [illegible] | ၁၀၀၀၀၀/- |
| ၆၇။ | [illegible] | ၁၀၀၀၀၀/- |
| ၆၈။ | [illegible] | ၁၀၀၀၀၀/- |
| ၇၀။ | [illegible] | ၁၀၀၀၀၀/- |
| ၇၁။ | [illegible] | ၁၀၀၀၀၀/- |

ကျန်ရှိသည့်အလှူရှင်စာရင်းများကိုဆက်လက်ဖော်ပြသွားပါမည်။

နှစ် ၆၀ ဂရန်မြေ **အမြန်ရောင်းမည်** ညှိနှိုင်းဈေး
၄၀'x၁၅၀' (တောင်) ပိုင်ရှင်အမည်ပေါက်-အင်းစိန် အောင်ဆန်း မိုးကုတ်အနီး (၁-ဂိတ်) ကွန်ကရစ်လမ်း ပွဲစားမလို
ပိုင်ရှင် ကိုယ်တိုင်ရောင်းမည် ၀၉၄၄၄၄၄၅၁၈၂၄

**အိမ်စီးတစ်လက်ကိုင်သန့်သန့်**
**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (နယ်လိပ်စာ)**
1. Hijet/660cc, 2wd, Auto, P/S, A/C, P/W ခေါင်းမြင့်(နီကယ်ရှဲ)(Extra) Jumbo/ခဲရောင်၊ CD, Back Camera (KM-45000) ကျော် စင်ထရယ်လော့ အော်ဆေးပတ်လည် (ပြန်ဆေးမရှိ)/အမိုးခြေနင်းပါ။ 9N-(MDY) (ရပ်ထားသောကား)
**ဆက်သွယ်ရန်။ ။ 09-421153340, 09-5154193, 09-765131080**

**ရွှေမဟာ**
ဒုံဂျီသစ်အငှားပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။
09-5106146
09-775106146

**SEVEN**
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အငှားပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့နယ်)
အိမ်အရောက် ငွေပေးချေသည်။ ပွဲခလုံးဝမယူပါ။
09-33 333 511
09-33 333 514
09-33 333 644

**ကိုရဲ**
ဒဂုံအငှားပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်း၊ ရွှေပေါက်ကံမြို့နယ်များရှိ မြေကွက်များဝယ်လိုပါသည်။
09421120927
09731111472

**ရောင်ခြည်ထိန်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း၊ 10', 14', 15' ကားများဖြင့် ...
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

ဦးနှင်းဦး(ထားဝယ်)
**ထိပ်တန်း**
အခြေခံစက်ပြင်ယာဉ်မောင်းသင်တန်း
မော်တော်ယာဉ် Manual/Auto ...
(၁) (၄၁)ရပ်ကွက် ... ၀၉-...
... ၀၉-...
(၂) ... ၀၉-...
... ၀၉-...
(၃) ... ၀၉-...
KBZ ဘဏ်... ၀၉-...

**San brotherhood**
**Air-Con,** ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို မြို့ပြင် ... ရောင်းဝယ် ... Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
Air-Con အဟောင်းများကို ဈေးကောင်းပေးဝယ်သည်။
တပ်ဆင်ပြီးဈေးနှုန်း 1HP 330,000Ks
Copper Pipe 10Ft
၁။ ... Brand
၂။ ...
၃။ ... (Compressor)
"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
ဗဟန်း (သယ်န်းကျွန်း) 09-5148138, 09-424222217
သမိုင်း(မရမ်းကုန်း) 01-709373, 09-73116475
နဝဒေး (လှိုင်သာယာ) 01-704467, 09-73217035
FMI City(လှိုင်သာယာ) 01-3681854, 09-5084831
နိုဝ္ဘာန်လမ်း (ကြည့်မြင်တိုင်) 01-703684, 09-43130068
ညောင်းကုန်း (ရွှေပြည်သာ) 09-5012419, 09-73126244
သုဓမ္မာလမ်း(မ/ဥက္ကလာ) 09-5190383, 09-73251535
အင်းဝထိမ်ရာ (တ/ဒဂုံ) 01-709114, 09-5019316
ရွှေဂုံတိုင်မီးပွိုင့် (ဗဟန်း) 09-43083868, 01-703241
ကျောက်မြောင်း (တာမွေ) 09-73004800, 09-73068836
ဆင်မင်းဈေးအနီး(အလုံ) 01-704101, 09-5002738
Capital အနီး (ဒေါပုံ) 09-5053114, 01-708842
ဘုရင့်နောင်လမ်းမ (လှိုင်) 09-5024365, 09-424222218

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကျင်ကြည် (ဇီးကုန်း)
### အသက်(၈၈)နှစ်

သူငယ်ချင်း ဒေါက်တာ သန်းဝင်း၏ မိခင်ဖြစ်သူ ဒေါ်ကျင်ကြည်သည် ၁၈-၄-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၃-၁၉၉၃ MBBS ဆေး-၂**
**သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်မောင်စိုး
### အသက်(၆၈)နှစ်
**ဒု-ရဲအုပ်လောင်း(အထူး) (၂/၈၇)**

ဒေါ်မိမိစိန် (မြို့/အိုး)(ငြိမ်း)၏ ခင်ပွန်း၊ မသင်းသိမ့်သိမ့် (KBZ Bank)၏ ဖခင် ဦးခင်မောင်စိုးသည် ၁၄-၄-၂၀၁၉ (တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်း သိရပါ သဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဒု-ရဲအုပ်လောင်း(အထူး)(၂/၈၇)**
**သင်တန်းဆင်းအရာရှိများ**

---

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးသင်းတူ(ခ)ဂျော်ဒန်မောင်မောင်
**General Manager, Shwe Byain Phyu Co.,Ltd.**
### အသက်(၅၇)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၁၂)လမ်း၊ အမှတ်(၆၉)နေ ဦးမောင်မောင်၊ (ဒေါ်မမကြီး)တို့၏ သား၊ ဒေါ်ဥမ္မာဇင်(ဒု-လ/ထ ညွှန်/မှူး၊ ငြိမ်း၊ အမှတ်-၂၊ စက်မှုဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ Dr. မင်းဇင်ဦး(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)-Dr. စုဇာနည်(ဗဟိုအမျိုးသမီးဆေးရုံကြီး)၊ မမြတ်နှင်းအေး၊ မကြည်ချိုညိုဇင် (2nd M-B၊ ဆေး-၁)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသင်းတူ(ခ)ဂျော်ဒန်မောင်မောင် သည် ၁၄-၄-၂၀၁၉ ရက်တွင် ရုတ်တရက် ကွယ်လွန်သွားခဲ့ရာ မန္တလေးမြို့ နာရေးကိစ္စအဝဝတွင် လိုက်ပါပို့ဆောင် ကူညီဆောင်ရွက်ပေးကြသော ကုမ္ပဏီမှ တာဝန်ရှိ လူကြီးမင်းများ အားလည်းကောင်း၊ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအား လည်းကောင်း၊ အချိန်မအားလပ်သည့်ကြားမှ လူကိုယ်တိုင်လာရောက် နှစ်သိမ့်အားပေးကူညီပေးကြသူများ ရပ်နီးရပ်ဝေးမှ တယ်လီဖုန်းဖြင့်လည်းကောင်း၊ အင်တာနက်(Fb)ဖြင့်လည်းကောင်း၊ ဆက်သွယ်မေးမြန်းအားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟ လုပ်ဖော်ကိုင်ဖက်၊ သူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြစိန် (မော်လမြိုင်)
### အသက်(၇၇)နှစ်
**ရုံးအုပ်၊ ဗဟိုအလုပ်သမားအစည်းအရုံး**
**အ-လ-ပြ(ငြိမ်း)၊ (အ-လ-က-၈) ဥယျာဉ်စု**
**အ-ထ-က(၃)၊ ပျဉ်းမနား၊ အထက-၁၊ ကော့သောင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့ ပေါင်းလောင်း(၁)ရပ်ကွက်၊ (၅)လမ်း၊ အမှတ်(၁၄/၅၃၀)နေ (ဦးကြူဝိန်-ဒေါ်ဖွားခင်)တို့၏ သမီး၊ စလင်းမြို့နေ (ဦးရွှေဖူး-ဒေါ်အေးတင့်)တို့၏ သမီးချွေးမ၊ ဦးတင့်ရွှေ (ဦးစီးအရာရှိ/ငြိမ်း၊ ပြန်/ဆက်)၊ (ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်)၏ ဇနီး၊ မော်လမြိုင်မြို့နေ (ဦးမြတင်)၊ ဦးဘငွေ-ဒေါ်ကျင်ရီ၊ ဒေါ်ညွှန့်ရီ တို့၏ ညီမ၊ (ဦးပါကြီး)-ဒေါ်တင်နွယ်၊ (ဦးဖိုးလုံး(ခ)ဦးမျိုးသန့်)-ဒေါ်အေး(ခ) ဒေါ်စန်းကြည်၊ ဦးခင်ဇော်-ဒေါ်အေးအေးသိန်း၊ ဦးမျိုးမင်းဇော်-ဒေါ်ခင်အေးရီ၊ (ဦးအေးကို-ဒေါ်မြရီ)၊ ဦးကျော်ဝင်း-ဒေါ်ချိုချိုစိုး တို့၏ အစ်မ၊ (ဦးအောင်မြင့်ခိုင်)-ဒေါ်သီတာတင့် (ပြန်/ဆက်)၊ ဦးနေဝန်းတင့်-ဒေါ်တင်မာဝင်းတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၇-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၀ နာရီတွင် နေပြည်တော်၊ ခုတင်(၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) တွင် ကွေ့ကြီးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးကိုကိုဇော်
**အငြိမ်းစား မန်နေဂျာ**
**(New Force Company Limited)**
### အသက် (၆၄)နှစ်
**(မြို့မကျောင်းသားဟောင်း)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ ကျွန်းတောကျောင်းလမ်း၊ အမှတ် (၃၅) (သုံးလွှာ)နေ (ဦးတင်ထွန်း)-ဒေါ်စိမ်းလှတို့၏ သား၊ (ဦးမောင်ကလေး-ဒေါ်ကြည်ကြည်) တို့၏ သားသမက်၊ (ဦးတင်လှဦး)၊ ဦးမျိုးထွန်း-ဒေါ်အေးအေးမိုးတို့၏ ညီ၊ ဦးရဲဝင်း-ဒေါ်မို့မို့ဆွေ၊ ဦးအောင်အောင်ထွန်း-ဒေါ်သင်းသင်းစိုးတို့၏ အစ်ကို၊ ဒေါ်ခင်ဆွေဦး (ခရိုင်တရားသူကြီး၊ ငြိမ်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုသက်ထွန်းဦး၊ မသီရိကိုကိုဇော်တို့၏ ဖခင်သည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရည်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်သန်းသန်းဆွေ (ပခုက္ကူ)
### အသက်(၆၇)နှစ်

ပခုက္ကူမြို့ မကျည်းချောင်းရပ်ကွက်နေ (ဦးစိန်ကတုံး-ဒေါ်စောရှင်)တို့၏ သမီး၊ ပခုက္ကူမြို့ စွန်သိုက်ရပ်ကွက်နေ (ဦးမြမိုး-ဒေါ်သောင်း)တို့၏ သမီးချွေးမ၊ ဒေါက်တာကြည်ဝင်း (ဆေးရုံအုပ်ကြီး၊ နားနှာခေါင်း၊ လည်ချောင်းဆေးရုံ၊ မန္တလေးမြို့-ငြိမ်း)၏ ဇနီး၊ ဦးကျော်ညိုမင်း-ဒေါ်ဆွေဇင်ဝင်း၊ ဦးသက်ထွန်းဝင်း - ဒေါ်ခင်သီရိထွန်း၊ ဦးမောင်သင်းခိုင်-ဒေါ်ခင်သူသူဝင်း၊ ဦးထွန်းဇော်ဝင်း-ဒေါ်စုစုကြည်ဝင်း၊ Dr.ယုယုကြည်ဝင်း(လက်ထောက်အင်ဂျင်နီယာ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေး အဖွဲ့) တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်သန်းသန်းဆွေသည် ၁၉-၄-၂၀၁၉ ရက် ညနေ ၃း၃၀ နာရီတွင် သျှင်ပါဂူဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ခင် (မန္တလေး)
### အသက်(၉၄)နှစ်

မန္တလေးမြို့ လမ်း(၃၀)၊ (၈၄-၈၅ ကြား)၊ ယူနီယံရိပ်သာနေ ဦးဘိုးလူ-ဒေါ်ထွေးတို့၏ သမီး၊ ဦးသန်းညွှန့်-ဒေါ်တင်ကြည်၊ ဦးဘို-ဒေါ်ခွေး၊ ဦးခင်မောင်ကို-ဒေါ်မြသန်း၊ ဒေါ်တင်တင်တို့၏ ညီမ၊ ဦးမောင်မောင်ကြည်-ဒေါ်ကြည်လေး၊ ဦးခင်မောင်ညီ-ဒေါ်ခင်သန်းအေး တို့၏ အစ်မ ဒေါ်ခင်ခင်သည် ၁၄-၄-၂၀၁၉ ရက်တွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၄-၂၀၁၉ ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်ကြည် (ဇီးကုန်း)
### အသက် (၈၈) နှစ်

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ် (၁၀)၊ ပုသိမ်ညွှန့် (၃)လမ်း၊ ပထမထပ်နေ (ဦးအဝေါင်-ဒေါ်ညို)တို့၏ သမီး၊ ဦးစိန်မြင့်၏ဇနီး၊ ဒေါက်တာသန်းဝင်း-ဒေါက်တာ သင်းသင်းခိုင်၊ ဒေါ်ချိုချို၊ ဒေါ်ခင်မိုးမိုး၊ ဦးကျော်ငြိမ်း-ဒေါ်ကြူကြူနိုင်၊ ဦးသိန်းဝင်းတို့၏ ကျေးဇူးရှင် မွေးသမိခင်၊ မောင်သီဟဝင်း၊ မောင်ကောင်းခန့်၊ မောင်ပိုင်မင်းသန့်တို့၏ အဘွားသည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးဗန်အောင်
## (ဒုတိယညွှန်ကြားရေးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန)
### အသက်(၅၀)

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ (ဦးထွန်းငြိမ်း)-ဒေါ်ကြွယ်တို့၏ သား၊ ဒေါ်လှလှဝေ(ခ)ဒေါ်ဝေမာမြင့် (Khin Maung Nyunt Manufacturing Co.,Ltd.)၏ မောင်သည် ၁၇-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၅ နာရီတွင် ကွယ်လွန် သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၅ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သီလရှင်ကျောင်း၊ ဆေးပေးခန်း၊**
**အလယ်တန်းကျောင်းဆောင်၊**
**အထက်တန်းကျောင်းဆောင်၊ လမ်း၊ ရေတွင်း၊ ရေကန်အလှူရှင် ဒါယကာကြီး**
## ဦးရန်နိုင်ထွန်း (အောင်သုခ ယောဂီ) (၃၅)နှစ်
**B.Tech (Mechanical Power)**
**A.G.T.I(မော်ဘီ)**
**Certificate in Business Law,**
**TTC 2000 ခုနှစ် ကျောင်းသားဟောင်း**
**အေးငြိမ်းသာအထူးကုဆေးခန်း**

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမ၊ အမှတ်(၂၁/၂၃)၊ အေးငြိမ်းသာ အထူးကုဆေးခန်းနေ (ဦးထွန်းလှိုင်-ဒေါ်မာ)၊ (ဦးတင်စိန်-ဒေါ်ခင်တင့်) တို့၏ မြေး၊ ဦးကျော်မင်း (အေးငြိမ်းသာအထူးကုဆေးခန်း)-ဒေါ်ရီရီငွေး(တရားလွှတ်တော်ရှေ့နေ) တို့၏ သားကြီး၊ ဦးသန်းဝင်း-ဒေါ်သန်းသန်းဦးတို့၏ သားသမက်၊ မရတနာကျော်၊ ကိုစံဝေဖြိုး-မလွင်မေအောင် တို့၏ ကိုကိုကြီး၊ မောင် Hugh သူရိန်ဝေဖြိုး၊ မောင်သူရိယဝေဖြိုး တို့၏ဘကြီး၊ မောင်အောင်ဇေနိုင်ထွန်း၏ ဖခင်၊ ဒေါ်စိုးမမဝင်း ၏ ချစ်လှစွာသောခင်ပွန်း သာသနာ့ဒါယကာ ဦးရန်နိုင်ထွန်းသည် ၁၇-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ် လွန်သူအားရည်စူး၍ ၂၃-၄-၂၀၁၉ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းလွင် (ဦးတူးပါ)
### အသက်(၇၄)နှစ်
**ကျုံမငေး**

ကျုံမငေးမြို့နေ (ဦးစစ်တင်-ဒေါ်တင်စိန်)တို့၏ သား၊ တောင်စွန်းမြို့နေ (ဦးစိုးညွှန့်-ဒေါ်ကျင်လွမ်)တို့၏ သားသမက်၊ ရန်ကုန်မြို့နေ (ဦးခင်ဟုတ်-ဒေါ်ခင်ဆုံ)၊ ကျုံမငေးမြို့နေ ဆရာမကြီးဒေါ်တင်တင်လှ၊ ရန်ကုန်မြို့ အလုံမြို့နယ်နေ ဒေါ်သန်းသန်း၊ (ဦးသိန်းထိုက်)-ဒေါ်စန်းစန်းမြင့်၊ ဦးအောင်ဖုန်း-ဒေါ်ခင်စစ်အေးတို့၏ ညီ/မောင်၊ (ဦးမောင်မောင်)၏ အစ်ကို၊ အမှတ် (၃၁/Z)၊ မင်္ဂလာလမ်း၊ အင်းစိန်မြို့နယ်နေ ဒေါ်အေးအေးသင့်၏ ခင်ပွန်း၊ ကိုဝေဖြိုးလင်း- မနွေဦးလွင်တို့၏ ကျေးဇူးရှင်ဖခင်၊ မခိုင်နွေလင်း၊ မယွန်းနွေလင်းတို့၏ ချစ်လှစွာသောအဘိုးသည်၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄း၁၀ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၇း၃၀ နာရီနှင့် ကျုံမငေးအသင်းတိုက်မှ ကားများ နံနက် ၇နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးသန်းဝေ (ခ) စီကေလိုင်
**(မင်္ဂလာဈေး)**
**မဇ္ဈိမရုံသီဆွမ်းလောင်းမွှာရုံ၏**
**နာယကကြီး**
### အသက်(၇၇)နှစ်

ရန်ကုန်မြို့နေ (ဦးသာအေး-ဒေါ်ဖွားကြည်)တို့၏ သားကြီး၊ ပဲခူးမြို့နေ (ဦးဖိုးစိန်-ဒေါ်ကျင်အေး-ဒေါ်ကျင်ဟန်)တို့၏ သားသမက်၊ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ (၁၄၁)၊ (၄၅) လမ်း၊ မြေညီထပ်နေ ဒေါ်ခင်စန်းမြင့်(ခ) ဒေါ်ဘိကြူး၏ ခင်ပွန်း၊ (ဦးသန်းဝင်း)-ဒေါ်သင်းသင်း၊ ဦးမျိုးတင့်-ဒေါ်ကြူကြူအောင်၊ ဦးလှမြင့်-ဒေါ်ခင်ခင်ယု၊ ဦးတင်ထူး-ဒေါ်စန်းစန်းအေးတို့၏ အစ်ကိုကြီး၊ ဦးကျော်ထိုက်(ခ)ဟုတ်လိုင်း-ဒေါ်ခင်ဖြိုးထင်တို့၏ ချစ်လှစွာသောဖခင်၊ မိန်မိန်း(ခ) ဝန်းဝန်း(ခ)မရွှေရတီထင် ၏ ချစ်လှစွာ သော အဘိုး၊ တူ/တူမ ရှစ်ယောက် တို့၏ ဘကြီး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၃း၀၅ နာရီတွင် ဗဟိုရ်စည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

# အာနိစ္စ

## ဦးကျော်လှိုင်(ခ)
## လှ္ဘာရောင်ဆိုင်
### အသက်(၈၅)နှစ်
**(ကညွတ်ကွင်း)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်၊ စမ်းရေတွင်းလမ်း၊ အမှတ်(၁၅)နေ (ဒေါ်မြင့်ဝင်း)၏ ခင်ပွန်း၊ ဦးတင်စိုးလှိုင် - ဒေါ်တင်တင်ဦး၊ ဦးမြင့်လွင်-ဒေါ်တင်တင်အေး (ငွေသစ္စာပွဲရုံ)၊ ဦးညွှန့်ရွှေ-Dr.ဒေါ်တင်တင်ဝင်း(မြိုင်ဆေးခန်း)၊ ဦးသိန်းလှိုင်-ဒေါ်အိအိခိုင် (ငွေစွန်ရဲပွဲရုံ)၊ ဦးလင်းလင်း-ဒေါ်လဲ့လဲ့ဝင်းတို့၏ ဖခင်၊ မြေး ၁၀ ယောက်တို့၏ အဘိုးသည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ (စနေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၂-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးအောင်ထွန်း(ခ)
## S.P ဘရှုးဝါး
### အသက်(၈၄)နှစ်
**(ဘရှုးဝါးကြီး)**
**မြန်မာ့ ကြက်တောင်ချန်ပီယံ**
**(ဟောင်း)**
**မြန်မာ့ မီးရထား (ငြိမ်း)**

(ဦးA.Bဘရှုးဝါး-ဒေါ်Sဘရှုးဝါး)တို့၏ ချစ်လှစွာသောသား၊ (ဦးစန်းအောင်)၏ ညီ၊ [ဦးသန်းမောင်(ခ)ဘရှုးဝါးလေး]၊ ဒေါ်ကလျာဏီဘရှုးဝါး၊ (ဒေါ်အဇ်လီဘရှုးဝါး)တို့၏ အစ်ကိုသည် ၁၉-၄-၂၀၁၉ (သောကြာနေ့) နံနက် ၁း၂၈ နာရီတွင် အမှတ်(၇)၊ ကြိုးစက်ရုံလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးထွန်းစိန် (ပန်းမြောင်း)
**ကျောင်းဆရာ(ငြိမ်း)၊ အမက(၁၃)၊**
**တောင်ဥက္ကလာပ**
### အသက်(၈၃)နှစ်

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၉၅၉)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်နေ (ဦးရွှေမြင့်-ဒေါ်ပန်ကြာ) တို့၏ သား၊ (ဦးအေးမောင်-ဒေါ်သိန်းရင်) တို့၏ သားသမက်၊ (ဒေါ်သင်းကြည်)၏ ခင်ပွန်း၊ ဦးမောင်မောင်ဦး(အကောက်ခွန်မှူး၊ အကောက်ခွန်)-ဒေါ်မြင့်မြင့်မော်၊ ဦးစိုးမိုးထွန်း-ဒေါ်ကြူကြူမာ၊ ဦးညီညီထွန်း-ဒေါ်ခင်စန္ဒာမြင့်၊ ဦးသန်းဇော်ဦး-ဒေါ်နုနုထွေးတို့၏ ဖခင်၊ ဦးအောင်ဝင်း-ဒေါ်အေးခင်တို့၏ အစ်ကို၊ မြေးခြောက်ယောက်တို့၏ အဘိုး သည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) ညနေ ၄း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)**
**သက်ကြီးကန်တော့ခံပုဂ္ဂိုလ်**
## ဒေါ်စန်းရွှေ (ဆင်ဖြူကျွန်း)
### အသက် (၈၆) နှစ်

ရွှေပြည်သာမြို့နယ်၊ အောင်သိဒ္ဓိလမ်း၊ (ထ/၁၆)ရပ်ကွက်၊ အမှတ် (၅၆၆)နေ (ဦးကိုး-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးထွန်းတင်)၏ ဇနီး၊ ဆင်ဖြူကျွန်းအသင်း၏ နာယကကြီး ဦးစိုးသန်းထွန်း (ပွင့်သစ်စမ်းစားသောက်ဆိုင်)၊ အတွင်းရေးမှူး(၂) ဦးတင်တိုးနိုင်တို့၏ မိခင် ဒေါ်စန်းရွှေ (သက်ကြီးကန်တော့ခံ)သည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ (စနေနေ့) နံနက် ၁၁ နာရီတွင် ရွှေပြည်သာမြို့နယ် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

**အမှုဆောင်အဖွဲ့**
**ဆင်ဖြူကျွန်းအသင်း(ရန်ကုန်)**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ရီ (ဖျာပုံ)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၂၈)ရပ်ကွက်၊ အောင်သီရိ(၁)လမ်း၊ အမှတ်(၅)နေ (ဦးကျော်ဒင်-ဒေါ်ကျင်)တို့၏ သမီး၊ (ဦးမြမောင်)၏ ဇနီး၊ (ဦးခင်မောင်ဝင်း)-ဒေါ်တင်အေး၊ ဦးမြတ်စိုး-(ဒေါ်အေးအေးသန့်)၊ ဒေါ်ဝင်းသီဂီ၊ ဦးလှမျိုးဝင်း-ဒေါ်ငုဝါ၊ ဦးဂျော်နီထွန်း-ဒေါ်ခင်သက်သက်နိုင်၊ ဒေါ်မြသန္တာအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး၊ ဗိုလ်ကြီးအောင်ပြည့်ဖြိုး(ဆေးမှူး)၊ မောင်ပေါ်မင်းသိမ်း၊ မောင်တင်ထူးကျော်၊ မဆုမြတ်သင်း၊ မောင်နန္ဒကျော်ခန့်၊ မောင်ထက်မြက်စိုး၊ မရည်မွန်အောင်၊ မောင်သုတအောင်တို့၏ ချစ်လှစွာသော ဘွားဘွားကြီး ဒေါ်ခင်ရီ သည် ၁၉-၄-၂၀၁၉ (သောကြာနေ့) မွန်းလွဲ ၁၂း၅၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၄-၂၀၁၉ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြင့်မြင့်
### အသက် (၇၉)နှစ်
**ဒုညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေး(ငြိမ်း)**

ရန်ကုန်မြို့ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၈၅)၊ မိုးညှင်းဝိပဿနာတိုက်သစ်နေ (ဦးသိန်းမောင်-ဒေါ်နှင်းမြ)တို့၏ သမီး၊ (ဦးသန်းရွှေ)-ဒေါ်အေးသန်း၊ ဦးကြည်ဝင်း-(ဒေါ်သန်းရီ)၊ ဆရာကြီး (ဒေါ်သိဂီ)၊ ဦးတင်ကြည်-ဒေါ်တင်တင်၊ (ဒေါ်ညွှန့်ညွှန့်)(ကျောင်းအုပ်ဆရာမကြီးကြီး၊ ငြိမ်း)တို့၏ ညီမ၊ ဦးစိန်မြင့်-ဒေါ်တင်ကြည်တို့၏ အစ်မ၊ တူ၊တူမ ၁၇ ယောက်တို့၏ အဒေါ် ဒေါ်မြင့်မြင့်သည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၁၁း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မိုးညှင်းဝိပဿနာတိုက်သစ်မှ ကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၄-၂၀၁၉ ရက် နံနက် ၆ နာရီတွင် မိုးညှင်းဝိပဿနာတိုက်သစ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အုပ်ချုပ်တပ်ကြပ်ကြီး အောင်စိုး
**လေ/၂၀၃၇၇**
**တပ်မတော်(လေ)**
### အသက် (၅၄) နှစ်

မြောင်းမြမြို့နေ (ဦးကျော်စိန်-ဒေါ်ကလေးမ) တို့၏ သား၊ မှော်ဘီမြို့နေ ဦးစိန်ထွန်း(လေ၊ ငြိမ်း)-ဒေါ်ရီလေးတို့၏ သားသမက်၊ ဒေါ်စန္ဒာထွန်း၏ ခင်ပွန်း၊ မောင်ဟိန်းနိုင်စိုး၏ ဖခင်သည် ၁၈-၄-၂၀၁၉ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် မင်္ဂလာဒုံ ခုတင်-၁၀၀၀ တပ်မတော်ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံ ငြိမ်းအေးဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်းစူး၍ ၂၄-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## တပ်ကြပ်ကြီးစာရေး ထွန်းထွန်းဇော်
**ကပ-၉၄၄၇၇၈**
### အသက်(၄၆)နှစ်

ရန်ကုန်မြို့နေ (ဦးအေးသွင်-ဒေါ်ခင်ခင်အေး)တို့၏ သားထွေး၊ ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ်၊ (၈)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ မေတ္တာပန်းခြံနေ ဦးဇကျော်-(ဒေါ်ထားရီ)တို့၏ သားသမက်၊ ဒေါ်ခင်ဆွေလှိုင်၏ ခင်ပွန်း၊ မောင်ဇော်လွင်မျိုး၊ မထွန်းစန္ဒီဇော်တို့၏ ကျေးဇူးရှင် ဖခင် တကက/စရ ထွန်းထွန်းဇော်သည် ၁၈-၄-၂၀၁၉ (ကြာသပတေးနေ့) နံနက် ၅း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၄-၂၀၁၉ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် မင်္ဂလာဒုံတပ်မတော်ဆေးရုံ၊ ခုတင်(၁၀၀၀)၊ ငြိမ်းအေးဇရပ်မှ စစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**
## Tg.Cin Len Mung
**(B.Th-MICT,Insein၊ သာသနာပြုဆရာ-ငြိမ်း၊ TBC-Y)**
### အသက်(၄၆)နှစ်
**(Tangpua Beh, Lamzang Khua)**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၄)ရပ်ကွက်၊ စီဘလောက်၊ (၁) လမ်း၊ တိုက်(၃၈)၊ အခန်း(၄၀၂)နေ (Pa Cin Za Suan) အရာခံဗိုလ်(ရေ-ငြိမ်း)-Nu Ning Khan Man တို့၏ သားကြီး၊ နိုင်ဂိုးမန်(ETEC)၊ ဝေနန်းအိမ် (B.A-Bible & Theo.,Eco);WOH-AG၊ နန်းပျံ့ဇင် (B.A-BSc; Network International School)၊ ဟန်မင်းသူ (B.A-BSc., Tedim Christian Collage)တို့၏ အစ်ကိုကြီးသည် ၁၅-၄-၂၀၁၉ (တနင်္လာနေ့) နံနက် ၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၇-၄-၂၀၁၉ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ နာမကျန်းဖြစ်ချိန်မှစ၍ ယနေ့အချိန်အထိ အဘက်ဘက်မှ ပံ့ပိုးကူညီလျှက် မေတ္တာပြသခဲ့ကြသူများ၊ နှစ်သိမ့်ခဲ့ကြသူများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

# ဒုတိယအကြိမ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/ ၂၀၁၉) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၉**

လွှတ်တော်အစည်းအဝေးများကျင်းပရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၂/ ၂၀၁၉)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အစည်းအဝေးသို့ တက်ရောက်လာကြသူအားလုံး ၁၃၈၁ ခုနှစ် မြန်မာနှစ်သစ်အခါသမယမှာ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း၊ ဒုတိယအကြိမ် လွှတ်တော်အသီးသီး၏ (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများကို ၂၀၁၉ ခုနှစ် မေ ၂၉ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ယင်းလွှတ်တော်အစည်းအဝေးများတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပြင်ဆင်ရေးကိစ္စရပ်များ၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪

## မြန်မာ ယူ-၁၈ အသင်း ဟောင်ကောင်ဖိတ်ခေါ်ပြိုင်ပွဲတွင် အိမ်ရှင်အသင်းကို အနိုင်ရ

**ဟောင်ကောင် မေ ၁၉**

၂၀၁၉ ဟောင်ကောင် ယူ-၁၈ ဖိတ်ခေါ်ပြိုင်ပွဲ (Jockey Club International Youth Invitational Football Tournament 2019) ပထမနေ့ကို ယနေ့နံနက်ပိုင်းက ဟောင်ကောင်၌ စတင်ကျင်းပရာ မြန်မာ ယူ-၁၈ အသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။

**မြန်မာ ယူ-၁၈ - နှစ်ဂိုး**
**ဟောင်ကောင် ယူ-၁၈ - ဂိုးမရှိ**

မြန်မာ ယူ-၁၈ အသင်းသည် ယခုပွဲတွင် အိမ်ရှင်ဟောင်ကောင်အသင်းကို အနိုင်ယူပြီး အဖွင့်လှသွားခဲ့သည်။ မတ်လနောက်ဆုံးပတ်က ယှဉ်ပြိုင်ခဲ့သည့် ဗီယက်နမ် ယူ-၁၉ ဖိတ်ခေါ်

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❖



မြန်မာ ယူ-၁၈ အသင်းနှင့် ဟောင်ကောင် ယူ-၁၈ အသင်း ယှဉ်ပြိုင်နေစဉ်။

## တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

စာမျက်နှာ » ၅

## မြန်မာ့လက်ရွေးစင်အသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ကစားမည်

**ရန်ကုန် မေ ၁၉**

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲနှင့် ၂၀၂၃ အာရှဖလားခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းခြေစစ်ပွဲများတွင် ဒုတိယအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် စက်တင်ဘာမှသာ ကစားရမည်ဖြစ်ပြီး ယင်းကာလမတိုင်မီ

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❍




နိုင်ငံတော်အစိုးရ၏

ပြည်သူ့အတွက် တတိယ (၁) နှစ်တာ

ကြေးမုံ အထူးကဏ္ဍ

မေ ၂၀၊ ၂၀၁၉ (စနေနေ့)

# နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များကို အနာဂတ်နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်သွားရန် မျှော်မှန်းချက်ထား ဆောင်ရွက်နေသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမေး၊ အရေး - မော်စီ၊ ဓာတ်ပုံ - ခန့်မော်ဦး



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း

**နိုင်ငံတော်၏ သဘာဝသယံဇာတ အရင်းအမြစ်များဖြစ်သည့် သစ်တောနှင့် သတ္တုသယံဇာတ၊ ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်သယံဇာတများကို လက်ရှိနှင့် အနာဂတ်နိုင်ငံသားများအတွက် အကျိုးအရှိဆုံးဖြစ်အောင် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်သွားရန် အနာဂတ်မျှော်မှန်းချက်အဖြစ်ချမှတ်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။**

**ဝန်ကြီးဌာန၏ တတိယ (၁)နှစ်တာကာလအတွင်း ထင်ရှားသည့် ပြောင်းလဲတိုးတက်မှုများကိုသိရှိရန် ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ရပါသည် -**

**ဦးအုန်းဝင်း**
**ပြည်ထောင်စုဝန်ကြီး**

**မေး။ သစ်တောတွေက တိုက်ရိုက်နဲ့ သွယ်ဝိုက်ပြီးရရှိနိုင်တဲ့ အကျိုးစီးပွားတွေကို ပြည်သူတွေ စဉ်ဆက်မပြတ် ခံစားနိုင်ဖို့ ဆောင်ရွက်နေမှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ သစ်တောတွေနဲ့ သဘာဝဂေဟစနစ်တွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်တဲ့နေရာမှာ အဓိကအရေးအကြီးဆုံးအချက်ဖြစ်တဲ့ လက်ရှိအခြေအနေအရပ်ရပ်နဲ့ကိုက်ညီတဲ့ ဥပဒေတွေကို အသစ်ပြင်ဆင်ပြဋ္ဌာန်းဖို့ လိုအပ်တဲ့အတွက် ၂၀၁၈ ခုနှစ် မေ ၂၁ ရက်မှာ ဇီဝမျိုးစုံမျိုးကွဲနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတွေ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေနဲ့ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်မှာ သစ်တောဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ သစ်တောဖုံးလွှမ်းမှုတွေ တိုးတက်ကောင်းမွန်လာဖို့အတွက် မြန်မာနိုင်ငံ သစ်တောများပြန်လည်တည်ထောင်ရေး ၁၀ နှစ်စီမံကိန်းကို ဆောင်ရွက်ခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ နိုင်ငံတော်ပိုင်စိုက်ခင်း ၃၀၈၉၂ ဧက တည်ထောင်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် နိုင်ငံတော်ရဲ့ သဘာဝတောတောင်၊ ရေ၊ မြေတွေကို ဥပဒေနဲ့အညီ ထိန်းသိမ်းကာကွယ်နိုင်ဖို့အတွက် ယခုအစိုးရလက်ထက်မှာ သစ်တောကြိုးဝိုင်းနဲ့ ကြိုးပြင်ကာကွယ်တောတွေကို တိုးချဲ့ဖွဲ့စည်းသတ်မှတ်ဆောင်ရွက်လျက်ရှိရာ တတိယ (၁) နှစ်တာကာလအတွင်း ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တော ၂၆ ခု (ဧက သုညဒသမ ၉၉ သန်း) တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် လက်ရှိအချိန်ထိ နိုင်ငံအကျယ်အဝန်းရဲ့ ၂၅ ဒသမ ၃၁ ရာခိုင်နှုန်း (ဧက ၄၂ သန်းကျော်) ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ပါတယ်။

သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို တတိယ (၁)နှစ်တာကာလအတွင်း သုံးခု (ဧက ၅၇၀၀၀ ကျော်ခန့်)တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် လက်ရှိအချိန်ထိ နိုင်ငံအကျယ်အဝန်းရဲ့ ၅ ဒသမ ၈၃ ရာခိုင်နှုန်းနဲ့ ဧက ၁၀ သန်းနီးပါး ဖွဲ့စည်းနိုင်ခဲ့ပါတယ်။

သစ်ထုတ်လုပ်တဲ့နေရာမှာ ၂၀၁၈ - ၂၀၁၉ ခုနှစ်အတွက် နှစ်စဉ်တောထွက်ပမာဏ (AAC)ထက် လျော့နည်းထုတ်လုပ်မှာဖြစ်ပြီး နောင်ကာလတွေမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုပြီး လျှော့ချထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်းကို ယခုနှစ်အတွင်း ဧက ၉၀၀၀၀ ကျော်၊ အဖွဲ့ ၈၂၇ ဖွဲ့နဲ့ အဖွဲ့ဝင် ၁၅၉၇၄ ဦးဖြင့် တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒေသခံပြည်သူလူထုရဲ့ နေ့စဉ်ဘဝမှာ အခြေခံလိုအပ်မှုတစ်ရပ်ဖြစ်တဲ့ ဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ပုဂ္ဂလိကဝါးစိုက်ခင်းတည်ထောင်မှုတွေကို တတိယ (၁)နှစ်တာကာလထဲမှာ တိုးမြှင့်ခွင့်ပြုပေးလျက်ရှိရာ အရင်က ပုဂ္ဂလိကဝါးစိုက်ခင်းဧက ၄၀၀ ကျော်သာရှိခဲ့ရာမှ ယခုဧက ၁၈၀၀ ကျော်အထိ တည်ထောင်ရန်ခွင့်ပြုပေးခဲ့ရာ

အထူးကဏ္ဍ [ ခ ] သို့ »»



သစ်တောစိုက်ခင်းများ ထူထောင်ထားမှုကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ဧက ၁၆၀၀ ကျော် တည်ထောင်စိုက်ပျိုးပြီး ဖြစ်ပါတယ်။

သစ်တောဦးစီးဌာနအနေနဲ့ တရားမဝင် သစ်တွေ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာမှာ တတိယ (၁)နှစ်တာကာလအတွင်း တရားမဝင် သစ်တန်ချိန် ၄၄၈၃၀၊ တရားခံ ၅၁၉၂ ဦး၊ ယာဉ်နဲ့ ယန္တရား ၃၃၇၇ စီး ဖမ်းဆီးရမိခဲ့ပါတယ်။

စွမ်းအားမြှင့်မီးဖိုတွေနဲ့ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းတွေသုံးစွဲခြင်း၊ စိမ်းလန်းစိုပြည်ရေးသစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းစတဲ့ လုပ်ငန်းတွေမှာ ဌာနနဲ့ ပူးပေါင်းဆောင်ရွက်မှုကောင်းတဲ့ ကျေးရွာတွေကို စံပြကျေးရွာအဖြစ် ထူထောင်ဆောင်ရွက်ခဲ့ရာ တတိယ (၁)နှစ်တာအတွင်း စံပြကျေးရွာ ၅၃ ရွာ တည်ထောင်နိုင်ခဲ့ပါတယ်။

အရင်က ခရီးသွားဆင်စခန်း ၁၂ ခု ဆောင်ရွက်နိုင်ခဲ့ရာမှ ယခုနှစ်အတွင်း ဆင်အခြေပြု ခရီးသွားဆင်စခန်း ရှစ်ခုကို ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမယ့် အစီအစဉ်တွေ ရှိပါတယ်။

**မေး။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပြုပြင်ပြောင်းလဲ တိုးတက်မှုတွေကို ရှင်းပြပေးပါဦး ခင်ဗျာ။**

ဖြေ။ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတွေကို ကဏ္ဍအလိုက် စနစ်တကျ ဘက်စုံပေါင်းစပ်ပါဝင်နိုင်ရေး Integrated Approach အတွက် ပတ်ဝန်းကျင်ဆိုင်ရာ အုပ်ချုပ်မှု Environmental Governance စနစ်ကို အခိုင်အမာတည်ထောင် ဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံတွင်း မှီတင်းနေထိုင်ကြသူတွေရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်နဲ့ ကောင်းမွန်တဲ့ ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ဖို့ မူဝါဒရည်မှန်းချက်တွေ ချမှတ်ပြီး မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးက အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနဲ့ ပင်မလုပ်ငန်းအစီအစဉ်တွေကို ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးက အတည်ပြုခဲ့ပြီး ဖြစ်ပါတယ်။

မဟာဗျူဟာမျှော်မှန်းချက်က မြန်မာနိုင်ငံမှာ ပစ္စုပ္ပန်နဲ့ အနာဂတ်မျိုးဆက်တွေရဲ့ ချမ်းသာသုခရရှိရေးအတွက် ရေရှည်တည်တံ့မှုနဲ့ ကြွယ်ဝချမ်းသာမှုရှိပြီး အားလုံးပါဝင်သော ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လွှတ်မှုလျော့နည်းတဲ့ လူမှုအဖွဲ့အစည်းတစ်ရပ်ဖြစ်လာဖို့ ဖြစ်ပါတယ်။

အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်၊ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနဲ့ လုပ်ငန်းအစီအစဉ်တွေကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ သတ္တုကဏ္ဍနဲ့ပတ်သက်လို့ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေရှိရင် သိလိုပါတယ်။**

ဖြေ။ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်တဲ့ ဥပဒေနဲ့အညီ နည်းဥပဒေတွေကို ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ဥပဒေကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၉ ရက်မှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါတယ်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ခေတ်ကာလအခြေအနေနဲ့ လိုက်လျောညီထွေမှုရှိအောင် ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါတယ်။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကလောမြို့နယ် ဘော်ဆိုင်းဒေသရှိ ခဲသတ္တုသန့်စင်စက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

မြန်မာ့သတ္တုတွင်း နည်းဥပဒေတွေ ထုတ်ပြန်ပြီး နောက်ပိုင်း ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်ကစပြီး လုပ်ကွက်အသစ် လျှောက်ထားမှုတွေကို ပြန်လည်လက်ခံပြီး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ဆောင်ရွက်ခွင့်ရှိတဲ့ ဓာတ်သတ္တုအသေးစားနဲ့ လက်လုပ်လက်စားလုပ်ငန်းတွေကရရှိတဲ့ အခွန်အခတွေကို တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ဘဏ္ဍာရန်ပုံငွေအဖြစ် ပေးသွင်းနိုင်ရေး ၂၀၁၈ ခုနှစ် ဇူလိုင် ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာနဲ့ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

သတ္တုတူးဖော်မှုလုပ်ငန်းတွေကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုတွေ လျော့နည်းဖို့အတွက် ၂၀၁၈ ခုနှစ် ပွင့်လင်းရာသီဖြစ်တဲ့ အောက်တိုဘာလမှစတင်ပြီး စစ်ဆေးလျက်ရှိရာ ၂၀၁၉ ခုနှစ် မတ်လအထိ လုပ်ကွက် ၃၅၄ ကွက်ကို ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။

မြေဆီလွှာတိုက်စားမှု ထိန်းသိမ်းကာကွယ်ခြင်း၊ စွန့်ပစ်မြေစာတွေကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် စနစ်တကျ စုပုံစွန့်ပစ်ခြင်း၊ တူးဖော်ပြီးနေရာတွေမှာ မြေပြန်ဖို့ခြင်းနဲ့ သစ်ပင်တွေ ပြန်လည်စိုက်ပျိုးခြင်းစတဲ့ လုပ်ငန်းတွေကို ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနက ဖောင်းပြင်မြို့နယ်နဲ့ ပင်လည်ဘူးမြို့နယ်တွေအတွင်း ဒေသန္တရ ဘူမိဗေဒ မြေပုံရေးဆွဲခြင်းကို ဧရိယာ ၂၇၇၉ ဒသမ ၅ စတုရန်းကီလိုမီတာကို ပြီးစီးအောင် ဆောင်ရွက်ခဲ့ပါတယ်။

ကျောက်မီးသွေး တိုးချဲ့ရှာဖွေရေး လုပ်ငန်းတွေကို စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတွေမှာ ဆောင်ရွက်ခဲ့ပြီး ဖယ်လ်စပါလ်ကြွေကျောက် အသေးစိတ်ရှာဖွေရေးလုပ်ငန်းတွေကို မန္တလေးတိုင်းဒေသကြီးမှာ ဆောင်ရွက်ခဲ့ပါတယ်။

ခန္တီးမြို့နယ် နမ့်ခမာချောင်းသာဝန်းကျင် ဒေသမှာ ကျောက်စိမ်းဖြစ်ထွန်းနိုင်မှုကို ဖော်ထုတ်ခဲ့ပြီး အသေးစိတ် စမ်းသပ်တိုင်းတာရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ သပိတ်ကျင်းမြို့နယ်အတွင်း ဂရက်ဖိုက်စမ်းသပ်တိုင်းတာရေး လုပ်ငန်းတွေနဲ့ လွန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းတွေကို အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

မြန်မာ့ပုလဲရောင်းချပွဲတွေကို ပြည်ပမှာ တစ်ကြိမ်နဲ့ ပြည်တွင်းမှာ နှစ်ကြိမ် ရောင်းချခဲ့ရာ ရငွေလျာထားချက် ငွေကျပ် ၁၁ ဒသမ ၈၆ ဘီလီယံထက် ငွေကျပ် ၁၃ ဒသမ ၇၆ ဘီလီယံဖြစ်လို့ ၁၁၅ ဒသမ ၉၇ ရာခိုင်နှုန်း ရရှိခဲ့ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်နဲ့အညီ နိုင်ငံပိုင်ပုလဲစခန်းနဲ့ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေတဲ့ ပုလဲစခန်းငါးခုကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်ကစပြီး ပြည်တွင်း ပြည်ပ ခရီးသွားတွေကို နေ့ချင်းပြန်လေ့လာကြည့်ရှုခွင့်ပြုခဲ့ပါတယ်။ ယနေ့အချိန်အထိ နိုင်ငံခြားသား ၈၂ ဦးနဲ့ မြန်မာနိုင်ငံသား ၂၀၆ ဦး လာရောက်လေ့လာခဲ့ကြပါတယ်။

ဖားကန့်ဒေသရဲ့ ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆိုင်ရာလုပ်ငန်းအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်က ဖွဲ့စည်းပေးခဲ့ရာ လုပ်ငန်းအဖွဲ့ခွဲခြောက်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး ဖားကန့်ဒေသရဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲရေး၊ တရားဥပဒေစိုးမိုးရေး၊ အသက်မွေးဝမ်းကျောင်းသင်တန်းပေးရေးနဲ့ အလုပ်အကိုင်ရှာဖွေရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေမှာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်မှုကို သိပါရစေခင်ဗျာ။**

ဖြေ။ မြန်မာနိုင်ငံ EITI စတုတ္ထအကြိမ် အစီရင်ခံစာကို ၂၀၁၉ ခုနှစ် မတ်လ ၃၁ ရက်မှာ ထုတ်ပြန်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ နိုင်ငံတကာ EITI စံနှုန်းများ ပြည့်မီဖို့ ရည်ရွယ်ချက်နဲ့ Mineral Cadaster စနစ် အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့ ဝန်ကြီးဌာနရဲ့ Mining Cadaster လုပ်ငန်းကော်မတီကို ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

**ဒေါက်တာညီညီကျော်**
**ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန**

**မေး။ နိုင်ငံတော်ရဲ့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောတွေနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ တိုးချဲ့ဖွဲ့စည်းခဲ့မှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ နိုင်ငံတော်ရဲ့ သဘာဝသစ်တောကြီးတွေနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် သစ်တောနယ်မြေတွေဖြစ်တဲ့ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောတွေနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို တိုးချဲ့ဖွဲ့စည်းခြင်းကို လက်ရှိအစိုးရသက်တမ်းကာလအတွင်းမှာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

သစ်တောနယ်မြေတွေကို ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၅၃ ခု (ဧက ၁၀ သိန်းနီးပါး) နိုင်ငံတော်ရဲ့ အကျယ်အဝန်းသုည ဒသမ ၅၉ ရာခိုင်နှုန်းအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါတယ်။ လက်ရှိအထိ ဖွဲ့စည်းသတ်မှတ်ပြီး သစ်တောနယ်မြေ စုစုပေါင်းအနေနဲ့ ဧက ၄၂ သန်း ကျော်ဖြစ်ပြီး နိုင်ငံတော်ရဲ့ အကျယ်အဝန်း ၂၅ ဒသမ ၃၁ ရာခိုင်နှုန်း ရှိနေပြီဖြစ်ပါတယ်။ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို သုံးနှစ်တာကာလအတွင်းမှာ လေးခု (ဧက တစ်သိန်းသုံးသောင်းကျော်) တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပြီး လက်ရှိဖွဲ့စည်းပြီးမှုအနေနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ ၄၃ ခု (ဧက ကိုးသန်းခုနစ်သိန်းကျော်)၊ နိုင်ငံဧရိယာရဲ့ ၅ ဒသမ ၈၃ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ ဒီလိုတရားဝင်ဖွဲ့စည်းသတ်မှတ်မှသာလျှင် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့အညီ ထိန်းသိမ်းစောင့်ရှောက်နိုင်မှာ ဖြစ်ပါတယ်။

**မေး။ သစ်တောနယ်မြေနဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတွေ တိုးချဲ့ဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ သစ်တောနယ်မြေတွေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရာမှာ တရားမဝင်ကျူးကျော်နေထိုင်သူတွေက လယ်ယာလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရယူလိုမှုကိုသာ ဦးတည်ပြီး သစ်တောမြေကနေ ပယ်ဖျက်ပေးရေးဆောင်ရွက်မှုတွေနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီစေဖို့အတွက် လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုဘဲ ဆောင်ရွက်နေကြမှုတွေဟာ သစ်တောဦးစီးဌာနအတွက် လက်ရှိတွေ့ကြုံနေရတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုဖြစ်ပါတယ်။

**မေး။ မြန်မာနိုင်ငံရဲ့ လက်ရှိ သစ်တောဖုံးလွှမ်းမှုအခြေအနေကို ရှင်းပြပေးပါဦး ခင်ဗျာ။**

ဖြေ။ နိုင်ငံရဲ့သစ်တောဖုံးလွှမ်းမှုဟာ FAO ရဲ့ ၂၀၁၅ ခုနှစ် တွက်ချက်မှုအရ နိုင်ငံကုန်းမြေ အကျယ်အဝန်းရဲ့ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းသာရှိတဲ့အတွက် နိုင်ငံတော်ရဲ့ သစ်တောဖုံးလွှမ်းမှု တိုးတက်ကောင်းမွန်လာဖို့နဲ့ သစ်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် နိုင်ငံပိုင်သစ်တောစိုက်ခင်းတွေကို တိုးမြှင့်တည်ထောင်ဆောင်ရွက်လျက်ရှိပါတယ်။

စီမံချက်နဲ့အညီ လက်ရှိအစိုးရသက်တမ်းကာလမှာ အဖိုးတန်သစ်မျိုးတွေဖြစ်တဲ့ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နဲ့ ထင်းရှူးစိုက်ခင်းတွေအပြင် ရေဝေရေလဲနဲ့ ဒီရေတောစိုက်ခင်းတွေကို ဧက ၄၂၀၀၀ ကျော် တည်ထောင်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှာ ဧက ၂၂၀၀၀ ကျော် စိုက်ပျိုးတည်ထောင်ဖို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ စီးပွားရေးစိုက်ခင်းတွေကို ဒီလိုအောင်မြင်အောင် တည်ထောင်ထိန်းသိမ်းနိုင်မယ်ဆိုရင် နောင်ကာလမှာ နိုင်ငံတော်အတွက် သစ်လိုအပ်ချက်ကို သဘာဝတောတွေ ထိခိုက်ခြင်းမရှိဘဲ ထုတ်ယူနိုင်မှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဒေသသုံးလိုအပ်ချက်အတွက် အထောက်အကူပြုနိုင်ဖို့အတွက် သစ်တောဦးစီးဌာနအနေနဲ့ လက်ရှိအစိုးရသက်တမ်းရဲ့ တတိယ (၁)နှစ်တာကာလအတွင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၁ ခုကို သစ်တန် ၃၀၀၀ ကျော်ကို ကြမ်းခင်းဈေးနဲ့ လုပ်ငန်းစဉ် ၇ ရပ်နဲ့အညီ ရောင်းချပေးနိုင်ခဲ့ပါတယ်။ လက်ရှိအစိုးရသက်တမ်း သုံးနှစ်တာကာလမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုကို သစ်တန် ၁၀၀၀၀ ကျော် ရောင်းချပေးနိုင်ခဲ့ပါတယ်။

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

သဘာဝဘေးအန္တရာယ်ခံစားရမှုကြောင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေမှာ လိုအပ်တဲ့သစ်တွေကို တနင်္သာရီ၊ ပဲခူးနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်၊ ကရင်နဲ့ မွန်ပြည်နယ် အစိုးရအဖွဲ့တွေကို သုံးနှစ်တာကာလအတွင်း သစ်တန် ၁၅၀၀ နီးပါးနဲ့ ကျွန်းပင်ကျပ်တိုင် ၁၀၀၀ ကို ရောင်းချပေးနိုင်ခဲ့ပါတယ်။ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းတွေဖြစ်တဲ့ သစ်စက်လုပ်ငန်းရှင်များအသင်း၊ သစ်အခြေခံပရိဘောဂလုပ်ငန်းရှင်များအသင်းနဲ့ လက်မှုအနုပညာအသင်းတွေကို သစ်တန် ၈၅၀ ကျော် ရောင်းချပေးခဲ့တာ ဖြစ်ပါတယ်။

**မေး။ ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်မှုတွေနဲ့ ပတ်သက်လို့ တိုးတက်မှုတွေကို သိပါရစေ။**

ဖြေ။ ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်မှုကို ယခုအစိုးရလက်ထက်အတွင်းမှာ ပိုမိုတိုးမြှင့်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ယခုအစိုးရကာလမှာ စိုက်ခင်းဧရိယာ ၃၂၀၀၀၀ ကျော် တည်ထောင်နိုင်ခဲ့ပါတယ်။ လက်ရှိတည်ထောင်ပြီးစီးမှု စုစုပေါင်းအနေနဲ့ ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောဧရိယာ ၆၁၀၀၀၀ ကျော် တည်ထောင်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ကိန်းဂဏန်းအချက်အလက်တွေအရ တည်ထောင်ပြီး ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောအကျယ်အဝန်းရဲ့ ၅၀ ရာခိုင်နှုန်းကျော်ကို လက်ရှိအစိုးရလက်ထက်မှာ ဆောင်ရွက်နိုင်တာကို ရလဒ်အနေနဲ့ တွေ့မြင်ရမှာဖြစ်ပါတယ်။

**မေး။ ဇီဝမျိုးစုံမျိုးကွဲနဲ့ ဂေဟစနစ်တွေ ရေရှည်တည်တံ့ဖို့အတွက် ဥပဒေ၊ နည်းဥပဒေတွေ ရေးဆွဲအတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ဆောင်ရွက်ခဲ့မှုတွေကို ရှင်းပြပေးပါဦး ခင်ဗျာ။**

ဖြေ။ ဇီဝမျိုးစုံမျိုးကွဲနဲ့ ဂေဟစနစ်တွေ ရေရှည်တည်တံ့ဖို့အတွက် ထိန်းသိမ်းကာကွယ်ရေးက နိုင်ငံအတွက် အရေးပါတဲ့အတွက် သစ်တောဦးစီးဌာနအနေနဲ့ ယခုအစိုးရသက်တမ်း သုံးနှစ်တာကာလအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့တဲ့အပြင် နည်းဥပဒေကြမ်းကို ရေးဆွဲပြီး စိစစ်အကြံပြုနိုင်ဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ပေးပို့ထားပြီးဖြစ်ပါတယ်။

၂၀၁၆ ခုနှစ် ဩဂုတ် ၃၀ ရက်မှာ ဖွဲ့စည်းနိုင်ခဲ့တဲ့ ရေဝပ်ဒေသထိန်းသိမ်းအုပ်ချုပ်ခြင်းဆိုင်ရာ အမျိုးသားအဆင့်ကော်မတီရဲ့ ကြီးကြပ်မှုနဲ့ အမျိုးသားရေဝပ်ဒေသ မူဝါဒနဲ့ မဟာဗျူဟာလုပ်ငန်းတွေကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုနိုင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဖွဲ့စည်းထားပြီးဖြစ်တဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေ လေးခုအတွက် ဥယျာဉ်အုပ်ချုပ်လုပ်ကိုင်မှု (၅)နှစ်စီမံချက်တွေကို ရေးဆွဲအတည်ပြုနိုင်ခဲ့တဲ့အပြင် မြန်မာနိုင်ငံဆင်ထိန်းသိမ်းရေးလုပ်ငန်း (၁၀) နှစ်စီမံချက်ကို ရေးဆွဲအတည်ပြုနိုင်ခဲ့ပါတယ်။ သုံးနှစ်တာကာလအတွင်း အင်းတော်ကြီး၊ မိန်းမလှကျွန်း၊ မုတ္တမပင်လယ်ကွေ့ (မွန်ပြည်နယ်အပိုင်း)နဲ့ အင်းလေးကန်ဒေသတွေကို ရမ်ဆာရေဝပ်ဒေသ ထိန်းသိမ်းရေးနယ်မြေတွေအဖြစ် နိုင်ငံတကာအဆင့်က အသိအမှတ်ပြုခံရအောင် ဆောင်ရွက်နိုင်ခဲ့ပြီး အင်းတော်ကြီးကို လူသားနဲ့ ဇီဝအဝန်းနယ်မြေအဖြစ် အသိအမှတ်ပြုခံရအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ဒီကာလအတွင်းမှာ ထူးထူးခြားခြား ဆောင်ရွက်ချက်တစ်ရပ်အနေနဲ့ မြန်မာနိုင်ငံရဲ့ပထမဆုံးဆင်ပြတိုက်ကို တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)အတွင်းမှာရှိတဲ့ သဘာဝသမိုင်းပြတိုက်မှာ မတ် ၃ ရက်မှာ ဖွင့်လှစ်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒီလိုဖွင့်လှစ်ခြင်းက နိုင်ငံရဲ့ တောဆင်ရိုင်းတွေကို ထိန်းသိမ်းကာကွယ်ဖို့၊ ဆင်နဲ့လူ ပဋိပက္ခလျှော့ချနိုင်ဖို့၊ တောဆင်ရိုင်းသတ်ဖြတ်ခံရတာတွေ၊ ဆင်အစိတ်အပိုင်းတွေ တရားမဝင် ကူးသန်းရောင်းဝယ်တာတွေကို တားဆီးကာကွယ်နိုင်ဖို့အတွက် ပြည်သူလူထုအတွင်း အသိအမြင်နိုးကြားလာပြီး ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ဖို့အတွက် ရည်ရွယ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

သစ်တောဦးစီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေမှာ သုတေသနဆောင်ရွက်မှုဟာ ရေရှည်ကာလမှာ တိုးတက်အောင်မြင်မှုအတွက် အရေးကြီးကဏ္ဍဖြစ်ပါတယ်။ တတိယ (၁) နှစ်တာ ကာလအတွင်းမှာ သုတေသနစာတမ်း ၈၀ ကို ပြုစုရေးသားနိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာသုတေသနစာစောင်တွေမှာ သုတေသနစာတမ်း ၂၅ စောင်ကို ရေးသားဖော်ပြနိုင်ခဲ့ပါတယ်။

**မေး။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မျိုးစိတ်သစ်တွေအနေနဲ့ ချင်းမျိုးစိတ်သစ် သုံးမျိုး၊ သစ်ခွမျိုးစိတ်သစ် သုံးမျိုး၊ အပင်မျိုးစိတ်သစ် ၁၈ မျိုးနဲ့ ငါးမျိုးစိတ်သစ် တစ်မျိုးကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပါတယ်။ ထူးခြားတဲ့သုတေသန ဆောင်ရွက်ချက်အနေနဲ့ စိုက်ခင်းတွေ တည်ထောင်ရာမှာ လိုအပ်တဲ့ပျိုးပင်တွေကို အကုန်အကျနည်းပါးဖို့၊ သယ်ယူရာမှာ ပမာဏများများကို သယ်ယူနိုင်ဖို့၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေတဲ့ ပလတ်စတစ်ပျိုးအိတ် အသုံးပြုမှုကို လျှော့ချနိုင်ဖို့၊ မြေချစိုက်ပျိုးမှုမှာ အကုန်အကျသက်သာပြီး မြန်ဆန်စွာ ဆောင်ရွက်နိုင်ဖို့စတဲ့ ရည်ရွယ်ချက်တွေနဲ့ Pot Tube အသုံးပြုပျိုးထောင်တဲ့ သုတေသနလုပ်ငန်းကို ၂၀၁၈ ခုနှစ်က စတင်ခဲ့ရာ ယခုအခါ သုတေသနလုပ်ငန်း ပြီးပြတ်သလောက်ရှိနေပြီး မြေပြင်စမ်းသပ်စိုက်ပျိုးခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် မိုးရာသီကာလအတွင်းမှာ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မေး။ တရားမဝင်သစ်တွေ ဖမ်းဆီးနိုင်ခဲ့မှုကို ရှင်းပြပေးပါဦး ခင်ဗျာ။**

ဖြေ။ တတိယ (၁)နှစ်တာကာလအတွင်းမှာ တရားမဝင်သစ်တန် ၁၂၈၀၀၀ ကျော်၊ တရားခံ ၂၀၀၀၀ ကျော်၊ သစ်တင်ယာဉ် ၉၀၀၀ ကျော်နဲ့ လက်ကိုင်စက်လွှ ၁၁၀၀ ကျော်ကို ဖမ်းဆီးနိုင်ခဲ့ပါတယ်။ ဒီလိုဖမ်းဆီးနိုင်ခဲ့တာက ဒေသခံပြည်သူလူထုနဲ့ ဆက်စပ်အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာတဲ့ရလဒ်ဖြစ်ပါတယ်။ တရားမဝင် သစ်ဖမ်းဆီးရေးဆောင်ရွက်ရာမှာ ထုတ်ပြန်ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေကို လိုက်နာဖို့ အားနည်းတာတွေ၊ ကြိုးဝိုင်းကျူးကျော်နေထိုင်မှုတွေ၊ တရားမဝင် လိုင်စင်မဲ့ယာဉ်တွေ၊ ဈေးပေါပေါဝယ်ယူရရှိနိုင်တဲ့ လက်ကိုင်စက်လွှတွေက သစ်တောဦးစီးဌာနအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်စေတဲ့အပြင် သစ်တောဝန်ထမ်းတွေ အဂတိလိုက်စားမှုမရှိရေးက ထိထိရောက်ရောက် အရေးယူကိုင်တွယ်ဖြေရှင်းနေရဆဲဖြစ်ပါတယ်။

ဦးစီးဌာနအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး မြန်မာအမျိုးသားမြေပုံစနစ် တည်ထောင်ခြင်းစီမံကိန်းကို ၂၀၁၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ အဆင့် လေးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်မှုနဲ့ ညီမျှတဲ့ သစ်တောကာဗွန်ပမာဏ တွက်ချက်ခြင်းလုပ်ငန်းကို FAO နဲ့ သစ်တောဦးစီးဌာနတို့ ပူးပေါင်းပြီး အကောင်အထည်ဖော်လျက်ရှိပါတယ်။ နိုင်ငံရဲ့ ပင်လယ်ကမ်းရိုးတန်းနဲ့ ဒီရေတောကဏ္ဍဆိုင်ရာ စီမံအုပ်ချုပ်မှုလုပ်ငန်းတွေ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။

ဦးစီးဌာနနဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ ပူးပေါင်းပြီး သယံဇာတများ ရေရှည်တည်တံ့နိုင်စေရန် စီမံအုပ်ချုပ်နိုင်ရေး စွမ်းဆောင်ရည် မြှင့်တင်ခြင်းစီမံကိန်းကို ၂၀၁၈ ခုနှစ် ဇွန်လမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအထိ ၅ နှစ် စီမံကိန်းအဖြစ် အင်းလေးကန်ဒေသတွင် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံရုံးနဲ့ သစ်တောဦးစီးဌာနတို့အကြား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ဖွံ့ဖြိုးတိုးတက်မှုအကူအညီပေးရေး သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ပင်လယ်ကမ်းရိုးတန်းဒေသနေ ပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေရပ်တည်နေထိုင်နိုင်ရန်အတွက် ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းစီမံကိန်းကို ၂၀၁၈ ခုနှစ် မတ်လမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအထိ ၅ နှစ်စီမံကိန်းအဖြစ် ဒိန်းမတ်အစိုးရ၏ ရန်ပုံငွေအထောက်အပံ့နဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

သစ်တောဦးစီးဌာနဟာ ထူးခြားတဲ့ ဂေဟစနစ်တွေနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ ထိန်းသိမ်းကာကွယ်ထားတဲ့ သဘာဝထိန်းသိမ်းရေးနယ်မြေတွေကို အခြေခံပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလျက်ရှိပါတယ်။ မြိတ်ကျွန်းစုရှိ အဏ္ဏဝါဂေဟစနစ်တွေနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေကို ကာကွယ်ထားတဲ့ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၊ ဝါးအလယ်ကျွန်းမှာ ဆောင်ရွက်နေတဲ့ Wa Ale Island Resort ဟာ သဘာဝအခြေခံခရီးသွားလုပ်ငန်းနမူနာ စံပြတစ်ခုဖြစ်ပါတယ်။

**ဦးလှမောင်သိန်း**
**ညွှန်ကြားရေးမှူးချုပ်**
**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**မေး။ ဦးစီးဌာနက အဓိကဆောင်ရွက်နေတဲ့ လုပ်ငန်းတာဝန်တွေကို သိပါရစေ။**

ဖြေ။ ဦးစီးဌာနအနေနဲ့ ကဏ္ဍအသီးသီးမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ပေါင်းစပ်နိုင်ဖို့အတွက် အမျိုးသားအဆင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီအတွင်းရေးမှူးရုံးအဖြစ် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စတွေကို တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွေမှာ ပေါင်းစပ်ဆောင်ရွက်ပေးမယ့် ကြီးကြပ်မှုကော်မတီအသီးသီးအောက်မှာ ခရိုင်အဆင့် ဆပ်ကော်မတီ(၄၆)ခုနဲ့ မြို့နယ်အဆင့် ဆပ်ကော်မတီ(၁၅၂)ခု ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။

**မေး။ ပတ်ဝန်းကျင်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ရှင်းပြပေးပါဦး ခင်ဗျာ။**

ဖြေ။ အခြေခံပညာအဆင့်ကနေ အဆင့်မြင့်ပညာအဆင့်အထိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သင်ခန်းစာတွေထည့်သွင်းနိုင်ဖို့ ပညာရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ရေရှည်အတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက်မူကြမ်းကို ယခု မတ်လကုန်အပြီး UNDP နဲ့ ပူးပေါင်းရေးဆွဲလျက်ရှိပါတယ်။

**မေး။ လူမှုပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဖို့အတွက် EIA ဆန်းစစ်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်ထားရှိမှုကို သိပါရစေခင်ဗျာ။**

ဖြေ။ နိုင်ငံတော်အတွင်း စက်မှုလုပ်ငန်းတွေအပါအဝင် လူမှုစီးပွားဖွံ့ဖြိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်းတွေ အကောင်အထည်ဖော်တဲ့နေရာမှာ သဘာဝနဲ့ လူမှုပတ်ဝန်းကျင်ထိခိုက်မှု မရှိစေဖို့အပြင် ပြည်သူတွေအနေနဲ့ ၎င်းတို့ရဲ့ လူနေမှုဘဝနဲ့ ပိုင်ဆိုင်မှုတွေအပေါ် အကျိုးသက်ရောက်နိုင်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှု

အထူးကဏ္ဍ [ ဃ ] သို့ »»»



(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသထားသည့် ပုလဲအတွဲများကို စိတ်ဝင်တစားကြည့်ရှုနေကြစဉ်။

»»» အထူးကဏ္ဍ [ ဂ ] မှ

အဆင့်ဆင့်မှာ ပူးပေါင်းပါဝင်နိုင်ခွင့်ရှိစေဖို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းစနစ်ကို နိုင်ငံတကာစံနှုန်းနဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းလုပ်ငန်းပေါင်း ၁၂၅၁ ခုအတွက် စိစစ်ပြန်ကြားပေးနိုင်ခဲ့ပါတယ်။

ဦးစားပေးကဏ္ဍတွေဖြစ်တဲ့ သတ္တုကဏ္ဍ၊ ရေနံနဲ့ သဘာဝဓာတ်ငွေ့ဆိုင်ရာကဏ္ဍတွေမှာ EIA လုပ်ငန်းစဉ်တွေကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကဏ္ဍအလိုက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လမ်းညွှန်ချက်တွေကို အပြီးသတ်မူကြမ်းရေးဆွဲပြီး ဖြစ်တဲ့အတွက် မကြာမီ တရားဝင်ထုတ်ပြန်နိုင်မှာ ဖြစ်ပါတယ်။

လေအရည်အသွေးထိန်းချုပ်မှုနဲ့ ရေဆိုးသန့်စင်မှုစနစ် နည်းပညာမိတ်ဆက် အသိပညာပေးခြင်း၊ ထုတ်လွှတ်အခိုးအငွေ့နဲ့ ရေဆိုးတွေကို သတ်မှတ်စံချိန်းစံညွှန်းနဲ့အညီ လိုက်နာဆောင်ရွက်နိုင်ဖို့ ၁၃၂၀ ကြိမ် စစ်ဆေးဆောင်ရွက်နိုင်ခဲ့ပါတယ်။

**မေး။ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်နေမှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ နည်းပညာနဲ့ ငွေကြေးအထောက်အပံ့တွေရရှိနိုင်ဖို့နဲ့ ကမ္ဘာလုံးဆိုင်ရာ အရေးကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်ဖို့တွက် ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ အပြည်ပြည်ဆိုင်ရာနဲ့ ဒေသဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ စီမံကိန်းပေါင်း ၁၉ ခုကို နည်းပညာအထောက်အပံ့ ရှစ်ခု၊ ငွေကြေးထောက်ပံ့မှု ၁၁ ခုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိတဲ့အပြင် GCF ထံကနေ ၂၀၁၈ ခုနှစ်ကုန်ပိုင်းမှာ အစိမ်းရောင်မြို့တော် အစပျိုးဆောင်ရွက်မှု (Green City Initiative) စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သိန်းကျော်နဲ့ အမျိုးသားအဆင့်သတ်မှတ်အာဏာပိုင်အဖွဲ့အစည်း စွမ်းဆောင်ရည်မြှင့်တင်ခြင်းစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သိန်းကျော်ရရှိအောင် ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

GEF မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ စီမံကိန်းသုံးခုအတွက် အမေရိကန်ဒေါ်လာ ၁၂ သန်းခန့်ရရှိအောင် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကမ္ဘာ့ဘဏ်ရဲ့ အကူအညီ အမေရိကန်ဒေါ်လာ သုံးသိန်းကျော်နဲ့ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ လေ့ကျင့်သင်ကြားမှုဗဟိုဌာန တည်ထောင်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၈ မှာ ပြဋ္ဌာန်းထားတဲ့ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုရန်ပုံငွေကို နိုင်ငံတော်ရဲ့ဘဏ္ဍာရေးစည်းမျဉ်းနဲ့အညီ တည်ထောင်နိုင်ဖို့ကို ဆက်စပ်ဌာနတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**ဦးခင်လတ်ကြီး**

**ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန**

**မေး။ သတ္တုကဏ္ဍအနေနဲ့ တတိယ (၁)နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ခဲ့မှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ မြန်မာ့သတ္တုတွင်း နည်းဥပဒေ (အသစ်)ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်မှာ ထုတ်ပြန်ခဲ့ပြီး နည်းဥပဒေအသစ်အရ ပြည်ထောင်စုက ဓာတ်သတ္တုအကြီးစားနဲ့အလတ်စား ခွင့်ပြုမိန့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက ဓာတ်သတ္တုအသေးစားနဲ့ လက်လုပ်လက်စား ခွင့်ပြုမိန့်တွေကို စိစစ်ခွင့်ပြုပေးရမှာ ဖြစ်ပါတယ်။ နည်းဥပဒေတွေ မထုတ်ပြန်မီက ခွင့်ပြုပြီးလုပ်ကွက်တွေမှာ ခွင့်ပြုမိန့်ပါစည်းကမ်းချက်တွေနဲ့အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ စစ်ဆေးနိုင်ဖို့ လုပ်ကွက်လျှောက်ထားမှုတွေကို ယာယီဆိုင်းငံ့ထားခဲ့ရာမှ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၆ ရက်ကစပြီး လုပ်ကွက်အသစ် လျှောက်ထားမှုတွေကို ပြည်ထောင်စုနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြန်လည်လက်ခံစိစစ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

**မေး။ တတိယ (၁)နှစ်တာကာလအတွင်း အမျိုးသားစီမံကိန်း ရည်မှန်းချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုကို သိပါရစေခင်ဗျာ။**

ဖြေ။ အမျိုးသားစီမံကိန်း ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေနဲ့ သတ္တုထုတ်လုပ်မှုမှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ငွေကျပ် ၆၀၀၄၅၈ ဒသမ ၃၂၃ သန်း လျာထားပြီး ငွေကျပ် ၈၄၅၃၇၁ ဒသမ ၁၀၆ သန်းရရှိခဲ့တဲ့အတွက် ၁၄၀ ဒသမ ၇၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

ကျောက်စိမ်းထုတ်လုပ်မှုမှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ငွေကျပ် ၄၂၇၅၁ ဒသမ ၃၆၈ သန်းလျာထားပြီး ငွေကျပ် ၄၀၄၂၆ ဒသမ ၁၃၅ သန်းရရှိခဲ့တဲ့အတွက် ၉၄ ဒသမ ၅၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ကျောက်မျက်ထုတ်လုပ်မှုမှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ငွေကျပ် သန်း ၁၈၉၆၀ လျာထားပြီး ငွေကျပ် ၉၁၀၇ ဒသမ ၆၉၄ သန်း ရရှိခဲ့တဲ့အတွက် ၄၈ ဒသမ ဝ၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။

ပုလဲထုတ်လုပ်မှုမှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ငွေကျပ် ၇၆၇၂၀ ဒသမ ၅၆ သန်း လျာထားပြီး ငွေကျပ် ၁၃၂၆၀၆ ဒသမ ၇၇၂ သန်း ရရှိခဲ့တဲ့အတွက် ၁၇၂ ဒသမ ၈၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် မတ်လအထိ သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက်နဲ့ ပုလဲထုတ်လုပ်မှုတို့မှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုး ငွေကျပ် ၇၃၉၈၈၆ ဒသမ ၈၇၆ သန်းလျာထားပြီး စုစုပေါင်းငွေကျပ် ၁၀၂၇၇၇၄ ဒသမ ၆၈၇ သန်း ရရှိခဲ့တဲ့အတွက် ၁၃၉ ဒသမ ဝ၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။



ရောဝတီမြစ်ရေနမူနာကောက်ယူခြင်းနှင့် ရေအရည်အသွေး တိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။



လှိုင်သာယာမြို့နယ်တွင် လေထုအရည်အသွေးတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။

**ဦးအောင်ညွန့်သိန်း**

**ဦးဆောင်ညွှန်ကြားရေးမှူး၊**

**မြန်မာ့ကျောက်မျက်ရတနာ**

**ရောင်းဝယ်ရေးလုပ်ငန်း**

**မေး။ ၂၀၁၈ ခုနှစ်အတွင်း ကျောက်မျက်ရတနာပြပွဲတွေ ကျင်းပနိုင်ခဲ့မှုကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ ၂၀၁၈ ခုနှစ် ဇွန်လမှာ ယူရိုငွေ၊ နိုဝင်ဘာလမှာ မြန်မာကျပ်ငွေနဲ့ ရောင်းချပွဲတွေကို ကျင်းပခဲ့ပါတယ်။ နိုင်ငံခြားငွေနဲ့ ရောင်းချတဲ့ပြပွဲမှ ကျောက်စိမ်း၊ ကျောက်မျက် အတွဲပေါင်း ၄၃၂၉ တွဲ၊ တန်ဖိုး ယူရို ၃၃၃ ဒသမ ၂၈ သန်းနဲ့ မြန်မာကျပ်ငွေနဲ့ ရောင်းချပွဲမှ ကျောက်စိမ်း၊ ကျောက်မျက် အတွဲပေါင်း ၂၉၁၈ တွဲ၊ တန်ဖိုးငွေကျပ် ၄၂၆၃၅ ဒသမ ၃၈၈ သန်းရရှိခဲ့ပါတယ်။

**မေး။ ကျောက်မျက်ရတနာကဏ္ဍကို ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာ့ကျောက်မျက်ရတနာ မူဝါဒရေးဆွဲနေမှုကို သိပါရစေခင်ဗျာ။**

ဖြေ။ မြန်မာ့ကျောက်မျက်ရတနာ မူဝါဒရေးဆွဲရာမှာ ခွင့်ပြုမိန့်ချထားပေးခြင်း၊ စမ်းသပ်တိုင်းတာခြင်းနဲ့ ထုတ်လုပ်ခြင်း၊ အခွန်စနစ်နဲ့ အခွန်ဝင်ငွေ စီမံခန့်ခွဲမှု၊ တန်ဖိုးမြှင့်တင်ခြင်း၊ အချောထည်ပြုလုပ်ခြင်းနဲ့ ဈေးကွက်၊ သဘာဝပတ်ဝန်းကျင်နဲ့ လူမှုပတ်ဝန်းကျင်ထိခိုက်နစ်နာမှုကို စီမံခြင်းနဲ့ အုပ်ချုပ်စီမံတဲ့ဌာနတွေ ဖွဲ့စည်းခြင်း စတဲ့ မဏ္ဍိုင်(၅)ရပ်ကို အခြေခံပြီး ရေးဆွဲခဲ့ပါတယ်။ ယခုနောက်ဆုံးမူကြမ်းအဖြစ် အတည်ပြုထားတဲ့ မြန်မာ့ကျောက်မျက်ရတနာ မူဝါဒဖော်ပြချက် ၃၆ ခုကို Public Consultancy ကို Online တွင် ပြုလုပ်ခြင်းနဲ့ လုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ကော်မတီ၊ ရုံးဌာန၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းတွေထံ သဘောထားတွေ၊ အကြံပြုချက်တွေတောင်းခံပြီး အပြီးသတ်ရေးဆွဲခြင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနဲ့အညီ ဆောင်ရွက်နေမှုတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - ၄ နဲ့ ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေနဲ့အညီ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေ ရေးဆွဲခြင်းကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ဖို့ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေရေးဆွဲရာမှာ လက်တွေ့ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေနဲ့ ဆီလျော်မှုရှိမယ့်အချက်တွေကို ထည့်သွင်းရေးဆွဲနိုင်ဖို့၊ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ဖို့ ခွင့်ပြုမိန့်လျှောက်ထားခြင်း၊ တူးဖော်ထုတ်လုပ်မှုလုပ်ငန်းတွေ ဆောင်ရွက်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းတွေနဲ့ပတ်သက်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတွေ အကျိုးရေရှည်ဖွံ့ဖြိုးတိုးတက်စေမယ့်အချက်တွေ ထည့်သွင်းရေးဆွဲဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ လျာထားရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ကျောက်မျက် ရတနာဥပဒေအရ အသေးစားနဲ့ လက်လုပ်လက်စား လုပ်ကွက်တွေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ကြီးကြပ်စီမံဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ဝန်ကြီးဌာနက လုပ်ကိုင်ခွင့်ချထားပေးနိုင်တဲ့ လုပ်ကွက်နေရာတွေကို ညှိနှိုင်းသတ်မှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ခန္တီးရတနာနယ်မြေမှာ လက်လုပ်လက်စားကျောက်မျက်ရတနာလုပ်ကွက် ၆၈ ကွက်ကို ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် လုပ်ကိုင်ခွင့်ချထားပေးခဲ့ပြီးဖြစ်ပါတယ်။

မိုးကုတ်၊ မိုင်းရှူး၊ လုံးခင်း၊ ဖားကန့်နဲ့ မော်လူးမော်ဟန် ရတနာနယ်မြေတွေမှာ ကျောက်မျက်ရတနာ လက်လုပ်လက်စားလုပ်ကွက်တွေ ချထားပေးနိုင်ရေးအတွက် အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်ခြင်းနဲ့ လက်လုပ်လက်စား လုပ်ကိုင်ခွင့်ချထားပေးမယ့် ဧရိယာသတ်မှတ်ခြင်းတွေကို ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ လုပ်ကွက်တွေ အကွက်ရိုက်သတ်မှတ်ပြီး လုပ်ကိုင်ခွင့်ချထားပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဘူမိဗေဒလေ့လာရေးနဲ့ ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနက ဆောင်ရွက်နေတဲ့ လုပ်ငန်းတွေကို သိပါရစေခင်ဗျာ။**

ဖြေ။ ဦးစီးဌာနအနေနဲ့ ဘူမိဗေဒမြေပုံရေးဆွဲရေးလုပ်ငန်း၊ ဓာတ်သတ္တုတိုးချဲ့ရှာဖွေစမ်းသပ်တိုင်းတာရေးလုပ်ငန်းနဲ့ ဘူမိဓာတုဗေဒဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ချက်လုပ်ငန်းတွေအပြင် ဘူမိသိပ္ပံနယ်ပယ်ရှိ သုတေသနလုပ်ငန်းတွေကို ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

**ဦးခင်မောင်ဝင်း**

**ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာပညာရှင်**

**မေး။ မြန်မာနိုင်ငံရဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုအပေါ် သုံးသပ်ပြောကြားပေးပါဦး ခင်ဗျာ။**

ဖြေ။ မြန်မာနိုင်ငံဟာ ပတ်ဝန်းကျင်ထိန်းသိမ်းတဲ့လုပ်ငန်းတွေ ဆောင်ရွက်တဲ့နေရာမှာ အရှိန်တစ်ခုနဲ့ သွားနေတယ်လို့ သုံးသပ်မိပါတယ်။ ကမ္ဘာကြီးပူနွေးလာမှုဟာ တစ်ကမ္ဘာလုံးရဲ့ စိန်ခေါ်မှုတစ်ခုဖြစ်သလို မြန်မာနိုင်ငံအတွက် စိန်ခေါ်မှုတစ်ခုလည်း ဖြစ်နေပါတယ်။ မဟာဗျူဟာတွေ၊ ဥပဒေနဲ့ နည်းဥပဒေတွေရေးဆွဲပြီး ပြည်သူတွေ၊ သက်ဆိုင်ရာ စီးပွားရေးအဖွဲ့အစည်းတွေ၊ လူမှုရေးအဖွဲ့အစည်းတွေ၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေက နိုင်ငံတော်နဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုကို နားလည်တဲ့ လူသားအရင်းအမြစ်တွေနဲ့ နည်းပညာတွေက သက်ဆိုင်တဲ့ပညာရှင်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှသာလျှင် အကောင်အထည်ဖော်ဆောင်ရွက်မှုဟာ အောင်မြင်တဲ့ အနေအထားဖြစ်ပါတယ်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အပူချိန်မြင့်တက်မှုဟာ လူသားတွေအတွက် အကျိုးသက်ရောက်မှုရှိသလို သာမန်မျက်စိနဲ့ မမြင်နိုင်တဲ့ ဇီဝပိုးမွှားတွေအပေါ် ကျရောက်တဲ့ သက်ရောက်မှုတွေကြောင့် အပြောင်းအလဲတွေ ဖြစ်လာပြီလား။ အစိုးရအဖွဲ့အစည်းတွေအနေနဲ့ သိတာထက် လူသားတိုင်းသိရှိရမှာဖြစ်ပါတယ်။ မဖြစ်ဖူးသေးတဲ့ ရောဂါပိုးမွှားတွေက ပတ်ဝန်းကျင်ပြောင်းလဲမှုနဲ့အတူ ဖြစ်ပေါ်လာနေပါတယ်။ ဒါတွေက လူ့အသိုင်းအဝိုင်းရဲ့ ခြိမ်းခြောက်မှုတစ်ခုပါ။ ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုတွေကို ပြည်သူတွေက မျက်ခြည်မပြတ်ဖို့နဲ့ ကျယ်ပြန့်တဲ့အမြင်၊ လေးနက်တဲ့ အသိတွေနဲ့ ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်မယ်လို့ အကြံပြုချင်ပါတယ်။

သဘာဝသယံဇာတကဏ္ဍသည် ကျယ်ပြန့်ပြီး ဘက်ပေါင်းစုံပါဝင်နေသည့်အတွက် ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သည့်နေရာတွင် အစိုးရဌာနအဖွဲ့အစည်းများသာမက ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်မှသာ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သည့်၊ မိမိတို့အားလုံးမျှော်မှန်းသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာမည်ဖြစ်သည့်အတွက် အားလုံးလက်တွဲ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လှပေသည်။

❖❖❖

# တိုင်းရင်းသားရေးရာ

မြန်မာ့ဂုဏ်ရည် / အထူးကဏ္ဍ

၈

မေ ၂၀၊ ၂၀၁၉ (စနေနေ့)


# လှမ်းခဲ့စေချင် ကယားတိုင်းရင်းသားတို့၏ ကေ့ထျိုးဘိုး(ခ) ဂန်းခွမ့် (တံခွန်တိုင်) ပွဲတော်ဆီ




ရီရယ်(ဒီးမော့ဆို)


ကယားပြည်နယ်တွင် မှီတင်းနေထိုင်ကြသော ကယားတိုင်းရင်းသားမျိုးနွယ်စုများသည် ရာသီအလိုက်ပွဲတော်များကို မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ အမွေအနှစ်၊ ဓလေ့ထုံးစံသဖွယ် ကျင်းပလျက်ရှိသည့်အနက် နှစ်စဉ် တန်ခူးလ အချိန်အခါတွင် ကေ့ထျိုးဘိုး(ခ) ဂန်းခွမ့်(တံခွန်တိုင်)ပွဲတော်ကို ကျင်းပလျက်ရှိသည်။

ကေ့ထျိုးဘိုး(ခ) ဂန်းခွမ့် (တံခွန်တိုင်)ပွဲတော်သည် ကယားတိုင်းရင်းသားမျိုးနွယ်စုများဖြစ်သော ကယား၊ ကယန်း(ကခေါင်း၊ ယင်းဘော်၊ လထာ၊ ကဲဒြဲ)၊ ယင်းတလဲစသည့် တိုင်းရင်းသားမျိုးနွယ်စုများက ရှေးဘိုးဘွားဘီဘင် လက်ထက်မှစ၍ ခေတ်အဆက်ဆက်ကျင်းပလာကြပြီး ပွဲတော်ကို နှစ်စဉ် တန်ခူးလဆန်း ၁ရက်မှ ၅ရက်အထိ ကျင်းပလျက်ရှိသည်။

တံခွန်တိုင်ပွဲတော် ကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ မိုးလေဝသ မှန်ကန်စေရန်၊ ဆန်ရေစပါးနှင့် ကောက်ပဲသီးနှံဖြစ်ထွန်းအောင်မြင်စေရန်၊ သဘာဝဘေးအန္တရာယ်နှင့် ရောဂါဘယကင်းဝေးစေရန်၊ တိုင်းပြည်အေးချမ်းသာယာပြီး ကမ္ဘာသူ၊ ကမ္ဘာသားများ ငြိမ်းချမ်းပျော်ရွှင်စွာ နေထိုင်နိုင်ရန်ဖြစ်သည်။

**ပွဲတော်ကျင်းပပုံ**

ကေ့ထျိုးဘိုး(ခ) ဂန်းခွမ့် တံခွန်တိုင်ပွဲတော်ကို အများအားဖြင့် တန်ခူးလတွင် ကျင်းပလေ့ရှိသည်။ ပွဲတော်ကိုမကျင်းပမီသုံးရက်မှ ငါးရက်အထိ ကြက်ရိုးထိုးဗေဒင်မေး၍ တိုင်တော်ကိုခုတ်ယူမည့် နေ့ကောင်းရက်မြတ်ကို ရွေးချယ်ရသည်။ တိုင်တော်ကို နံနက်အရုဏ်ဦးအချိန်တွင် ကေ့ထျိုးဘိုးဗျာစယ်(ခ) ဂန်းခွမ့်ပစာခေါ်


အထူးကဏ္ဍ [ ခ ] သို့ »»


# လေးစားထိုက်သည့်ချင်းတောင်တန်းမှ နယ်ချဲ့တိုက်ပွဲဝင်စာဆိုတော်များနှင့် ဇာတိမာန်သီချင်းများ


မင်းလပြည့်(ဟားခါး)


မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့တွင် ရိုးရာဓလေ့နှင့် ယဉ်ကျေးမှုများ၊ ရိုးရာသီချင်းများ၊ စာဆိုတော်ပညာရှင်များ အသီးသီးရှိကြပါသည်။ ၎င်းတို့ထဲတွင် တောင်ပေါ်ဒေသတိုင်းရင်းသားဖြစ်သည့် ချင်းတိုင်းရင်းသားတို့လည်း အပါအဝင်ဖြစ်ပါသည်။ ချင်းတိုင်းရင်းသားများသည် တောင်ကုန်းတောင်တန်း ထူထပ်သောဒေသတွင် မှီတင်းနေထိုင်ကြခြင်း၊ ရာသီဥတုပြင်းထန်သောဒေသတွင် နေထိုင်ကြခြင်း၊ ယခင်ကသားရဲတိရစ္ဆာန်ပေါ်များသော ဒေသတွင် နေထိုင်ကြခြင်းရှိသော်လည်း နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့သည့် သူ့ကျွန်မခံလိုသည့် စိတ်ဓာတ်များရှိသော်လည်း လူသားပီပီနူးညံ့သော စိတ်နှလုံးသားပိုင်ရှင်များလည်း ဖြစ်ပါသည်။

၎င်းတို့ထဲမှ သခင်မကြီးဒေါ်ချယ်လောထုံ၏ "ပွဲခွိုခေါ်လမ်း"(ပြည်ထောင်စုကြီးလမ်းခရီး)သီချင်းနှင့် စစ်သည်စာဆို ဗိုလ်ကမ်စွတ်တို့၏ စစ်သီချင်းများမှာလည်း ထင်ရှားလှပါသည်။

လိုရုံးရွာသူ ချင်းမျိုးချစ်သခင်မကြီး ဒေါ်ချယ်လောထုံသည် လွတ်လပ်ရေးတိုက်ပွဲ၌ ဘဝကို မြှုပ်နှံထားသူဖြစ်သည်။ သခင်နိုင်ငံရေးခေတ်၌ သခင်မကြီးဒေါ်ထုံအဖြစ် လှုပ်ရှားဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် ညီညွတ်သော ဖဆပလခေတ်တွင် ပြည်သူ့ရဲဘော်အဖွဲ့၏ ချင်းရဲမေခေါင်းဆောင်ဖြစ်သည်။

**သခင်မကြီးဒေါ်ချယ်လောထုံသည် ချင်းရိုးရာတေးသီချင်းများ၌ အထူးပင်ကျွမ်းကျင်ထူးချွန်သည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုအတွက် တေးသီချင်းများ ဖွဲ့ဆိုလှည့်လည်ဟောပြောခြင်းဖြင့် ထိရောက်အောင်မြင် စည်းရုံးနိုင်သည်။ ချင်းရိုးရာစစ်ဝတ်စုံကို မချွတ်တမ်းဝတ်ဆင်နေထိုင်လေ့ရှိသည်။ သခင်မကြီး ဖွဲ့နွဲ့သီဆိုခဲ့သည့် လူထုစည်းရုံးရေးနှင့် အမျိုးသားရေးတေးသီချင်းပေါင်းပုဒ်ရေ ၁၀၀၀ ကျော်ရှိ**

ချင်းတောင်အမျိုးသမီးအဖွဲ့ချုပ်၏ဥက္ကဋ္ဌလည်း ဖြစ်သည်။ ချင်းရိုးရာတေးသီချင်းများ၌ အထူးပင် ကျွမ်းကျင်ထူးချွန်သည်။ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုအတွက် တေးသီချင်းများ ဖွဲ့ဆိုလှည့်လည်ဟောပြောခြင်းဖြင့် ထိရောက်အောင်မြင်စွာစည်းရုံးနိုင်သည်။ ချင်းရိုးရာစစ်ဝတ်စုံကို မချွတ်တမ်း ဝတ်ဆင်နေထိုင်လေ့ရှိသည်။ သခင်မကြီး ဒေါ်ချယ်လောထုံဖွဲ့နွဲ့သီဆိုခဲ့သည့် လူထုစည်းရုံးရေးနှင့် အမျိုးသားရေးတေးသီချင်းပေါင်းပုဒ်ရေ ၁၀၀၀ ကျော်ရှိသည်ဟု ဆိုသည်။ သခင်မကြီး၏ တေးသီချင်းများစွာအနက် စာဖြင့် မှတ်တမ်းတင်ထားသည့် သီချင်းတစ်ပုဒ်ကိုသာ မြန်မာပြန်ဖော်ပြနိုင်ပါသည်။ ယင်းသီချင်းမှာလည်း ဆရာကြီးဦးသိန်းဖေမြင့်၊ သခင်မကြီး ဒေါ်ချယ်လောထုံ၏ တောရွာနေအိမ်သို့ ရောက်ရှိစဉ် သီဆိုပြခဲ့သည်ကို ဝိသေသတိုင်းသမိုင်းအစစာအုပ်တွင် မှတ်တမ်းတင်ရေးသားထားပါသည်။ သီချင်းမှာ-

**ပင်လယ်ရေပြင်၊ ခြေထောက်တင်၍**
**ကောင်းကင်တောင်ထိပ်၊ ခေါင်းအုံးအိပ်သည့်**
**ဂုဏ်ဟိတ်မြင့်မား၊ မြန်မာများသည်**


အထူးကဏ္ဍ [ ခ ] သို့ »»

»» အထူးကဏ္ဍ [ က ] မှ

**မွေးဖွားမိခင်၊ တစ်ရင်ခွင်၌**
**တူယှဉ်သက်ဆင်း၊ သွေးသားရင်းလျှင်**
**ဖြစ်ခြင်းအစ၊ ရှိကြ၏**
**တစ်မိတည်းဖွား၊ သွေးချင်းများသည်**
**မြင့်မားဂုဏ်ဒြပ်၊ မင်းမြတ်သမ္မတ**
**ထိုမှအစ၊ ဆင်းသက်ကြ၍**
**ကာလရှည်လျား၊ မင်းဆက်များစွာ**
**ဆွေသားညီနောင်၊ တိုင်းပြည်ထောင်လျက်**
**ဦးဆောင်ရှေ့က၊ လမ်းညွှန်ပြသည့်**
**ကိုယ့်အရှင်နှင့်၊ သခင်နှင့်**
**ရေမြေသခင်၊ ကိုယ့်အရှင်နှင့်**
**ပြည်ခွင်ကြီးကျယ်၊ ဝပြောကြွယ်လည်း**
**ပင်လယ်ရပ်ခြား၊ တိုင်းတစ်ပါး၏**
**တောကျားစဉ်းလဲ၊ အရိပ်ကဲကို**
**ပြည်ထဲဦးသျှောင်၊ ရွှေနန်းဆောင်က**
**မြင်အောင်မကြည့်၊ ယှဉ်မညှိဘဲ**
**ကိုယ်၏အတ္တ၊ ကိုယ့်မာနနှင့်**
**သူကဖြူလျှင်၊ ငါမည်းချင်ကြ**
**အမြင်ထွင်းဖောက်၊ မစူးရောက်ဘဲ**
**ခေတ်နောက်ကျန်ရစ်၊ ဉာဏ်မသစ်၍**
**လူညစ်မျိုးခြား၊ တိုင်းတစ်ပါး၏**
**ဖဝါးကျွန်အောက်၊ ပြားပြားမှောက်သည့်**
**သားပေါက်ကျွန်ကျေး၊ ဖြစ်ရသေးသည်**
**မသွေးစည်းခဲ့ကြခြင်းကြောင့်။**
**ဟေ့**
**ငါတို့မြန်မာ၊ ဆိုသည်မှကား**
**အာဇာနည်မျိုး၊ ဘုန်းတန်ခိုးနှင့်**
**မညှိုးတေဇာ၊ ဂုဏ်လင်းဖြာမြဲ**
**ကမ္ဘာမကျေ၊ သွေးဆူဝေ၍**
**ကိုယ့်မြေကျူးကျော်၊ မသူတော်နှင့်**
**မောက်မော်စော်ကား၊ နယ်ချဲ့များကို**
**ဆောင်ခါးကိုဆွဲ၊ သေနတ်စွဲ၍**
**တိုက်ပွဲဝင်ကြ၊ တွန်းလှန်ကြ၏**
**ကာလမခြား၊ မရပ်နားဘဲ**
**ကြိုးစားရှက်ဆောင်၊ ပြည်ချစ်မောင်တို့**
**မှန်အောင်ရှေ့က၊ လမ်းညွှန်ပြလျက်**
**ပြည်မတောင်တန်း၊ တစ်စိတ်ဝမ်းနှင့်**
**လွတ်လမ်းဖွေရှာ၊ ခရီးတာ၌**
**အာဇာနည်သွေး၊ ဆေးဖြင့်ရေးသည့်**
**လွတ်လပ်ရေးကြီးရခဲ့၏**
**လွတ်လပ်ခဲ့ပြီး၊ မြန်မာပြည်ကြီး**
**ဝေစည်သာယာ၊ ဘေးဘယာကင်း**
**လိုရာဆန္ဒ၊ ပြုနိုင်ကြသော်**
**ရှေ့ကစွန့်စား၊ ပုဂ္ဂိုလ်များကား**
**တောကြားတောင်ကြား၊ မထင်မရှားနှင့်**
**နွမ်းပါးချို့တဲ့၊ ဥစ္စာမဲ့လည်း**
**တကယ့်တိုက်ပွဲ၊ ချောင်ခိုလွှဲတို့**
**သူပဲစွန့်ယောင်၊ စကားဖောင်၍**
**ရွှေရောင်ငွေရောင်၊ ဝါဝင်းပြောင်သည်**
**ပြည်ထောင်စုကြီးလမ်းခရီး။ ။**

အခြားစာဆိုတော်တစ်ဦးမှာ ဦးကမ်စွတ်ဖြစ်ပါသည်။ ဦးကမ်စွတ်သည် ဘွင်မန်ရွာဇာတိဖြစ်၏။ ဗိုလ်ခိုင်ကမ်း၏ တပ်၌ တပ်မှူးတစ်ဦးဖြစ်သည်။ ကန်ပုလဲရွာတိုက်ပွဲ၊ မြေနီတောင်တိုက်ပွဲ၊ အိုင်ကျစ် (သိုင်းငင်း)တိုက်ပွဲများ၌ ဦးဆောင်တိုက်ခိုက်ခဲ့သူဖြစ်သည်။ ဦးထာနွမ်းဦးစီး၍ ရှာလ်လုမ်ခံတပ်ကိုတည်ဆောက်နေစဉ် အင်္ဂလိပ်တပ်များ မကပ်နိုင်အောင် ကြားဖြတ်တိုက်ခိုက်ရန် တာဝန်ယူရသည်။ ရှာလ်လုမ်ခံတပ်သို့ ချီတက်လာသည့် ဗြိတိသျှတပ်ကိုတိုက်ခိုက်သည့် ညတိုက်ပွဲတွင် ၎င်း၏အစ်ကိုရင်း ဦးဆွမ်ထွမ်း ကျဆုံးသွားခဲ့သည်။ အစ်ကိုရင်းအတွက် လက်စားချေရန် အကွက်ချောင်းနေခဲ့သည်။ တစ်နေ့တွင် ထုတ်လိုင်ရှိ အင်္ဂလိပ်တပ်အသွားအလာကို စုံစမ်းပြီး တစ်ကိုယ်တည်းထွက်လာခဲ့သည်။ ထုတ်လိုင်သို့ ပြန်ဝင်လာသည့် ဗိုလ်မှူးစတီဗင် ဦးစီးတပ်ကိုစောင့်ကြိုပြီး ဗိုလ်မှူးစတီဗင်ကို ပစ်သတ်လိုက်သည်။ အင်္ဂလိပ်တို့သည် ထုတ်လိုင်ကိုသိမ်းပြီးထုတ်လိုင်မြို့အုပ်အဖြစ် ဦးထွန်းဝင်း ဆိုသူကို ခန့်ထားသည်။ ဗိုလ်ကမ်စွတ်၏ တပ်ဖွဲ့သည် ဆွောင်ဖုန်း တောင်ကုန်းတိုက်ပွဲ၌ စစ်သည် ၂၉ ဦးကို ပစ်သတ်နိုင်ခဲ့သည်။ များမကြာမီ ဦးကမ်စွတ် အဖမ်းခံရသည်။ ရန်သူစခန်းမှ ထွက်ပြေးလွတ်မြောက်ပြီး ဗိုလ်ခိုင်ကမ်းနှင့်အတူ ခြောက်နှစ်လုံးလုံး တိုက်ပွဲဝင်သည်။ ၁၈၉၄ ခုနှစ်တွင် ဦးကမ်စွတ်၊ ဗိုလ်တွမ်ထောင်၊ ဦးပေါင်ဒါးလ်၊ ဦးကမ်လျှန်၊ ဦးဒိုလျှန်တို့နှင့်အတူ ဖမ်းဆီးခံရပြီး အားလုံး မြင်းခြံထောင်မှာပင် ကွယ်လွန်သွားကြသည်။

ဦးကမ်စွတ်သည် နယ်ချဲ့တပ်မှူးဗိုလ်မှူးစတီဗင်ကို သတ်ဖြတ်စဉ်က "ဂါလ်အိုက်ပွဲ"ခေါ် (အောင်ပွဲ) လက်စားချေပွဲကျင်းပသည့် ဓလေ့ရှိခဲ့သည်။ ထိုပွဲတွင် ကွယ်လွန်သွားသူများအတွက် ရည်စူးပြီး ဝါးကျည်တောက်၌ ခေါင်ရည်ထည့်ထားသည်။ သေဆုံးခဲ့ပြီးသူတစ်ဦးချင်း၏ ဝိညာဉ်(လိပ်ပြာ)နာမည်ကိုခေါ်၍ ခေါင်ရည်သောက်ကြွပါရန် ဖိတ်ခေါ်ရသည်။ ထိုလက်စားချေအောင်ပွဲတွင် ဗိုလ်ကမ်စွတ်သည် အစ်ကိုဖြစ်သူကိုအော်ခေါ်ရင်း ဤတေးသီချင်းကို သီဆိုခဲ့သည်။

**အဖအရာ၊ အားကိုးစာဖြင့်**
**ရင်မှာစွဲချစ်၊ အစ်ကိုဖြစ်၏**
**လူညစ်ရမ်းကား၊ တိုင်းခြားသားနှင့်**
**ကုလားဖြူမည်း၊ သူ့လက်ထဲ၌**
**ခွဲခွာခဲ့ကြ၊ စွန့်ခဲ့ရ၍**
**သောကဖိစီး၊ အပူမီးသည်**
**မြေကြီးအထုမျှတကား။**
**ကမ္ဘာကျေလည်း၊ ငါမကျေခဲ့**
**ငါ့မြေရင်ရှာ၊ ကျူးကျော်လာသူ**
**ပြည်ရွာတိုင်းခြား၊ တစ်ပါးသားကို**
**ငါကားယခု၊ စစ်ပြန်ပြု၍**
**ရန်သူ့ခေါင်းအား၊ ငါ့ဆောင်ခါးဖြင့်**
**ပိုင်းခြားဖြတ်ယူ၊ တံခွန်ထူလျက်**
**ဝူးဝူးဝူးဝူ၊ ငါဟစ်အူသော်**
**လူဖြူကုလား၊ လွန်ချောက်ချားလျက်**
**သူ့သားမယား၊ ဗျာပါပွားလျက်၍**
**ပြေးလွှားငိုကြွေး၊ မြင်ယောင်သေးသည်**
**ညီလေးလက်စားချေခဲ့ပြီ။**
**နောင်တော့်အတွက်၊ ညီချစ်လက်ဖြင့်**
**ဆက်ဆက်လက်စား၊ ချေခဲ့ထားပြီး**
**သိကြားစေရန်၊ စိတ်ရည်သန်၍**
**ထုံးစံအလိုက် "ဂါလ်အိုက်ပွဲ"ကို**
**ဆင်နွှဲကျင်းပခဲ့ပါပြီ။**
**ဂါလ်အိုက်ပွဲ**
**ပြုမြဲထုံးစံမျိုးနွယ်ဟန်ကို**
**မြင်ရန်ကြွရောက်၊ ခေါင်ရည်သောက်လော့**
**ကျည်တောက်အပြည့်၊ ခေါင်ရည်ဖြည့်လျက်**
**အမိအဖ၊ သင်္ဂဟနှင့်**
**နမည်ထွေး၊ မျိုးနွယ်သွေးတို့**
**ချိုမွှေးခေါင်ရည်၊ ခွက်ကိုယ်စီနှင့်**
**စုံညီစုဝေး၊ အောင်ပွဲပေးသည်**
**မနေးအလျင်၊ ပွဲခွင်ဝင်၍**
**ပျော်ရွှင်ဆင်နွှဲလှည့်ပါတော့။ ။**

ဤကဲ့သို့ ဘာသာပြန်ဆိုသော်လည်း ဗိုလ်ကမ်စွတ်၏ မူရင်းသီချင်းရသကို မီလိမ့်မည်မဟုတ်ပါ။ ကျူးကျော်သူများကို အနိုင်မခံ၊ အရှုံးမပေးသည့် သံမဏိစိတ်ဓာတ်ကို ဖော်ကျူးသည့် သီချင်းဖြစ်၍ ချင်းတိုင်းရင်းသားတို့၏ ရင်ထဲ၌ အမြဲတည်ရှိနေမည်ဖြစ်သည်။နောင်တွင်လည်း မျိုးချစ်စစ်သည် ရဲဘော်၊ ရဲမေများ၏ ခံစားချက်တေးကဗျာများကိုလေ့လာနိုင်စေရန် ဖော်ပြလိုပါသေးသည်။ ချင်းတိုင်းရင်းသားတို့၏ စာပေ၊ ကဗျာ၊ သီချင်း၊ အနုပညာအရာ၌လည်း နိမ့်ကျမှုမရှိကြောင်း သီချင်းများက သက်သေပြနေပါတော့သည်။ ။

»» အထူးကဏ္ဍ [ က ] မှ

တံခွန်တိုင်အကြီးအကဲက ခုတ်ယူမည့် အပင်ကို ကွမ်းသီးကွမ်းရွက်၊ ဖယောင်းတိုင်၊ အမွှေးတိုင်တို့ဖြင့် ပူဇော်ပြီး ဆုတောင်းတိုင်တည်ပြီးမှ ခုတ်ယူရသည်။

တိုင်တော်ခုတ်ယူရာတွင် သပြေပင်ကို ရွေးချယ်ခုတ်ယူရမည်ဖြစ်သော်လည်း သပြေပင် ရှားပါးလာသောအခါ ခိုင်ခံ့စေရန်အတွက် ကျွန်းပင်၊ အင်ပင်တို့ကို အသုံးပြုလာကြသည်။ ခုတ်ယူသောတိုင်တော်သည် အပြစ်အနာဆာကင်းပြီး ဖြောင့်တန်းနေသောတိုင်တော်ဖြစ်ရမည်။ နွယ်ပင်များရစ်ပတ်နှောင်ဖွဲ့ထားခြင်း၊ ကြွက်၊ ငှက်များအသိုက်ဆောက်လုပ်ထားခြင်း၊ ကျီးကန်း၊ လင်းတငှက်တို့ နားခိုခြင်းရှိပါက ခုတ်ယူခြင်း မပြုရပေ။ ခုတ်ယူထားသောတိုင်တော်ကို ရွာသားများစုပေါင်းလုပ်အားဖြင့် အချောသပ်ကာ ရွာအတွင်းသို့ ထမ်း၍ သယ်ဆောင်လာကြသည်။

တံခွန်တိုင်ခုတ်ယူသယ်ဆောင်ရာတွင် အမျိုးသမီးများနှင့် ဓလေ့အရအိမ်တွင်း မသန့်ရှင်းသော သူများ၊ အိမ်တွင် ကြက်လေးစပေါက်သော မိသားစုဝင်များပါဝင်ခြင်း မပြုရပေ။ ရွာထိပ်သို့ရောက်လျှင် ရွာအတွင်းကျန်ရှိသော သက်ကြီးရွယ်အိုများက ဗုံမောင်းဖြင့် ကြိုဆိုပြီး အမျိုးသမီးများက သပြေခက်တို့ဖြင့် အမွှေးနံ့သာရည် ပက်ဖျန်းကာ ကြိုဆိုကြသည်။ သတ်မှတ်ထားသောနေရာရောက်လျှင် တိုင်တော်ကိုလယ်ယာရစ်လှည့်၍ စနစ်တကျနေရာချထားရသည်။ လူနှင့်တိရစ္ဆာန်များ မကျော်ခွနိုင်ရန်အတွက် အမြင့်တစ်နေရာတွင် တင်ထားရပါသည်။ တိုင်တော်ခုတ်ယူပြီးနောက်နေ့တွင် ထီးတော်ကိုပြင်ဆင်ကြရသည်။



ထီးတော်ပြင်ပြီးနောက်နေ့ နံနက်အရုဏ်ဦးအချိန်တွင် ဗုံမောင်းပလွေများအားတီးမှုတ်ပြီး တိုင်တော်ကိုစိုက်ထူကြသည်။ စိုက်ထူပြီးသည်နှင့် တံခွန်တိုင်အကြီးအကဲက ဆုတောင်းတိုင်တည်ပြီး တိုင်တော်အားဂါရဝပြုကြကာ ဖိတ်ကြားထားသော ဧည့်သည်တော်များသည်လည်း ကျေးရွာအလိုက် လာရောက်ဂါရဝပြုကြသည်။ ပွဲတော်ကြီးသည် တိုင်တော်စိုက်ထူပြီးသည့်နေ့ ညပိုင်းတွင် ပြီးဆုံးသွားပါသည်။

တံခွန်တိုင် တိုင်တော်အားရှစ်မြှောင့်(သို့) ခြောက်မြှောင့်ဖြစ်အောင် ပြုလုပ်ရပြီး အဖိုတိုင်ဖြစ်လျှင် ငါးရက်ထားရ၍ အမတိုင်ဖြစ်လျှင် သုံးရက်ထားလေ့ရှိသည်။ အဖိုတိုင်မှာ ၂၅ ပေမှ အများဆုံး ၄၅ ပေထိရှည်၍ အမတိုင်မှာ အနည်းဆုံး ၁၂ ပေမှ အများဆုံး ၂၅ ပေထိ ရှည်လျားသည်။

**ကေ့ထျိုးဘိုး(ခ) ဂန်းခွမ့်တိုင်တော်၏ လက္ခဏာများ**

ကေ့ထျိုးဘိုးတိုင်တော်ကို အပေါ်မှအောက်ထိကြည့်လျှင် နေ၊ လ၊ ကြယ်၊ ဂြိုဟ်လေးစင်း၊ စပါးပင်၊ ဝါးရေဘူး၊ ဟင်္သာသိုက်၊ ငှက်ပျောဖူး၊ သပြေရွက်၊ သင်းခွေချပ်ကြေးခွံ၊ ငါးဖြူ၊ ဝက်ဖြူနှုတ်ခမ်း၊ လျှပ်စီးကြောင်း၊ လျှပ်စီးလက်၊ ဆင်ဖြူစွယ်၊ ကျောင်းတော်၊ ကမ္ဘာမြေ၊ တိုင်တော်၊ ပင့်ကူအိမ်လုံး၊ တံခွန်တိုင်ရွက်၊ ပင့်ကူအိမ်လုံးရှည်နှင့် ကမ္ဘာအောက်ဂြိုဟ်သုံးစင်း စသောလက္ခဏာများ တွေ့ရသည်။

**ကေ့ထျိုးဘိုး(ခ) ဂန်းခွမ့်၏ အဓိပ္ပာယ်**

ကေ့ထျိုးဘိုးသည် ကယားဘာသာဖြစ်ပြီး ကေ့-ပိုင်နက်နယ်မြေ/ တိုင်းနိုင်ငံ၊ ထျိုး- ဖြစ်မြောက်အောင်မြင်ခြင်း၊ ဘိုး-အတိုင်းအတာ/ ဝင်ရိုးဟူသော တိုင်းနိုင်ငံ၊ ပိုက်နက်နယ်မြေဖြစ်မြောက်ခြင်းတိုင်တော်ဟု အဓိပ္ပာယ်ရပါသည်။

ဂန်းခွမ့်သည် ကယန်းဘာသာဖြစ်ပြီးဂန်း- ပိုင်နက်နယ်မြေ/ တိုင်းနိုင်ငံ၊ ခွမ့်-ဗေ့တော်ဟူ သော ပိုင်နက်နယ်မြေ၏ ဗေ့တော်ဟု အဓိပ္ပာယ်ရပါသည်။

**စုပေါင်းတံခွန်တိုင်ပွဲတော် စတင်ကျင်းပခြင်း**

ရှေးယခင်ကတည်းက တံခွန်တိုင်ပွဲတော်ကို ကျေးရွာအလိုက်ကျင်းပကြပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ဓလေ့ထုံးစံများ မပျောက်ကွယ်စေရန်အတွက် ၁၉၅၈ ခုနှစ် ဧပြီ ၂၆ ရက်တွင် ပြည်နယ်အစိုးရအဖွဲ့များဖြစ်ကြသော မဟာသရေစည်သူ ဦးစိန်၊ သီရိပျံချီဦးအေးမြတ်လေး၊ ဝဏ္ဏကျော်ထင်၊ ဦးဘူးရယ်၊ ဝန်ကြီးစပ်ဝဏ္ဏတို့ ဦးစီး၍ တစ်ပြည်နယ်လုံးဆိုင်ရာ စုပေါင်းတံခွန်တိုင်ပွဲတော်ကြီးကို ဒီးမော့ဆိုမြို့နယ် ဒေါတငူး(ရှေ့)ကျေးရွာတွင် စတင်ကျင်းပခဲ့သည်။

တိုင်းရင်းသားလူမျိုးများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိပြီး စည်းလုံးညီညွတ်မှု အားကောင်းလာစေရန်၊ တိုင်းရင်းသားလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များဖော်ထုတ်ပြသနိုင်ရန်၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို လေးစားတန်ဖိုးထားပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ပေးနိုင်ရန်၊ တိုင်းရင်းသားလူမျိုးများငြိမ်းချမ်းသာယာစွာ အတူတကွ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရန် ရည်ရွယ်၍ စုပေါင်းတံခွန်တိုင်ပွဲတော်ကို ကျင်းပလာခဲ့ကြသည်။

**လာရောက်လေ့လာနိုင်**

ယခုဆိုလျှင် ကယားပြည်နယ်လုံးဆိုင်ရာ (၆၁)ကြိမ်မြောက် စုပေါင်းကေ့ထျိုးဘိုး(ခ) ဂန်းခွမ့်တံခွန်တိုင်ပွဲတော်ကို ဧပြီ ၅ ရက်မှ ၉ ရက်အထိ ဒီမော့ဆိုမြို့နယ် ဒေါခလိုက်လင်းကျေးရွာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကယားတိုင်းရင်းသားမျိုးနွယ်စုတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ၊ ရိုးရာဝတ်စားဆင်ယင်မှုများ၊ ပွဲတော်ကျင်းပနေမှုများကို လာရောက်လေ့လာနိုင်ကြောင်း ဖိတ်ခေါ်၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

**[စာတည်း]**

»»» အထူးကဏ္ဍ [ ဃ ] မှ

တို့က"ထားနားတင်"ဟု ပြောသည်။ သို့ရာတွင် တောင်ရိုးတို့၏ ထားနားတင်ဟူသော ခရီးသည် တော်တော်နှင့် မရောက်နိုင်သဖြင့် "ပမာ(ဗမာ)ဟိုနားတစ်နေ့သွား၊ တောင်ရိုး ထားတင်တစ်နေဝင်"ဟု ဆိုစမှတ်ပြုကြပေသည်။ တောင်ရိုးတို့ပြောသော ကာလသား ထွက်ချိန်သည် လူပျိုကိုဆိုလိုခြင်း မဟုတ်၊ သူခိုးကိုခေါ်ခြင်းဖြစ်သည်။

**တောင်ရိုးစာပေနှင့်အရေးအသား**

တောင်ရိုးတို့၏ ကိုယ်ပိုင်ဆက်သွယ်ရေးကိရိယာသည် တောင်ရိုးဘာသာစကားပင်ဖြစ်သည်။ ဘာသာစကားကို အခြေခံ၍ မြန်မာအက္ခရာသုံးနှုန်းကာ တောင်ရိုးစာပေအနုပညာတို့ ဖွံ့ဖြိုးတိုးတက်ခဲ့ခြင်းပင်ဖြစ်သည်။တောင်ရိုးတို့သည် ရှေးမြန်မာ(ပေါရာဏ) ပုဂံခေတ် မြန်မာစကားပုံ အသုံးအနှုန်းမျိုး ပြောဆိုကြသည်။ ယင်းစကားကို ယခုအခါ အသံကွဲမြန်မာစကားတစ်မျိုးဟုလည်း ဆိုကြပါသည်။ တောင်ရိုးတို့၏ ရိုးရာယဉ်ကျေးမှု ထုံးတမ်းစဉ်လာ ဘာသာစကားတို့သည် မြန်မာတို့နှင့်လည်း မခြားပေ။ မြန်မာနှင့်တောင်ရိုးသည် အက္ခရာစာပေလည်း တစ်ထပ်တည်း တူညီကြပေသည်။ မြန်မာစာကိုပင် ရေးသားအသုံးပြုကြသည်။ ဂဏန်းသင်္ချာကို ရေးသားဖော်ပြရာတွင်မူ ထူးခြားမှုရှိနေသည်။ အာလူးအချိန်ပိဿာတစ်ဆယ်ကို"၁ဝါ"ဟု ရေးသည်။ အရေအတွက်ကို အခေါ်အဝေါ်အတိုင်းရေးခြင်းဖြစ်ပေသည်။ စာပေကိုမူ မြန်မာအက္ခရာဖြင့် တောင်ရိုးဘာသာစကားအတိုင်း ရေးသားလေ့ရှိကြောင်း တွေ့ရသည်။

**ယုံကြည်ကိုးကွယ်မှု**

တောင်ရိုးတို့သည် ဗုဒ္ဓဘာသာကို အများစုကိုးကွယ်ကြသည်။ တောင်ရိုးတို့ဘာသာတရားကိုင်းရှိုင်းမှုနှင့် အလှူအတန်းရက်ရောမှုကို တောင်ရိုးတို့ဒေသရှိဘာသာရေး အဆောက်အအုံများ ကြီးကျယ်ခမ်းနားမှုကို မြင်တွေ့ရုံဖြင့် သိနိုင်သည်။ တောင်ရိုးတို့သည် ဘာသာရေးဆိုင်ရာ ပွဲတော်များကို ရာသီအလိုက်ကျင်းပကြကြောင်းလည်း တွေ့ရသည်။

တောင်ရိုးတို့ဒေသ၏ ထူးခြားသော ဘာသာရေး ဓလေ့တစ်ခုမှာ ငါးကျောင်းဒကာနှင့် ဆွမ်းလှည့်သတ်မှတ်ခြင်းဖြစ်သည်။ ငါးကျောင်းဒကာဆိုသည်မှာ ဒေသအတွင်းရှိ ရွာစဉ်အလိုက် ရွာငါးရွာလျှင် ဘုန်းကြီးကျောင်းတစ်ကျောင်းနှုန်း ဆွမ်း၊ ကွမ်း ကိစ္စများကို တာဝန်ယူလှူဒါန်းဆောင်ရွက်ပေးခြင်း ဖြစ်သည်။ အချို့ဒေသတွင်မူ ငါးကျောင်းဒကာဟု ဆိုသော်လည်း ရွာငါးရွာမဟုတ်ဘဲ ခြောက်ရွာ၊ ခုနစ်ရွာ စသည်ဖြင့်လည်း ရှိတတ်ပေသည်။ ဆွမ်းလှည့်ဆိုသည်မှာ မိမိတို့ရွာများမှ ကိုးကွယ်ပူဇော်နေကြသော ဘုန်းကြီးကျောင်းမှ သံဃာတော်များအား နေ့စဉ်အလှည့်ကျ ဆွမ်း၊ ဆွမ်းဟင်းများချက်၍ လှူဒါန်းရန်အတွက် တစ်အိမ်ကိုတစ်လလျှင် တစ်ရက်၊ နှစ်ရက် စသည်ဖြင့် အလှည့်ကျသတ်မှတ်ပေးထားခြင်းဖြစ်သည်။



**တောင်ရိုးတို့၏မော်အေးလင်္ကာ**

တောင်ရိုးလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည့် အလျောက် ဘာသာရေးနှင့်ပတ်သက်သော ပွဲတော်များကိုလည်းအချိန်အခါအလိုက် ကျင်းပလေ့ရှိကြသည်။ တန်ခူးလတာတက်ပွဲ၊ ကဆုန်လညောင်ရေသွန်းပွဲနှင့် ဆွမ်းလောင်းပွဲ၊ ဝါဆိုလ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ တရားစခန်းပွဲတို့ကို ပြုလုပ်လေ့ရှိကြသည်။ အထူးသဖြင့် သင်္ကြန်အပြီး ကျင်းပသောတာတက်ပွဲမှာ အကြီးမားဆုံးနှင့် ပျော်စရာအကောင်းဆုံးပွဲတော်ဖြစ်သည်။

တောင်ရိုးလူမျိုးတို့တွင် ယနေ့လက်စွဲအသုံးပြုနေသော မော်အေးချင်းလင်္ကာ၊ ရှင်ပြုပွဲရှိုးလိုက်ရတု စသည်တို့ကို တွေ့ရှိရခြင်းမှာ စာပေအခိုင်အမာရှိသော လူမျိုးတစ်မျိုးဖြစ်သည်ကိုဖော်ညွှန်းနေပါသည်။ တောင်ရိုးတို့၏ စာပေအနုပညာတွင် မော်အေးချင်းသည် အနုပညာပါသော လင်္ကာပင်ဖြစ်သည်။ မော်အေးလင်္ကာတွင် ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ မောင်ဖွဲ့၊ မယ်ဖွဲ့၊ ကျေးလက်တောရွာဓလေ့နှင့် ကိုယ်ရည်သွေးမှုများကို ဖွဲ့နွဲ့ရွတ်ဆိုကြပါသည်။ ဤသို့ တင့်ဆန်းဝေဆာခဲ့သော စာပေအဆင့်အတန်းများသည် တောင်ရိုးတို့စာပေအနုပညာ မြင့်မားခဲ့မှုကို ပြသနေပါသည်။ တောင်ရိုးစာပေအနုပညာ၏ အမြုတေလက်ရာများသည် သက်ဆိုင်ရာစာပြုစာဆိုတို့၏ ကျေးဇူးနှင့် လုံးဝမကင်းလွတ်ချေ။ တောင်ရိုးစာပေအနုပညာ၏ ကြီးမားသော စွမ်းဆောင်ချက် တစ်စွန်းတစ်စဟု ဆိုနိုင်ပါသည်။

တောင်ရိုးတို့ မော်အေးလင်္ကာသီဆိုပုံမှာ ဗုဒ္ဓဝင်တောထွက်ခန်းကို "အလှမင်းမျိုးသူတောထွက်တယ်၊ နေ့ဆယ(နှစ်ဆယ့်)ကိုး၊ မင်းမျိုးစစ်လဲ၊ မင်းဖြစ်ပျင်းလို့(မင်းပြုရန် ငြီးငွေ့လို့)၊ ချက်ချင်းစုကာ၊ သန်းခေါင်ညမှာ၊ သာ-သာမလို့၊ ထလေငြား၊ အများအိပ်မွေ့(အိပ်ပျော်)၊ ပျိုတော်ပေါင်းမောင်းမတွေ၊ သူသေနှယ်ပဲ၊ ပါးစပ်လျှာနဲ့ အာကိုတက်၊ ပေါင်ထွက်ဒူးဖော်၊ တချို့မှာလည်း အိပ်နေကြတယ်၊ လုတ်တိုင်းအလား(သင်္ချိုင်းအလား)၊ အိပ်လို့နေတယ်၊ သူသေလား၊ မြင်ငြားလေသော်" ဟူ၍ ဖွဲ့ဆိုမော်အေးသည်။ ဤနေရာတွင် သင်္ချိုင်းကို လုတ်တိုင်း အခေါ်အဝေါ်သည် စာရေးသူတို့ဒေသရှိ ခူမီးလူမျိုးအခေါ်နှင့် တူညီနေမှုတစ်ရပ်ကိုလည်း သိရှိစေလိုပါသည်။

တောင်ရိုးတို့၏ မော်အေးလင်္ကာတွင် "မြောက်မှာ မြင်းမိုရ်၊ အလယ်ဗဟိုမှာ ခူဝံကြယ်၊ ရှေ့ဝယ်ရှာသော်ဗြမ္မာခေါ်၍ နေသော်ထွက်လာထိုရပ်ကျေးမှာ၊ ဝင်းဝင်းဝါများစွာကြယ်စုံထွက်လို့လာ၊ ဝတီသာဘုံမှာ ဘုရားပွင့်၊ ဒက္ခိဏမှာ နေဝင်၊ မဇ္ဈိမဉတ္တရခေါ်ကြ၊ မြောက်ကျွန်းရပ်၊ အာကာခွင်မှာ နေစကြာ၊ လှည့်လည်ထွန်း" ဟုပါရှိလေရာ ဤအလင်္ကာအရ တောင်ရိုးတို့မှာလည်း ဗုဒ္ဓဘာသာဝင်တို့၏ ယုံကြည်မှုအတိုင်းပင် "လေးကျွန်းတစ်မြင်းမိုရ်" တည်ရှိပုံကို ယုံကြည်သူများဖြစ်ကြောင်း သိရှိနိုင်ပါသည်။

တောင်ရိုးတို့၏ မော်အေးသီချင်းတစ်ပုဒ်တွင် သီပေါမင်းပါတော်မူပုံကို အေးသောက်လခပ်သိမ်းသူနှင့် လူအများတို့ နားထောင်ကြ "ရာဇသခင်မျိုး၊ ပိတ်ဖျင်ထူလို့ ထီးဖြန့်မိုး၊ နန်းရိုးနွယ်ဆက်မင်းတုန်းဖွားတဲ့ သားပန်ဆက်၊ တစ်ထောင့်နှစ်ရာသာသည် လေးဆယ်၊ ဗေဒင်ကိန်းကျဂဏန်းပြမယ်၊ အစွန်းဝယ်ကိုရှု၊ ခုနစ်ခု(နှခု)၊ လုယူလားရေ ဒို့ရာဇဝင်နှင့် ပမာ(ဗမာ)မြို့ကို သူတို့စီးသည့် ပြည်ကြီးသား၊ အမိလှဖပီတာရာဇာသခင်၊ ထီးဖြူအုပ်လို့၊ အရပ်ရှင်အထင်လွှဲလို့၊ အခက်အခပ်နိုင်ဘူးလေး"ဟု ရေးဖွဲ့သီဆိုကြသည်ကို တွေ့ရသည်။ဤအချက်ကို ကြည့်ခြင်းဖြင့် ဗုဒ္ဓဘာသာယုံကြည်မှုကိုအခြေခံ၍ တောင်ရိုးတို့၏စာပေအနုပညာ၊ ယဉ်ကျေးမှု၊ အဆင့်အတန်းမြင့်ခဲ့ကြောင်း သိသာပါသည်။

**တောင်ရိုးတို့၏ မော်အေးပွဲ**

မော်အေးချင်းသည် ဧချင်း၊ လင်္ကာ၊ သီချင်း၊ ဖွဲ့နွဲ့သီဆိုခြင်း ဖြစ်သည်။ အထက်ဖော်ပြပါ ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်၊ ကျေးလက်ဓလေ့နှင့် ကိုယ်ရည်သွေးမှုများကို ဧချင်း၊ လင်္ကာ၊ မောင်ဖွဲ့၊ မယ်ဖွဲ့၊ အသွင်ဖွဲ့ နွဲ့ကြခြင်းဖြစ်သည်။ ထိုသို့ဖွဲ့နွဲ့ပြီး ဘုရားပွဲ၊ အလှူပွဲတို့တွင် သီဆိုကာ ဟောပြောခြင်းကို "မော်အေးပွဲ"ဟုခေါ်သည်။ ဤသို့ စာပေအလှရတနာများကို တင့်ဆန်းဝေဆာအောင် ခြယ်သတန်ဆာဆင်ဖွဲ့နွဲ့ ဟောပြောခြင်းပင်ဖြစ်သည်။

မော်အေးသူကိုရှမ်းစကားဖြင့် "မော်ကွမ်းလုံ" ဟုခေါ်သည်။ မော်=စာဟောကျွမ်းကျင်သူ၊ စာဂွမ်း=စကား၊ လုံ=မြင့်မြတ်ကြီးကျယ်ခြင်း ဟုအဓိပ္ပာယ်ရသည်။ မော်စာဂွမ်းလုံကို မော်ကွမ်းလုံဟု ခေါ်ခြင်းဖြစ်သည်။ စာပေဟောကျွမ်းကျင်သည့် မြင့်မြတ်သောပုဂ္ဂိုလ်ဟု အဓိပ္ပာယ်မည်၏။ မော်အေးဆရာမှာ မြန်မာကွက်စိပ်ဟောဆရာနှင့် တူလှသည်။ ဇာတ်နိပါတ်များကို တန်ဆာဆင်ဖွဲ့နွဲ့ပြီး ဘုရားပွဲ၊ အလှူပွဲများတွင် မော်ကွမ်းလုံက ရသမြောက်စွာ သီဆိုဟောပြောသည့်ပွဲကို တောင်ရိုးတို့က "မော်အေးပွဲ"ဟု ခေါ် ခြင်းဖြစ်သည်။

မော်အေးပွဲတွင် မော်ကွမ်းလုံက မော်အေးလင်္ကာကို ရသမြောက်စွာ ဟောပြောသီဆိုကြသည့် စာပေအနုပညာကြီးကျယ်ခမ်းနားမှုတို့သည် တောင်ရိုးတို့အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာတို့ကို မြင်တွေ့ရုံနှင့် ခန့်မှန်းသိရှိနိုင်ပါသည်။ တောင်ရိုးတို့၏ သမိုင်းကြောင်း၊ ဘာသာစကား၊ ရိုးရာယဉ်ကျေးမှုနှင့် စာပေအနုပညာတို့ကိုလက်လှမ်းမီသမျှ စုစည်းတင်ပြရခြင်း ဖြစ်ပေသည်။ ယခုထက်မက ဖြည့်ဆည်းစရာများ ရှိနေပါဦးမည်။ ရှိလည်းရှိနေပါသေးသည်။ ထို့ကြောင့် တောင်ရိုးတိုင်းရင်းသားများသည် မြတ်စွာဘုရား ဟောကြားတော်မူသော ဓမ္မဒေသနာတော်များကို မော်အေးလင်္ကာများဖြင့် ယခုထက်ပိုမိုဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့်အတူ လောကီပညာရပ်ဖြစ်သည့် ယဉ်ကျေးမှုဓလေ့ထုံးစံနှင့် စာပေအနုပညာရပ်များကိုပါ တောင်ရိုးစာပေဖြင့် ရေးသားဖြန့်ဖြူးခြင်း၊ သင်ကြားပို့ချခြင်းတို့ကို ကြိုးစားပြုလုပ်ပေးကြခြင်းဖြင့် တောင်ရိုးတိုင်းရင်းသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်ကြပါစေ။ ။

***ကိုးကား***

*၁။ တို့တိုင်းရင်းဖွားပြည်ထောင်စုသား -ဦးမင်းနိုင်၊ ဘီအေ*

*၂။ တိုင်းရင်းသားယဉ်ကျေးမှုနှင့်ရိုးရာဓလေ့ထုံးစံ(ရှမ်း)*

*၃။ ဓနုတောင်ရိုး - ဒါရိုက်တာမြင့်မောင်*

*၄။ တောင်ရိုးသမိုင်းရာဇဝင်-တောင်ရိုးလေး(၂၀၀၉)*

*၅။ မြန်မာပြည်လူမျိုးအုပ်စုများစာစောင် - စီစီလုဝစ္စ်*

*၆။ လွမ်းမောမိသည်တောင်ရိုးတို့ဌာနီ-နီငြိမ်း (အညာတက္ကသိုလ်)(နိုင်ငံ့ဂုဏ်ရည်-၁၁၁/၀၉)*

## ရိုးရာယဉ်ကျေးမှု အစဉ်အလာအရ ယွန်းလက်မှုပညာနှင့် ရက်လုပ်ပူဇော်သော သီပေါမြို့နယ်မှ နှီးဘုရားများ

**စိုင်းသာလှိုင်(လိမ္မော်မြေ)**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်သည် ရှေးဟောင်းသမိုင်းဝင်မြို့တစ်မြို့ဖြစ်သဖြင့် တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ ကြည်ညိုဖွယ်ရာများ ပြည့်စုံသောမြို့တစ်မြို့ဖြစ်သည်။ သီပေါမြို့နယ်၏ ဂိုဏ်းချုပ်ဆရာတော်ကြီးများ စဉ်ဆက်မပြတ်ကိုးကွယ်ပူဇော်ခဲ့သည့် တန်ခိုးကြီးဆုတောင်းပြည့် လာဘသိဒ္ဓိမဟာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ကြီးတွင် သီပေါမြို့နယ်၏ နောက်ဆုံးဂိုဏ်းချုပ်သက်တော်ရှည် ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘဝံသ အရှင်သူမြတ်က ယခုအောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် ပဌမနာယက ဘဒ္ဒန္တမိလိန္ဒဆရာတော်ကြီးအား သာသနာတော်အဓွန့်ရှည် ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူများ ဆက်လက်ကိုးကွယ်ဆည်းကပ်ရန် မိန့်ကြားတော်မူခဲ့သည်။

ဆရာတော်ဦးမိလိန္ဒသည် အများပြည်သူတို့ ဖူးမြော်ကြည်ညိုနိုင်ရန် လာဘသိဒ္ဓိမဟာမုနိ(နှီးဘုရား) ဗုဒ္ဓရုပ်ပွားတော်ကြီးအဖြစ် ပုံစံယူ၍ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက် မြတ်စွယ်တော်ဓမ္မာရုံကြီးတွင် တိန်းချေတိန်းစံကျေးရွာနေ ရိုးရာလက်မှု ယွန်းပညာရှင် ဦးစိုင်းဆိုင်မိုင်းကို နှီးဘုရားအဖြစ် ရက်လုပ်ဆောင်ရွက်ရန် တာဝန်ပေးအပ်ခဲ့သည်။

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာလက်မှုပညာနှင့် ယွန်းအနုပညာသည် ကောဇာသက္ကရာဇ် ၇၀၀ ပြည့်နှစ်တွင် မိုင်းခတ်မြို့နယ် မိုင်းနူန်ကျေးရွာ၌ နှီးဖြင့် စတင်ရက်လုပ်ပူဇော်တည်ထား ကိုးကွယ်ခဲ့သည်။ ဉာဏ်တော် ကိုးတောင်ရှိ နှီးဘုရားကို သိကြားမင်းက လူအသွင်ဖန်ဆင်း၍ ကူညီရက်လုပ်ပူဇော်ခဲ့သည်ကို အခြေပြုပြီး ရှမ်းဘာသာစကားဖြင့် "ဘုရားအင်းအမ်"ဟု မှည့်တွင်ခဲ့သည့် ကာလမှစကာ ပုဂံခေတ် ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ ပြန့်ပွားခဲ့သည်။ ဘုရားအင်းအမ်ဆိုသည်မှာ သိကြားမင်းက ရက်လုပ်သောဘုရားဟု အဓိပ္ပာယ်ရသည်။

အဆိုပါ လာဘသိဒ္ဓိမဟာမုနိနှီးဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို သီပေါမြို့နယ် တိန်းချေတိန်းစံကျေးရွာနေ နှီးဗိသုကာပညာရှင် ဦးဘိုးနီ၊ ဦးစိုင်းဆိုင်မိုင်း၊ ဦးသောမန၊ ဦးသိန်းဝင်း၊ ဦးကြာထွန်းနှင့် ဦးစိုင်းအောင်ညွန့်တို့က ၂၀၀၁ ခုနှစ်တွင် အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ စတင်ရက်လုပ်ပူဇော်ခဲ့ပြီး ဘုရားရက်လုပ်ခြင်းမစတင်မီ တောတောင်ထဲတွင် ဘုရားပွဲ၊ ဆီမီးနံ့သာအမွှေးတိုင်များ ထွန်းညှိ၍ ဆရာတော်၊ သံဃာတော်များထံ သီလခံယူဆောက်တည်ခြင်း၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ သမ္မာဒေဝနတ်ကောင်း နတ်မြတ်များကို မေတ္တာပို့အမျှဝေပြီးမှ ဝါးကို စတင်ခုတ်ယူရကြောင်း သိရသည်။

လာဘသိဒ္ဓိမဟာမုနိဘုရား ဗုဒ္ဓရုပ်ပွားတော်ကြီးနှစ်ဆူ၏ ဉာဏ်တော်အမြင့်မှာ ခုနစ်ပေနှင့် အနံငါးပေရှိပြီး ရှင်သီဝလိရဟန္တာမထေရ်မြတ်နှစ်ဆူ၏ ဉာဏ်တော်အမြင့်မှာ ငါးပေ၊ အနံနှစ်ပေ ခြောက်လက်မရှိသည်။

နှီးဗိသုကာပညာရှင်ဆရာဦးစိုင်းဆိုင်မိုင်း၏ ကနဦးသင်ကြားပြသပေးသော ဆရာမှာ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်၏ ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တမိလိန္ဒ အရှင်မြတ်ပင်ဖြစ်သည်။

ယွန်းဗိသုကာပညာရှင်ဆရာ ဦးစိုင်းဆိုင်မိုင်း ရက်လုပ်ပူဇော်ခဲ့သော နှီးဘုရားဗုဒ္ဓရုပ်ပွားတော်များမှာ သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ နှစ်ဆူ၊ သီပေါမြို့နယ် နမ့်အွန်အုပ်စု နားလန်းကျေးရွာ၌ တစ်ဆူ၊ တရုတ်နိုင်ငံ ဝမ်တိန်နှင့် မိုင်းလှတွင် နှစ်ဆူ၊ ကျောက်မဲနတ်စလင်းကျောင်းတိုက်၌ ၁၃ ဆူ၊ အောင်မင်္ဂလာဘိုးတော်ကျောင်း ရှင်သီဝလိရဟန္တာ တစ်ဆူ၊ ကချင်ပြည်နယ် ဗန်းမော်မြို့၌ တစ်ဆူ၊ ရွှေကူမြို့ဘုန်းတော်ကြီးကျောင်းတိုက်၌ တစ်ဆူ၊ သီပေါ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ လာဘသိဒ္ဓိ လေးဆူ၊ မဟာမုနိနှီးရုပ်ပွားတော်ကြီး နှစ်ဆူနှင့် ရှင်သီဝလိ နှစ်ဆူ စုစုပေါင်း ၂၅ ဆူ ဖြစ်ကြောင်း သိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော်သည် သာသနာတော် ထွန်းကားပြန့်ပွားရေးနှင့် အဓွန့်ရှည်တည်တံ့ရေးတို့အတွက် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံပြီး သာသနာ့တာဝန်များကို အခါမလပ် စွမ်းအားရှိသရွေ့ ကျင့်ကြံကြိုးပမ်းအားထုတ်လျက်ရှိရာ လာဘသိဒ္ဓိမဟာမုနိနှီးဘုရား ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှစ်ဆူနှင့် ရှင်သီဝလိရဟန္တာမထေရ်မြတ် နှစ်ဆူတို့ကို လားရှိုးမြို့နယ်နှင့် ကျောက်မဲမြို့နယ်တို့မှ ဗုဒ္ဓနွယ်ဝင်တိုင်းရင်းသားပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ဗုဒ္ဓပူဇာအဖြစ် လှူဒါန်းထားရှိသဖြင့် အခါအခွင့်ကြုံကြိုက်ပါက လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသတည်း။ ။

# တောင်ရိုးလူမျိုးတို့၏ မော်အေးလက်ာနှင့် မော်အေးပွဲ

**မောင်မောင်ကျော့(ပလက်ဝ)**



### တောင်ရိုးလူမျိုး

ရှမ်းပြည်နယ်တောင်ပိုင်း ပင်းတယ၊ ပွေးလှဒေသမှ တောင်ရိုးလူမျိုးတို့မှာ တောင်တန်းတောင်ရိုးတွင် နေထိုင်ကြသည်ကို အစွဲပြု၍ တောင်ရိုးဟု ခေါ်ခြင်းဖြစ်သည်။ အနော်ရထာမင်းလက်ထက် ပေါက္က-ဧည့ဝတီ တိုက်ပွဲတွင် ရခိုင်လူမျိုးများကိုခေါ်ဆောင်၍ တောင်တန်းတောင်ရိုးများတွင် နေထိုင်ခြင်းပြုခဲ့ရာမှ တောင်ရိုးလူမျိုးခေါ်တွင်ခဲ့သည်ဟု အဆိုရှိသည်။

အချို့သမိုင်းပညာရှင်များက အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်စဉ်က ရှမ်းပြည်အထိရောက်ခဲ့သည်။ အလောင်းစည်သူမင်းကြီး၏ တပ်နှင့်ပါလာသော ရခိုင်စစ်သည်တို့က ပင်းတယ၊ ပွေးလှဘက်အရောက်တွင် ထိုနယ်မြေ၌ နေခွင့်တောင်းကာ နေရစ်ခဲ့သူများကို တောင်ရိုးလူမျိုးခေါ်သည်ဟု သမိုင်းစာအုပ်တွင် ဖတ်ရသည်။ ထို့ကြောင့် "တောင်ရိုးအစရခိုင်က" ဟု ဆိုသည်။ အချို့က "တောင်ရိုးအစထားဝယ်က" ဟုလည်း ပြောကြသည်။ ထိုသို့ပြောဆိုကြသည်မှာ ရခိုင်စကား၊ ထားဝယ်စကားများနှင့် များစွာနီးစပ်လွန်း၍ ဖြစ်သည်။

တောင်ရိုးတို့သည် ရွာငံ(ပင်းတယ၊ ပွေးလှဒေသ)၊ ပင်လောင်း၊ ကလော စသော မြို့နယ်အသီးသီးတို့တွင် ဓနု၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းတို့နှင့် ရောနှောနေထိုင်ကြသည်။ ခားပြား၊ ကူးကော်၊ ချုတ်ချက်၊ တွင်းကုန်း၊ အင်းပက်လက်၊ ပွင့်လန်း၊ တမ်ရာကျေးရွာများရှိရာ တောင်ကြောသည် တောင်ရိုးသွေးချင်းတို့ စံပျော်ရာ ကျေးရွာတို့ဖြစ်ကြသည်။ နီငြိမ်း(အညာတက္ကသိုလ်)က သူ၏ဆောင်းပါး တစ်ပုဒ်တွင် ရှမ်းပြည်နယ်၌ တောင်ရိုးလူမျိုး တစ်သိန်းကျော်ရှိသည်ဟု ဖော်ပြထားသည်။

**ဆင်းသက်ပေါက်ဖွားတောင်ရိုးတိုင်းရင်းသား**

တောင်ရိုးလေးစံပျော် (၂၀၀၉)ပြုစုရေးသားသည့် တောင်ရိုးရာဇဝင်တွင် တောင်ရိုးလူမျိုးများ ဆင်းသက်လာပုံနှင့် စပ်လျဉ်း၍ အရိမဒ္ဒနပေါက္ကံရာမ ပုဂံဘုရင် တန်နက်မင်းကြီး၏ မိဖုရားကြီးသည် တန်နက်မင်းအား စလေငခွေးလုပ်ကြံ၍ ငခွေးမင်းဖြစ်သောအခါ ငခွေးက မိဖုရားမြှောက်စားမှုကို မလိုလားသဖြင့် တန်နက်မင်း၏မိဖုရားကြီးသည် ပဋိသန္ဓေကိုယ်ဝန်ဖြင့် အခြွေအရံများခေါ်ဆောင်၍ နောင်နန်းလိုဏ်ဂူချောင်းဖြူအရပ်သို့ ရှောင်တိမ်းခဲ့သည်။ နောင်နန်းလိုဏ်ဂူချောင်းဖြူအရပ်သည် ရှမ်းပြည်တောင်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီး သာစည်နယ်စပ်ဒေသပင်ဖြစ်ပေသည်။

တန်နက်မင်း၏ မိဖုရားကြီးသည် ထိုအရပ်မှာပင် သားတော်တစ်ပါးဖွားမြင်တော်မူသည်။ ၎င်းသားတော်ကို တောင်ရိုးတို့က ဖိုးဆော်ဟု ခေါ်သည်။ တန်နက်မင်း၏ မိဖုရားကြီးမှာ ဧည့ဝတီ ရခိုင်ပြည့်ရှင်မင်းကြီးတစ်ပါး၏ သမီးတော်ဟု ဆို၏။ ထိုမိဖုရားနှင့် အတူလိုက်ပါလာသော အခြွေအရံများသည် ရခိုင်လူမျိုးတို့ပင်ဖြစ်သည်ဆို၏။ ထိုရခိုင်လူမျိုး အခြွေအရံများသည် နောင်နန်းလိုဏ်ဂူချောင်းဖြူအရပ်ရှိ တောင်ကုန်းတောင်ရိုးတို့တွင် တောင်၊ ယာစိုက်ပျိုးရေး လုပ်ကိုင်နေထိုင်ကြရင်း အချိန်ကာလကြာညောင်းလာသောအခါ မိဖုရားကြီးနှင့် အခြွေအရံများကို တောင်ရိုးပျော်-တောင်ရိုးလူမျိုးဟု မှည့်ခေါ်ခဲ့ကြသည်ဟု ပါရှိပါသည်။ ဤရာဇဝင်အဆိုအရ တောင်ရိုးလူမျိုးတို့သည် ရခိုင်လူမျိုးတို့မှ ဆင်းသက်လာသူများဖြစ်သည်ဟု ယုံကြည်ကြကြောင်း တွေ့ရသည်။

တောင်ရိုးအမျိုးအနွယ်နှင့် စပ်လျဉ်း၍ သုတေသီများက အမျိုးမျိုးယူဆခဲ့ကြသည်။ အချို့က ပုဂံ-မြန်မာစကားပုံ အသုံးအနှုန်းကို ပြောဆိုကြ၍ ပုဂံအနွယ်မြန်မာများဖြစ်သည်။ အချို့ကထားဝယ်ဘက်မှ ရောက်ရှိကြသူများဟု ယူဆ၍ "တောင်ရိုးအစထားဝယ်က" ဟု ပြောဆိုကြသည်။ အချို့က ရခိုင်စစ်သည်များ ရောက်ရှိနေထိုင်ကြသူများဖြစ်ကြ၍ ရခိုင်မျိုးရိုးဖြစ်သည်ဟု အဆိုအမိန့်ထားခဲ့ကြပါသည်။ ထို့ကြောင့် ပင်လုံလူငယ်ညီလာခံ တက်ရောက်ခဲ့ကြသော ရခိုင်လူငယ်တို့၏ ဖိတ်ကြားချက်အရ ရခိုင်ပြည်နယ် မြောက်ဦးယဉ်ကျေးမှုနယ်မြေသို့ တောင်ရိုးလူငယ်အဖွဲ့တစ်ဖွဲ့ လာရောက်လေ့လာခဲ့မှုသည် မိမိတို့ဆွေမျိုးရင်းချာများ ပြန်လည်တွေ့ဆုံမှုတစ်ရပ်ဟုပင် မှတ်ယူနိုင်ပါသည်။

မည်သို့ပင်ဆိုစေ မြန်မာ၊ ရခိုင်၊ ထားဝယ်၊ အင်းသား၊ ဓနု၊ တောင်ရိုး စသည်တို့သည် တစ်အူထုံ့ဆင်းများဖြစ်ကြသည့်အပြင် သမိုင်းကြောင်းနှင့် ကံကြမ္မာချင်းပါ ဆက်စပ်ရောယှက်လျက်ရှိကြောင်း ထင်ရှားပေါ်လွင်စေသည်။

### တောင်ရိုးစကား

တောင်ရိုးတို့သည် အသံကွဲမြန်မာစကားတစ်မျိုးပြောဆိုကြသည်။ တောင်ရိုးစကားတွင် မြန်မာ၊ ရခိုင်၊ ထားဝယ် ဝေါဟာရများ ရောနှောလျက်ရှိသည်။ ထို့အပြင် ရှေးပုဂံခေတ်သုံးစကားအချို့ပါ ရောနှောပါဝင်နေရာ တောင်ရိုးစကားကို ရှေးကျသောစကားဟု ဆိုနိုင်သည်။

တောင်ရိုးတို့ စကားပြောဆိုရာတွင် လျှာလိပ်သံနှင့် ပြောဆိုတတ်သဖြင့် ရခိုင်တို့ပြောဆိုသောစကားနှင့် များစွာတူညီလျက်ရှိသည်။ တောင်ရိုးတို့သည် "မြို့" ကို "မရို့"၊ "မြေး" ကို "မရေး" ဟု လျှာလိပ်သံနှင့် ပြောဆိုသည်။ မြန်မာတို့ပြောသော မြန်မာစကားကို တောင်ရိုးတို့ တိတိကျကျနားလည်သည်။ သို့ရာတွင် တောင်ရိုးတို့ပြောသောစကားကို မြန်မာတို့ လုံးစေ့ပတ်စေ့နားမလည်တတ်ကြပေ။ တောင်ရိုးတို့၏ စကားအသုံးအနှုန်းအချို့သည် အသံနေအသံထား၊ လေယူလေသိမ်း ကွာခြားနေမှုတို့ကြောင့်ပင် ဖြစ်သည်။

တောင်ရိုးတို့၏ ဒေသဆိုင်ရာစကားများသည် စိတ်ဝင်စားစရာကောင်း၏။ မြန်မာတို့ တင့်တင့်တယ်တယ်၊ ကျကျနနဟု ပြောဆိုသည်ကို တောင်ရိုးတို့က "ပတောင့်ပတေ" ဟုလည်းကောင်း၊ ခဏခဏဟူသော အပြောကို "တတာခြင်း" ဟူ၍ လည်းကောင်း၊ လည်ဆန့်၍ မျှော်သည်ကို "မောက်သည်" ဟု လည်းကောင်း၊ တစ်နေရာနှင့်တစ်နေရာ အကွာအဝေးကို "ခဲတစ်ပစ်၊ ခွေးတစ်ဟောင်၊ တစ်နေ့ခရီး" စသည်ဖြင့် ပြောကြသည်။ အသွားအပြန်တစ်နေ့ခရီးသွားခြင်းကို "တုံ့ပယ်ပြန်သည်" ဟုပြောဆိုသည်။ မြန်မာတို့က ဟိုနားလေးတင်ပါဟု ပြောသည်ကို တောင်ရိုး

အထူးကဏ္ဍ [ ဂ ] သို့ »»

## ရိုးရာ အာလူးရှမ်းထောင်း

အာလူးကို ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်း ၁၀၀ ကျော်လောက်က စိုက်ပျိုးကြပါတယ်။ အဲဒီနိုင်ငံတွေထဲမှာ အာလူးအများဆုံးစိုက်ပျိုးတဲ့ နိုင်ငံတွေကတော့ တရုတ်၊ ယူအက်စ်အေ၊ အိန္ဒိယ၊ ရုရှားနဲ့ ယူကရိန်းနိုင်ငံတွေဖြစ်ကြပါတယ်။ အာလူးကို စိုက်ပျိုးစားသုံးတဲ့ထဲမှာ မြန်မာနိုင်ငံဟာလည်း အပါအဝင်ဖြစ်ပါတယ်။ စိုက်ပျိုးစားသုံးရုံသာမက ပြည်ပပို့ကုန်အဖြစ် စိုက်ပျိုးတင်ပို့လျက်ရှိပါတယ်။

အာလူးမှာ ဗီတာမင်စီနဲ့ အသားအရေအတွက် ကောင်းမွန်တဲ့ဓာတ်တွေ အများကြီးပါဝင်တာကြောင့် အာလူးကိုစားသုံးကုန်အဖြစ်သာမကဘဲ အလှအပဆိုင်ရာမှာပါ အသုံးပြုလာကြတာကို တွေ့မြင်ရပါတယ်။ ပျက်စီးသွားတဲ့ အသားအရေကို ပြန်လည်ထိန်းသိမ်းရာမှာ အသုံးပြုနိုင်ရုံသာမက ကုန်ဆုံးသွားတဲ့ အားအင်အတွက်လည်း အာဟာရဓာတ်ပြန်လည် ဖြည့်တင်းပေးပါတယ်။ ယခုအပတ်မှာတော့ အင်းရိုးရာ အာလူးရှမ်းထောင်းနည်းကို တင်ပြချင်ပါတယ်။

**ပါဝင်ပစ္စည်းများ**

| | | |
|---|---|---|
| အာလူး | - | ၂၅ကျပ်သား |
| ကြက်သွန်ဖြူ | - | သုံးလုံး |
| ရှမ်းချဉ် | - | အနည်းငယ် |
| ကြက်သွန်ရှမ်းချဉ် | - | အနည်းငယ် |
| မြေပဲဆီ | - | နှစ်ဇွန်း |
| ငရုတ်သီးစိမ်း | - | အနည်းငယ် |
| ငရုတ်သီးအကြော် | - | အနည်းငယ် |
| ဆား | - | အနည်းငယ် |
| ဟင်းခတ်မှုန့် | - | အနည်းငယ် |

**ပြုလုပ်နည်း**





အာလူးကို သန့်စင်အောင်ရေဆေးပြီး ဆားအနည်းငယ်ထည့်ကာ ပြုတ်ထားပါ။ တစ်ဆက်တည်း ကြက်သွန်ဖြူကို အခွံသင်ပြီးလျှင် တစ်ဝက်စီခွဲကာ တစ်ဝက်ကိုထောင်း၍ ငရုတ်သီးအကြမ်းမှုန့်နဲ့ ဆီပူပေးကာ အနည်းငယ်ကြော်ထားပါ။ အာလူးပြုတ်ထားတာ ကျက်၊ မကျက်ကြည့်ပါ။ ကျက်လောက်ပြီဆိုရင် ခဏအအေးခံထားပြီး အာလူးကို အခွံသင်ထားပါ။ ငရုတ်သီးစိမ်းကို ရေဆေးပြီး အခွံသင်ထားတဲ့ ကြက်သွန်ဖြူတို့နဲ့ ငရုတ်ဆုံထဲ ရောထည့်ထောင်းပါ။ တစ်ဆက်တည်း ဆား၊ ဟင်းခတ်မှုန့်တို့ထည့်၊ ကြက်သွန်ရှမ်းချဉ်၊ ရှမ်းချဉ်၊ အခွံသင်ထားတဲ့ အာလူးကိုပါ သမအောင်ထည့်ထောင်းပြီး အရသာမြည်းကာ မိမိနှစ်သက်တဲ့ အနေအထားမှာထားပါ။ ပြီးလျှင် မြေပဲဆီ ထမင်းစားဇွန်းနှစ်ဇွန်းထည့်ကာ သမအောင်ရောထောင်းပြီးပြီဆိုရင်တော့ မိမိတည်ခင်းမယ့် ပန်းကန်ထဲမှာ ပုံသွင်းပြီး အပေါ်က ငရုတ်သီးနဲ့ ကြက်သွန်ဖြူကြော်ဆမ်းကာ ရှမ်းတို့ဟူးကြော်၊ ပူစီနံတို့နဲ့ တွဲဖက်၍ သုံးဆောင်နိုင်ပါတယ်။

**ပရိုသီး**